# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်ထုတ်ဝေသည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (5-2-2016) (၈၄၆၇)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းသွားမည်

စာမျက်နှာ » ၇

## ကမ္ဘာ့ဘဏ်မှ ချေးငွေ ဒေါ်လာ သန်း ၁၀၀ ဖြင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံကိန်းဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ၂၀၁၅-၂၀၂၀ ငါးနှစ်တာကာလအတွင်းတွင် ကမ္ဘာ့ဘဏ်မှ ချေးငွေ ဒေါ်လာ သန်း ၁၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းတွင် လုပ်ငန်းခွဲသုံးခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း၏ ၂၀၁၆ ခုနှစ်အတွက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ စီမံကိန်းကို ၂၀၁၅-၂၀၂၀ ငါးနှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၁၆ ခုနှစ်တွင် အဓိကဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှုများ၊ ရှင်းလင်းမေးမြန်းမှုများကို ကမ္ဘာ့ဘဏ်မှ စီမံကိန်းလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်သွားမည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်များနှင့် စွမ်းဆောင်ရည်များ တည်ဆောက်ခြင်း၊ မိုးလေဝသနှင့် ဇလဗေဒစောင့်ကြည့်အကဲခတ်မှုနှင့် သတင်းအချက်အလက်စနစ်များ ခေတ်မီရန်ပြုပြင်ခြင်း၊ ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာမှု မြှင့်တင်ခြင်း စသည့် လုပ်ငန်းခွဲသုံးခုကို ဆောင်ရွက်သွားမည်ဟု သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❋



## ညောင်တုန်းကျွန်းအနီးအနားရှိ ကျေးရွာများ ရေမနစ်မြုပ်စေရေး မဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်မှု ၈၅ ရာခိုင်နှုန်း ပြီးစီး

**ညောင်တုန်း ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီရွာမကျေးရွာအနီးရှိ ကုက္ကိုဝမြစ်မှ ပေ ၁၀၀၀ အကွာ၌ရှိသော မဲဇလီ(၂)ရေထိန်းတံခါးတည်ဆောက်နေမှုစီမံကိန်းမှာ ယခုအခါ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လာမည့်မတ်လကုန်ပိုင်း၌ အပြီးသတ်တည်ဆောက်မည်ဖြစ်ကာ နိုင်ငံတော်ရန်ပုံငွေ ကျပ် ၄ ဒသမ ၉ ဘီလီယံကျော် ကုန်ကျခံတည်ဆောက်လျက်ရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖


BUSINESS INSTITUTE YANGON
Study accredited EUROPEAN programme at BIY / MHR Centre II
27, မြေညီထပ်၊ အဆောင်(E)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း။ 09 73223 777, 09 777206977
MHR Developing People . Shaping Future
စီးပွားရေးနှင့်သက်ဆိုင်သော Diploma ရရှိထားသူတိုင်းအတွက် BBA
ဘွဲ့ရရှိပြီးသူတိုင်းအတွက် International Executive MBA
MBA (သို့မဟုတ်) စီးပွားရေးနှင့်သက်ဆိုင်သော မဟာဘွဲ့ရရှိပြီးသူတိုင်းအတွက် Doctor of Business Administration DBA

ကြေးမုံ စာ တည်း ရှု ထောင့် ၅-၂-၂၀၁၆၊ သောကြာနေ့

# ခြိမ်းခြောက်လာသည့်ကူးစက်ရောဂါ

ခြင်မှတစ်ဆင့်ပေါက်ပွားလာသည့် ဇီကာဗိုင်းရပ်စ်ပိုးသည် တစ်ကမ္ဘာလုံးအတွက် စိုးရိမ်ဖွယ်ဖြစ်လာသောကြောင့် အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဖေဖော်ဝါရီ ၁ ရက်က သတင်းထုတ်ပြန်လိုက်သည်။ တောင်အမေရိကတွင် ပြင်းထန်သော မွေးရာပါ ချို့ယွင်းချက်များ မြင့်တက်စေသည်ဟု ယူဆရသော ထိုရောဂါပိုးပျံ့နှံ့ခြင်းနှင့် ပတ်သက်၍ အချေအတင်ငြင်းခုန်မှုများပြုလုပ်နေစဉ် ထိုသို့သတင်းထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

တောင်အမေရိကတိုက်တွင် ခြင်မှတစ်ဆင့်ကူးစက်သည့် ဗိုင်းရပ်စ်ပိုး အကြီးအကျယ်ပျံ့နှံ့နေကြောင်းနှင့် ယခုနှစ်အတွင်း အမေရိကတိုက်၌ ကူးစက်ခံရသူ လေးသန်းအထိရှိနိုင်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်က သတိပေးခဲ့သည်။ ထိုရောဂါပိုးကို အနောက်အာဖရိကတွင် ဖြစ်ပွားခဲ့စဉ်က တုံ့ပြန်မှုနှေးကွေးခဲ့သော်လည်း ယခုအခါ အလျင်အမြန်ပျံ့နှံ့လာသဖြင့် ထိုသို့သတိပေးချက် ထုတ်ပြန်ခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် ထိုဗိုင်းရပ်စ်ပိုးကို အပြင်းထန်ဆုံးခံစားခဲ့ရပြီး ကလေးငယ်များတွင် ကူးစက်မှုမြင့်တက်လာခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်နေ့က သတင်းထုတ်ပြန်ချက်အရ အင်ဒိုနီးရှားနိုင်ငံ ဆူမတ်တြားကျွန်းစုတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးကိုတွေ့ရှိခဲ့ရာ စိုးရိမ်ထိတ်လန့်မှု ပိုမြင့်လာခဲ့သည်။ ဆူမတ်တြားကျွန်းစု ဂျမ်ဘီပြည်နယ်တွင် နေထိုင်သော ကူးစက်ခံရသူမှာ အသက် (၂၇) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ပြည်ပသို့ သွားရောက်ဖူးခြင်းမရှိဘဲ ထိုသို့ရောဂါကူးစက်ခံရသဖြင့် အံ့ဩဖွယ်ဖြစ်ခဲ့ကြသည်။

သို့သော် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ထိုင်းနိုင်ငံမြောက်ပိုင်းမှ ထိုင်ဝမ်သို့ရောက်ရှိလာသော ထိုင်းနိုင်ငံသားတစ်ဦးတွင် ထိုရောဂါပိုးကူးစက်ခံထားရကြောင်း ထိုင်းနိုင်ငံကျန်းမာရေးဌာနမှ သတင်းထုတ်ပြန်လိုက်ရာ ကမ္ဘာတစ်ဝန်းကူးစက်ပျံ့ပွားနေသည်ကို အသိအမှတ်ပြုရတော့မည်ဖြစ်သည်။ ထိုရောဂါပိုးမှာ ထိုင်းနိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော်လည်း ကျန်းမာရေးဌာနက အပြင်းအထန်နှိမ်နင်းပေးလျက်ရှိသောကြောင့် ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ရောဂါကူးစက်သူအများဆုံးဖြစ်ပြီး ယမန်နှစ် ဧပြီလနောက်ပိုင်း ရောဂါကူးစက်ခံရသူ ၁ ဒသမ ၅ သန်းကျော်ရှိသည်ဟုသိရသည်။ အမေရိကတိုက်တွင် ရောဂါကူးစက်ပျံ့နှံ့မှု အလွန်မြန်ဆန်နေပြီး ယခုနှစ်အတွင်း ရောဂါကူးစက်သူ သုံးသန်းမှ လေးသန်းအထိရှိနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ လောလောဆယ်တွင် ထိုကူးစက်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် ကြံဆနေဆဲဖြစ်သည်။

အာဖရိကတိုက်တွင် အီဘိုလာရောဂါဖြစ်ပွားစဉ်က လူတစ်သောင်းသေဆုံးခဲ့ရာ ထိန်းချုပ်ကာကွယ်မှုနှေးကွေးခြင်းကြောင့်ဟု ဝေဖန်သုံးသပ်ထားသည်။ ယခုရောဂါဖြစ်ပွားမှုတွင် ကူးစက်သူ လူဦးရေများပြားလာသောကြောင့် သေဆုံးမှုမရှိသေးသော်လည်း အမြန်ထိန်းချုပ်နိုင်အောင် ကြိုးပမ်းသွားမည်ဟု သိရသည်။ ရောဂါကူးစက်ခံရမှုကို အမြန်ဆုံးသိအောင်ပြုလုပ်ပြီး ကာကွယ်ဆေးများ အမြန်ဆုံးထုတ်လုပ်ရန်နှင့် ဖျားနာရောဂါများဖြစ်ပွားပါက ဇီကာဗိုင်းရပ်စ်ပိုး ဟုတ်၊ မဟုတ် လေ့လာစစ်ဆေးသွားမည်ဟု အရေးပေါ်ကော်မတီက သဘောတူထားသည်။

ခြင်မှကူးစက်သောရောဂါများမှာ များပြားလှသဖြင့် တစ်ကမ္ဘာလုံးက အာရုံစိုက်အလေးထားရသော ရောဂါများဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ထိုရောဂါပိုးကူးစက်ခြင်းမခံရသော်လည်း လတ်တလောတွင် ခြင်မှကူးစက်သော ဆင်ခြေထောက်ရောဂါပိုးကာကွယ်ရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံကာကွယ်ပေးနေသည်ကို တွေ့ရသည်။ ထို့အပြင် ရာသီအလိုက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ ကာကွယ်ရေးလုပ်ငန်းများကိုလည်း အမျိုးသားကျန်းမာရေးအသိဖြင့် နှစ်စဉ်ကာကွယ် စောင့်ရှောက်ပေးနေသည်ကို တွေ့ရသည်။

ဝမ်းမြောက်ဖွယ်သတင်းတစ်ရပ်မှာ ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေးကို ရှာဖွေတွေ့ရှိခြင်းပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဇီဝနည်းပညာဆိုင်ရာနိုင်ငံတကာကုမ္ပဏီတစ်ခုက အဆိုပါကာကွယ်ဆေးကို တွေ့ရှိခြင်းဖြစ်ပြီး မူပိုင်ခွင့်ကို တောင်းခံထားသည်ဟု သိရသည်။ ထိုရောဂါပိုးပျံ့နှံ့မှုကို အရေးပေါ်အခြေအနေကြေညာပြီး နောက်တစ်ရက်အကြာတွင် တွေ့ရှိရခြင်းဖြစ်သည်။

သို့ဖြစ်ရာ ယခုတစ်ကမ္ဘာလုံးတပ်လှန့်နှိုးဆော်ထားရသည့် ခြင်မှကူးစက်ဖြစ်ပွားသော ဇီကာဗိုင်းရပ်စ်ပိုးတိုက်ဖျက်ရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံတွင်လည်း ထိုရောဂါပိုးကူးစက်နိုင်ခြင်းမရှိစေရန် သတိပြုရမည်ဖြစ်သည်။ ခြင်မှကူးစက်တတ်သောရောဂါများကို ကြိုတင်ကာကွယ်နေပြီး လက်ရှိကာလတွင်လည်း ကြိုတင်ကာကွယ်တားဆီးထားခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ဇီကာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ရေးအတွက် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နေ

**မန္တလေး ဖေဖော်ဝါရီ ၄**

ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ဖေဖော်ဝါရီ ၂ ရက်တွင် အရေးပေါ်ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီးတွင် ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အထူးကုဆရာဝန်ကြီးများပါဝင်သော စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ပုံက သွေးလွန်တုပ်ကွေးကူးစက်စေတတ်တဲ့ ခြင်ကျားကတစ်ဆင့် ကူးစက်တာဖြစ်လို့ ခြင်ကျားအကိုက်မခံရအောင် ကာကွယ်ရေးက အရေးကြီးပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ ပြည်သူလူထုကပူးပေါင်းပါဝင်ပြီး ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်မှသာလျှင် ဒီဗိုင်းရပ်စ်ပိုးကူးစက်မှုက ကင်းဝေးနိုင်မှာပါ"ဟု တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ လူအင်အားများ ပိုမိုဖြည့်တင်းထားပြီး ပြင်ပနိုင်ငံများမှ ဝင်ရောက်လာသည့် နိုင်ငံခြားသားဧည့်သည်များကို စောင့်ကြပ်လေ့လာကြည့်ရှုမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ဒီရောဂါလက္ခဏာ ခံစားရတဲ့လူတွေမှာ ခုခံအားစနစ်က ခန္ဓာကိုယ်ရဲ့အာရုံကြောစနစ်ကို တိုက်ခိုက်ခံရတာကြောင့်ဖြစ်ပါတယ်။ အသက်အရွယ်မရွေး ဖြစ်နိုင်ခြေရှိပါတယ်။ ဒီရောဂါလက္ခဏာ ခံစားရတဲ့သူတွေမှာ ခြေထောက်တွေနဲ့ လက်တွေထုံကျဉ်ပြီး ကြွက်သားတွေလည်း အားနည်းလာတတ်တယ်။ ပိုပြီးဆိုးရင် အသက်ရှူလမ်းကြောင်းကကြွက်သားတွေ ထိခိုက်ခံရပြီး ဆေးရုံတင်ရတဲ့အထိ ဖြစ်လာနိုင်တယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာ ဒီဗိုင်းရပ်စ်ပိုးဝင်ရောက်ခံရရင် မွေးလာတဲ့ကလေးရဲ့ ဦးခေါင်းမှာ သေးငယ်နေတဲ့(Microcephaiy)ပြဿနာ ခံစားရနိုင်ပါတယ်။ ဦးနှောက်သေးငယ်ပြီးမွေးလာတဲ့ ကလေးတွေဟာ ဦးနှောက်ဖွံ့ဖြိုးမှုမရှိဘဲ လူကြီးဘဝရောက်တဲ့အထိ ဦးနှောက်မဖွံ့ဖြိုးတဲ့သူတစ်ယောက်အဖြစ် ခံစားသွားရနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါရောဂါသည် သွေးလွန်တုပ်ကွေးကဲ့သို့ ခြင်ကျားကိုက်ခြင်းမှ ဖြစ်ပေါ်လာသောရောဂါဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ လက္ခဏာနှင့်ဝေဒနာခံစားရမှုမှာ ပြင်းထန်မှုမရှိသော်လည်း နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်အခြေအနေများမှာ ဆိုးရွားစွာထိခိုက်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်(ရွှေဈေး) ၇၆၈၀၀၀ - ၇၆၈၀၀၀ မန္တလေး(ရွှေဈေး) ၇၆၈၀၀၀ - ၇၆၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၀.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = ၁၈.၈၄၂ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၂၀.၉ | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၈၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၄.၆၂ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆.၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၈၉၅ | (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၇.၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၇.၂၉ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၄.၃၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ပြည်ထောင်စုနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော် မန္တလေးမြို့တွင်ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၄**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပဉ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးစုများ၏ ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၅)လမ်း၊ (၆၆)လမ်းနှင့် (၆၈) လမ်းရှိ ရှမ်းသာရေးနာရေး အသင်းတိုက်တွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက် (ပြည်ထောင်စုနေ့)အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ တအာင်း(ပလောင်)၊ တောင်ရိုး၊ ပအိုဝ်း၊ အင်းသားနှင့် နာဂ တိုင်းရင်းသားလူမျိုးစု ၁၅ ဖွဲ့ ပါဝင်မည်ဖြစ်ကြောင်း ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းပန်ဆိုင်က ပြောသည်။

ဈေးရောင်းပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၅၀ ကျော်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုင်းရင်းသားရိုးရာ အစားအသောက်များ၊ အသုံးအဆောင်များ၊ ဒေသထွက်ကုန်များကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရ သည်။

ဈေးရောင်းပွဲတော် ကာလတွင် တိုင်းရင်းသားလူမျိုးစုများ၏ ဒေသထွက်ကုန်များ၊ ရိုးရာအသုံးအဆောင်များ၊ ရိုးရာအစားအသောက်များ၊ ရိုးရာယဉ်ကျေးမှုအကပဒေသာများကို တစ်နေရာတည်းတွင် လေ့လာနိုင်မည်ဖြစ်ရာ မြို့ခံနှင့်ပြည်တွင်း ခရီးသွားများသာမက နိုင်ငံခြားသား ဧည့်သည်များပါ အထူးစိတ်ဝင်စားသည့် တိုင်းရင်းသားရိုးရာဈေးရောင်းပွဲတော် တစ်ခုဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

## ကော့သောင်းမြို့တွင် သဘာဝဘေးအန္တရာယ်ကာကွယ်မှု ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေး

**ကော့သောင်း ဖေဖော်ဝါရီ ၄**

သဘာဝဘေးအန္တရာယ်ကာကွယ်မှု ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ ပုလုံးတုံးတုံးကျေးရွာအုပ်စု ရွာသာယာကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် မီးဘေးအန္တရာယ်ကျရောက်ပါက သဘာဝဘေးအန္တရာယ် မဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးအချိန် အပိုင်းအခြားအလိုက် ပြည်သူများ ကြိုတင်ပြင်ဆင်ကာကွယ်မှုနှင့် ဆောင်ရွက်ရမည့် သိသင့်သိထိုက်သည်များ၊ ဆောင်ရွက်ရမည့်အစီအမံများ၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကြိုတင်ပြင်ဆင်ရမည့် သိသင့်သိထိုက်သည်များကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ဇီကာ(Zika)ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဇီကာ (Zika) ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဇီကာရောဂါသည် ဇီကာဗိုင်းရပ်စ်ပိုး သယ်ဆောင်သော အေးဒီးစ်ခြင်ကျား ကိုက်ခြင်းမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ကြောင်း၊ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကို ၁၉၄၇ ခုနှစ်တွင် ယူဂန်ဒါနိုင်ငံမှ မျောက်များ၌ စတင် စမ်းသပ်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန်ဒါနှင့် တန်ဇန်းနီးယားနိုင်ငံတို့ရှိ လူများသို့ ကူးစက်မှုရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အမေရိကနှင့် အာဖရိကဒေသတို့တွင် ကပ်ရောဂါ အသွင်ဖြစ်ပွားခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းထိုင်းနိုင်ငံမှာလည်း ၂၀၁၂ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်အထိ ဖြစ်ပွားသူစုစုပေါင်း ခုနစ်ဦးရှိခဲ့ကြောင်း။

ဇီကာရောဂါလူနာများသည် ဖျားခြင်း၊ အနီအကွက်/အစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ကြွက်သားနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရသော်လည်း ရောဂါမပြင်းထန်ပါကြောင်း၊ သို့သော် လတ်တလောတွင် ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ဖြစ်ပွားနေသော ဘရာဇီးနိုင်ငံ၌ ရောဂါ၏ နောက်ဆက်တွဲအဖြစ် ရောဂါပိုးကူးစက်ခံရသော ကိုယ်ဝန်ဆောင် မိခင်များတွင် ဦးနှောက်သေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းနှင့် ပတ်သက်ပြီး ဆက်စပ်မှု ရှိ/မရှိ သက်သေပြနိုင်ရန် ပညာရှင်များ ကြိုးစားလျက်ရှိကြောင်း။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဇီကာရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကမ္ဘာက အရေးပေါ်ဆောင်ရွက်ကြရန် ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဇီကာရောဂါလူနာကို မတွေ့ရှိရသေးသော်လည်း ဇီကာဗိုင်းရပ်စ်ရောဂါပိုး သယ်ဆောင်သော အေးဒီးစ်ခြင်များသည် မြန်မာနိုင်ငံအနှံ့ရှိနေသောကြောင့် ဇီကာရောဂါလူနာတစ်ဦး ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဇီကာ ဗိုင်းရပ်စ်ရောဂါပိုးသည်လည်း တစ်နိုင်ငံလုံးကို ပျံ့နှံ့ရောက်ရှိသွားနိုင်ပါကြောင်း။

အဆိုပါ ဇီကာရောဂါ မြန်မာနိုင်ငံအတွင်း ကူးစက်ရောက်ရှိမလာစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံး၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဇီကာရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော နှီးနွှယ်ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစည်းအဝေးတွင် ဇီကာရောဂါပိုး ဖြစ်ပွားမှုနှင့် ပတ်သက်၍ ထောက်လှမ်းစောင့်ကြပ်ကြည့်ရှုသည့်စနစ်အား အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ ခြင်ကျားလောက်လမ်းနှိမ်နင်းရေးကို လူထုလှုပ်ရှားမှု ရက်သတ္တပတ်ပုံစံဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရန်၊ ဇီကာရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ ညီလာခံတစ်ရပ်အမြန်ကျင်းပပြီး ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ ပြုစုဖော်ထုတ်ရန်၊ ဇီကာရောဂါဆိုင်ရာ ဓာတ်ခွဲစမ်းသပ် အတည်ပြုနိုင်ရန်အတွက် လိုအပ်သော ပစ္စည်းများကို အမြန်ရရှိရေးဆောင်ရွက်ရန်၊ နှီးနွှယ်ဆက်စပ်နေသော ဌာနဆိုင်ရာအားလုံးနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပါဝင်ဆောင်ရွက်ကြစေရေးအတွက် နှိုးဆော်ဆောင်ရွက်ရန် စသည်တို့ကို သဘောတူညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**(သတင်းစဉ်)**

---

## ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒီးစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါ ရောဂါပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန်ဒါနိုင်ငံရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန်ဒါနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံများတွင် လူသို့ကူးစက်မှုရှိခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် ၂၀၁၂ ခုနှစ်က စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်အထိဖြစ်ပွားသူ စုစုပေါင်း ခုနစ်ဦးရှိကြောင်းသိရှိရပါသည်။

ဇီကာဗိုင်းရပ်စ်သယ်ဆောင်သော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသောအိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက်စသည်တို့တွင် တွေ့ရသည်။ နေ့အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားစေပါသည်။ ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်လာနိုင်ပါသည်။ ရောဂါကူးစက်ခံရသူငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာပေါ်ပေါက်ကြောင်း သိရှိရပါသည်။

အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင် အနီစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သား/အဆစ်များ နာကျင်ခြင်းများဖြစ်တတ်ပါသည်။ လတ်တလောတွင် ဘရာဇီးနိုင်ငံ၌ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားခြင်း၏ နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဦးနှောက်သေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းအပေါ် ဆက်စပ်မှု ရှိ/မရှိ သက်သေပြနိုင်ရန် ပညာရှင်များအနေဖြင့် ကြိုးစားလျက်ရှိပါသည်။

ဇီကာရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာသက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ အနားယူခြင်း၊ ရေလုံလောက်စွာသောက်သုံးခြင်း၊ ဆေးမြီးတိုများနှင့် အခြားအကိုက်အခဲပျောက်ဆေးများကို မသောက်ရန်၊ ပါရာစီတမော့ကိုသာ အညွှန်းအတိုင်းသောက်သုံးရန်နှင့် ဇီကာရောဂါလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ/ဆေးခန်းများသို့ သွားရောက်ပြသ၍ စစ်ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။

ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ခြင်ကိုက်ခံရခြင်းမရှိအောင် နေထိုင်ရေးဖြစ်ပါသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရုံးဌာနတိုင်း၌ ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

- ဖုံး - ရေလှောင်ထားသော အိုးခွက်များတွင် ခြင်များဝင်ရောက်မဥနိုင်ရန် လုံခြုံစွာဖုံးအုပ်ထားရန်
- သွန် - အိုးခွက်နံရံတွင် ကပ်နေသော ခြင်ဥများသေစေရန် အိုးခွက်များ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောရန်၊ ခြင်ကျားလောက်လမ်းတွေ့ရှိသော ရေများကို သွန်ပစ်ရန်(သို့မဟုတ်) အခြားအိုးထဲသို့ ရေစစ်ဖြင့် ပြောင်းထည့်ရန်
- လဲ - ပန်းအိုး၊ နတ်အိုးများ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြော၍ ရေများကို တစ်ပတ်နှစ်ကြိမ်လဲလှယ်ရန်
- စစ် - ခြင်ကျားလောက်လမ်းများ မပါစေရန် ရေဖြည့်သည့်အခါ ရေစစ်ဖြင့် စစ်ထည့်ရန်
- လောင်း - ရေထည့်ထားသော ကြောင်အိမ်အောက်ခံခွက်များနှင့် ရေမြောင်းများတွင် ဒီဇယ်ဆီနှင့် စက်ဆီဟောင်းများလောင်းထည့်ရန်
- ထောင် - ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ် ခြင်ထောင်ထောင်အိပ်ရန်၊ တတ်နိုင်က ဆေးစိမ်ခြင်ထောင်အသုံးပြုရန်
- မြှုပ် - အသုံးမပြုတော့သော ရေတင်ကျန်နေသည့် စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ရန်
- ရှင်း - အိမ်အတွင်း၊ အပြင်ခြင်များမခိုအောင်းနိုင်ရန် သန့်ရှင်းစွာထားရန်၊ ချုံများရှင်းရန်
- ဖွင့် - အလင်းရောင်ရရန် ပြတင်းပေါက်များကိုဖွင့်ထားရန်
- မှုတ် - လူနာရှိက ဆေးမှုတ်မည့်အဖွဲ့ကိုကူညီရန်

ထို့အပြင် ခြင်ကိုက်မခံရစေရန် ခြင်ဆေးလိမ်းခြင်း၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေအိမ်၌ ခြင်လုံဆန်ခါတပ်ခြင်း စသည်တို့ဆောင်ရွက်ရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် ဖုံး၊ သွန်၊လဲ၊ စစ် စသည့်ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဇီကာရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုမရှိအောင် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

**◆ ရွှေဖုံးမှ**

အဆိုပါ မဲဇလီရွာမကျေးရွာအနီးရှိ မဲဇလီ(၂)ရေထိန်းတံခါးအား ၂၀၁၅ ခုနှစ် မေလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေထိန်းတံခါး၏အလျားမှာ ၂၁၆ ပေဖြစ်၍ အနံမှာ ၁၃၃ ပေဖြစ်ကာ အကျယ်မှာ ၆ ပေရှိပြီး အမြင့်မှာ ၈ ပေရှိမည်ဖြစ်သည်။ ရေထိန်းတံခါး၏ အထက်ပိုင်းနှင့် အောက်ပိုင်းအရွယ်အစားအား Flap Gates ၆ ပေ × ၈ ပေ ၁၄ ပေါက် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုးရာသီကာလ ရေဘေးကာကွယ်ရန်အတွက် ၁၅ ပေခွဲ နှင့် ၁၀ ပေခွဲ စက်ဝိုင်းပုံသဏ္ဍာန်ဂိတ်ဖြစ်သော RADIAL GATE ၇ ပေါက်ဖြင့် ထိန်းကာတည်ဆောက်သွားမည်ဖြစ်သည်။ ရေထိန်းတံခါး၏ အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်းသိရသည်။

မဲဇလီ (၂) ရေထိန်းတံခါးတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ တူးဖော်ပြီးစီးသွားသည့် ပန်းလှိုင်မြစ်အား သဲ၊ နုန်းမပို့ချစေရန်အတွက်လည်းကောင်း၊ ညောင်တုန်းကျွန်းမှ စီးဆင်းလာမည့် မြစ်ရေများကြောင့် အနီးအနားရှိကျေးရွာများ ရေမနစ်မြုပ်စေရေးအတွက် ရေဘေးကာကွယ်ခြင်းဖြင့်လည်းကောင်း၊ မိုးစပါးအပြင် နွေရာသီကာလ၌ ပန်းလှိုင်မြစ်အား ရေချိုများထိန်းသိမ်းပြီး မြစ်ကြောင်းတစ်လျှောက် ဝဲ/ယာရှိကျေးရွာများမှ ပြည်သူများ နွေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းစေရန်အတွက် တည်ဆောက်ခြင်းဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက "ပန်းလှိုင်မြစ်ကြီး ပြန်လည်တူးဖော်ပြီးတဲ့အခါမှာ အနီးအနားရွာများမှာ ရေကြီးနစ်မြုပ်မှုတွေမဖြစ်တော့ပါဘူး။ ဒီမဲဇလီ(၂)ရေထိန်းတံခါးတည်ဆောက်ပြီးစီးသွားပြီဆိုရင် အနီးအနားရွာတွေက တောင်သူတွေ သီးနှံအထွက်တိုးလာပါလိမ့်မယ်။ ပြီးတော့ တောင်သူတွေရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာပါ။ ရေထိန်းတံခါးအပေါ်မှာလည်း တံတားပါတဲ့အတွက်ကြောင့် ကျေးရွာများမှ ပြည်သူတွေဟာ တစ်ရွာနဲ့တစ်ရွာ ကူးသန်းသွားလာရာမှာလည်း လွယ်ကူသွားပါလိမ့်မယ်"ဟု လုပ်ငန်းခွင်အတွင်းရှင်းပြသည်။

မဲဇလီ(၂)ရေထိန်းတံခါးတည်ဆောက်ပြီးစီးပါက မိုးတွင်းကာလ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေထိန်းတံခါးဖြင့် ထိန်းသိမ်းပေးသွားမည်ဖြစ်ပြီး နွေရာသီစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးအတွက် ဒီဇင်ဘာလမှ မေလအထိ ကျေးရွာများ ရေရရှိရေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ရေထိန်းတံခါးတည်ဆောက်လိုက်ခြင်းကြောင့် ရေဘေးကာကွယ်သည့်လယ်ဧက ၁ သိန်း ၂ သောင်းရှိလာမည်ဖြစ်ပြီး အနီးအနားကျေးရွာပေါင်း ၂၀ ကျော်မှ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော တောင်သူများ၏ လယ်ဧက ၄၀၀၀၀ ကျော်အား ရေပေးဝေနိုင်တော့မည်ဖြစ်သည်။

ထို့ပြင် လာမည့် ၂၀၁၇-၂၀၁၈ ခုနှစ်၌ နယ်သာလန်နိုင်ငံမှ နည်းပညာအကူအညီရယူကာ မြန်မာအင်ဂျင်နီယာများဖြင့် လှိုင်မြစ်ဝအနီး၌ ရေထိန်းတံခါးတစ်ခု တည်ဆောက်ရန်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထပ်မံသိရသည်။

"ဒီမဲဇလီ (၂) ရေထိန်းတံခါးကြီးရဲ့ ရေတံခါးအမြင့်ကို ၂၄ ပေနဲ့တည်ဆောက်ထားပါတယ်။ အဓိကကတော့ ရေထိန်းတံခါးကြီး ရေရှည်တည်တံ့ခိုင်မြဲစေဖို့အတွက် ကျွန်တော်တို့ဌာနပိုင်းဆိုင်ရာကတော့ သတ်မှတ်ချက်တွေနဲ့အညီ ဝန်ထမ်းအင်အားများကို အသုံးပြုပြီး ထိန်းသိမ်းဆောင်ရွက်သွားမှာပါ။ ကျေးရွာများက ဒေသခံတွေကလည်း ငါးဖမ်းခြင်း၊ ယင်းထောင်ခြင်းနဲ့ တမံတုတ်တာတို့ကို မလုပ်စေချင်ပါဘူး။ တမံတုတ်ထားတာတွေကို ပြန်မသိမ်းနိုင်တော့ မြစ်တိမ်ကောမှုကိုဖြစ်ပေါ်စေပါတယ်။ ပြည်သူတွေဘက်ကတော့ ပန်းလှိုင်မြစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေဖို့အတွက် လိုက်နာစေချင်ပါတယ်"ဟု ၎င်းက ထပ်မံသုံးသပ်ပြောကြားသည်။

ပန်းလှိုင်မြစ်ပေါ်ရှိ ရေထိန်းတံခါး ၉ ခုအား ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း၊ မဲဇလီ (၁) ရေထိန်းတံခါးကိုလည်း ၁၉၈၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ကြောင်း၊ ပန်းလှိုင်မြစ်နှင့်လှိုင်မြစ်ဆုံရာ အထက်ပိုင်းနေရာ၌လည်း လက်ရှိတည်ဆောက်နေသည့် မဲဇလီ (၂) ရေထိန်းတံခါးထက် ပိုမိုကြီးမားသော ရေထိန်းတံခါးကြီးတစ်ခုအား နယ်သာလန်နိုင်ငံမှ နည်းပညာဖြင့် တည်ဆောက်ရန်စီစဉ်ထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေထိန်းတံခါးအကြီး၊ အသေး စုစုပေါင်း ၁၂၃ ခုရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေထိန်းတံခါးအကြီး၊ အသေး စုစုပေါင်း ၁၈၉ ခုရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

**သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)**

# ဆီးရီးယားငြိမ်းချမ်းရေးညီလာခံ တတိယအကျော့ ဆွေးနွေးပွဲဆိုင်းငံ့



**ဂျီနီဗာ ဖေဖော်ဝါရီ ၄**

ယခုရက်သတ္တပတ်အစောပိုင်းက စတင်ဖွင့်လှစ်လိုက်သော ဆီးရီးယားငြိမ်းချမ်းရေးညီလာခံ၏ တတိယအကျော့ ဆွေးနွေးပွဲကိုဖေဖော်ဝါရီ ၃ ရက်ညမှစ၍ ခေတ္တဆိုင်းငံ့ထားလိုက်ကြောင်း ကုလသမဂ္ဂ၏ ဆီးရီးယားဆိုင်ရာ အထူးသံတမန် ဒီမစ္စတူရာ**(ယာပုံ)**ကထုတ်ပြန်ကြေညာသည်။

တစ်ကမ္ဘာလုံးက အာရုံစိုက်ကာ လေ့လာစောင့်ကြည့်ခဲ့ကြရသော ဆီးရီးယားငြိမ်းချမ်းရေးညီလာခံကို ဖေဖော်ဝါရီ ၂၅ ရက် ထက်နောက်မကျဘဲ ပြန်လည်ကျင်းပနိုင်ရန် ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆီးရီးယားဆိုင်ရာ အထူးသံတမန်၏ရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့် သုံးရက်တာကာလအတွင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ဆွေးနွေးပွဲလုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာရပ်များရှိနေခြင်းကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ခေတ္တဆိုင်းငံ့ထားရခြင်းဖြစ်သည်ဆို၏။

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကြောင်း ကုလသမဂ္ဂအထူးသံတမန်က ထုတ်ပြန်ကြေညာခဲ့သည်။ သုံးရက်တာ ကျင်းပခဲ့သော ဆွေးနွေးပွဲသို့ ဆီးရီးယားအစိုးရအဖွဲ့နှင့်အတိုက်အခံအုပ်စုတို့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲမှာ ကြိုတင်ပြင်ဆင်မှုအဆင့်တွင်သာရှိနေဆဲဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်အဖွဲ့၏ခေါင်းဆောင် ဘရှားဂျာဖာရီက ပြောကြားသည်။

ဆွေးနွေးပွဲဆိုင်းငံ့ခဲ့ရခြင်းအတွက် မိမိစိတ်ပျက်ခြင်းမရှိသော်လည်း စိန်ခေါ်မှုအများအပြားနှင့်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ကုလသမဂ္ဂ အထူးသံတမန်က ပြောကြားသည်။

**ရိုက်တာ။**

# ဂြိုဟ်တုပစ်လွှတ်စမ်းသပ်မည့်အစီအစဉ်ကို တားမြစ်ရန် ပြံုယမ်းအား တိုက်တွန်းမည်



**ကျိုတို ဖေဖော်ဝါရီ ၄**

ဂျပန်၊ မလေးရှား၊ စပိန်နှင့် ယူကရိန်းနိုင်ငံများအပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ ၁၀ နိုင်ငံက မြောက်ကိုရီးယား၏ ဂြိုဟ်တုပစ်လွှတ်စမ်းသပ်မည့်အစီအစဉ်ကို ထိန်းချုပ်တားမြစ်နိုင်ရန် ပြံုယမ်းအား အတူတကွ တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း ယနေ့ သဘောတူညီခဲ့ကြသည်။

ပြံုယမ်းက ဂြိုဟ်တုတစ်လုံးစမ်းသပ်ပစ်လွှတ်ရန် မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါဂြိုဟ်တုကို ပဲ့ထိန်းစနစ်ဖြင့်ပစ်လွှတ်ပြီးနောက် အလွတ်ပျံသန်းပြီး ကျရောက်နိုင်သော ဒုံးလက်နက်ကိုပါ ထည့်သွင်းစမ်းသပ်မည်ဟု ယုံကြည်ရသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဆိုင်ဂျီ ကီဟာရာက ကုလလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများ၏ သံအမတ်ကြီးများနှင့် တိုကျိုမြို့တွင် တွေ့ဆုံစည်းဝေးစဉ် အထက်ပါသဘောတူညီမှုကို ရရှိခဲ့ကြသည်။ ပြံုယမ်းအနေဖြင့် ဒုံးလက်နက်ထပ်မံစမ်းသပ်မှု ပြုလုပ်ပါက ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များကို ယခင်ချိုးဖောက်ရာ ရောက်မည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ကနဦးအဖွင့်စကားပြောကြားပြီး အစည်းအဝေးကို စတင်ခဲ့သည်။ ကုလသမဂ္ဂအမြဲတမ်း အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ၁၀နိုင်ငံက ပြံုယမ်းအား ဂြိုဟ်တုလွှတ်တင်စမ်းသပ်မှုကို ထိန်းချုပ်တားမြစ်ရေးအတွက် အပြင်းအထန် တိုက်တွန်းပြောကြားကြမည်ဟု သဘောတူညီခဲ့ကြသည်။

မကြာသေးမီက ပြံုယမ်း၏ နျူကလီးယားလက်နက်စမ်းသပ်ခဲ့ပြီးနောက် ပြံုယမ်းအား စီးပွားရေးပိတ်ဆို့မှုများ အသစ်ထပ်မံပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တံခါးပိတ်အစည်းအဝေးကျင်းပလျက်ရှိသည်။

ဂျပန်၊အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း ပြံုယမ်းအား စမ်းသပ်မှု အသစ်ထပ်မံမပြုလုပ်ရန် တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# မြောက်ကိုရီးယား၏ တာဝေးပစ်ဒုံးကျည်ကိုခြေရာခံရန် တောင်ကိုရီးယားတပ်မတော် အဆင်သင့်ရှိနေ

**ဆိုးလ် ဖေဖော်ဝါရီ ၄**

တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုတစ်ခုအဖြစ် ရှုမြင်ခြင်းခံထားရသည့် ဖေဖော်ဝါရီ ၈ ရက်နှင့် ၂၅ရက်အတွင်း ပစ်လွှတ်ရန် မြောက်ကိုရီးယားနိုင်ငံက စီစဉ်နေသော ဂြိုဟ်တုတစ်စင်းကို ခြေရာခံမည့် တောင်ကိုရီးယားတပ်မတော်၏ ကြိုတင်ပြင်ဆင်မှုများ ပြီးစီးပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မွန်းဆန်ကျွန်းက ယနေ့ ပြောကြားသည်။

"ဒုံးကျည်တွေကို ဟန့်တားခြေရာခံဖို့ စစ်ဘက်ဆိုင်ရာဖြန့်ကြက်မှုအားလုံး ကျွန်တော်တို့ ဆောင်ရွက်ပြီးပါပြီ။ တောင်ကိုရီးယားနိုင်ငံ လေပိုင်နက်ထဲဝင်ရောက်လာတဲ့ဒုံးကျည်ကိုပစ်ချဖို့ တပ်မတော်ကပြင်ဆင်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့က မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုနှင့် သက်ဆိုင်သောလုပ်ဆောင်မှုများ အားလုံးကို စောင့်ကြည့်လျက်ရှိကြောင်း သူက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၈ ရက်နှင့် ၂၅ ရက်ကြားတွင် ကမ္ဘာ့မြေစောင့်ကြည့်လေ့လာရေး ဂြိုဟ်တုတစ်လုံး လွှတ်တင်မည့် အစီအစဉ်ကို နိုင်ငံတကာပင်လယ်ရေကြောင်းအဖွဲ့အစည်းသို့ အကြောင်းကြားခဲ့သည်။ သို့သော်လည်း အဆိုပါဂြိုဟ်တုလွှတ်တင်မည့်အစီအစဉ်ကို နျူကလီးယားစမ်းသပ်မှုလေးကြိမ်အနက် ပထမဆုံးအကြိမ်စမ်းသပ်ခဲ့သည့် ၂၀၀၆ ခုနှစ် ကတည်းက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်မည့် နောက်ထပ်တာဝေးပစ်တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မည့် အကြောင်းပြချက်တစ်ခုအဖြစ် ရှုမြင်ထားသည်။

**ကျိုဒိုနယူးစ်။**

# ဇီကာပိုင်းရပ်(စ်)ရေိယာများသို့ သွားရောက်ခဲ့သူများ သွေးလှူဒါန်းမှုဆိုင်းငံ့ရန် အမေရိကန်ကြက်ခြေနီတိုက်တွန်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

ဇီကာပိုင်းရပ်(စ်)ရောဂါဖြစ်ပွားသည့် ကမ္ဘာ့ဒေသများသို့ ခရီးသွားရောက်ခဲ့သူများသည် သွေးလှူဒါန်းမည်ဆိုပါက သွေးလှူဒါန်းခြင်းမရှိမီ ၂၈ ရက်ထက်မနည်း စောင့်ဆိုင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊သို့ရာတွင် မိမိတို့နိုင်ငံအတွင်း သွေးလှူဒါန်းခြင်းမှတစ်ဆင့် ယင်းပိုင်းရပ်(စ်)ပိုးကူးစက်နိုင်မှုအန္တရာယ်မှာ အလွန်ပင် နည်းပါးကြောင်း အမေရိကန်ကြက်ခြေနီအဖွဲ့က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်ရက်သတ္တလေးပတ်တာကာလအတွင်း မက္ကဆီကို၊ ကာရစ်ဘီယန်၊ အမေရိကတိုက်အလယ်ပိုင်း၊ တောင်အမေရိကတိုက်များသို့ ခရီးသွားရောက်ခဲ့သူတို့သည် သွေးလှူဒါန်းမှုကို အချိန်ဆိုင်းကာ ပြုလုပ်သင့်ကြောင်း အဆိုပါကြေညာချက်တွင်ဖော်ပြသည်။

သွေးလှူဒါန်းပြီးနောက် ဇီကာပိုင်းရပ်(စ်)ပိုးကူးစက်ခံရသော ရောဂါလက္ခဏာများ တွေ့ရှိရသူများသည် သွေးလှူဒါန်းခဲ့ခြင်းနှင့်ပတ်သက်၍ ၁၄ ရက်အတွင်း ကြက်ခြေနီအဖွဲ့သို့ အသိပေးအကြောင်းကြားရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာကြက်ခြေနီအဖွဲ့အနေဖြင့် ကျန်းမာရေးအစီအမံများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**



# အသောက်အစား၊ အပျော်အပါးကင်းရန် တရုတ်လေယာဉ်မှူးများကို တိုက်တွန်း

**ပေကျင်း ဖေဖော်ဝါရီ ၄**

ယခုနှစ်၏ ရိုးရာနှစ်သစ်ကူးပွဲတော် အလုပ်အားလပ်ရက် ကာလအကြိုနေ့ရက်များမှစ၍ တစ်နိုင်ငံလုံးတွင် ခရီးသွားလာမှု အလွန်များပြားလျက်ရှိရာ လေကြောင်းဌာနများမှ လေယာဉ်မှူးများအနေဖြင့် အရက်သေစာသောက်စားခြင်း၊ ပြည့်တန်ဆာခန်းနှင့် လောင်းကစားခန်းများသို့ သွားရောက်ခြင်းမပြုရန် မြို့ပြလေကြောင်းဆိုင်ရာအသင်း၏ လေယာဉ်မှူးများထံအိတ်ဖွင့်ပေးစာတွင် ဖော်ပြထားကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏မြို့ပြလေကြောင်းလုပ်ငန်းတွင်၂၀၀၀ ပြည့်နှစ်၏အစောပိုင်းနှစ်များမှစ၍ လေယာဉ်ပျက်ကျသည့်ဖြစ်ရပ် မဆိုစလောက်သာပေါ်ပေါက်ခဲ့ဖူးသည်။လေကြောင်းပျံသန်းခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးစည်းမျဉ်းများ တင်းကျပ်ခြင်း၊ လေ့ကျင့်သင်တန်းများတိုးချဲ့ဖွင့်လှစ်ခြင်း၊ အသက်အရွယ်ငယ်ရွယ်သော လေယာဉ်မှူးများကို ပိုမိုအသုံးပြုလာခြင်းတို့ကြောင့် လေကြောင်းမတော်တဆမှုများဖြစ်ပွားမှုအလွန်နည်းပါးခဲ့သည်။

တရုတ်လေယာဉ်မှူးများသည် လွန်ခဲ့သည့်နှစ်က နာရီပေါင်း ၈ ဒသမ ၆ သန်းအထိပျံသန်းနိုင်ခဲ့ခြင်းအတွက် ချီးကျူးဂုဏ်ပြုကြောင်း တရုတ်လေကြောင်းဌာနများ၏ လေယာဉ်မှူးများအသင်းက ထုတ်ပြန်သော အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားသည်။

လေယာဉ်မှူးများသည် အသောက်အစား၊ အပျော်အပါးကင်းကင်းနေထိုင်ကြကာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစဉ်သတိမူကြရန် အဆိုပါစာတွင် ဖော်ပြထားသည်။

**ရိုက်တာ။**

❖

# ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဆောင်ရွက်နိုင်ခဲ့သည့် သနပ္ပင်ကျေးရွာအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ကိုရီးယားနိုင်ငံအစိုးရနှင့် သမဝါယမဝန်ကြီးဌာနတို့ ပူးပေါင်း၍ သမဝါယမတက္ကသိုလ်(သန်လျင်)၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများကို ၂၀၁၂ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သနပ္ပင်ကျေးရွာသည် ကိုရီးယားနိုင်ငံ Ministry of Interior မှ ပေးအပ်သည့် "Outstanding Saemaul Village Award for Asia in 2014" ဆုကို ရရှိခဲ့သည့်အတွက် သနပ္ပင်ကျေးရွာအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့နယ် သနပ္ပင်ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သမဝါယမတက္ကသိုလ်(သန်လျင်) ခေတ္တပါမောက္ခချုပ် ဒေါက်တာဌေးဌေးလွင်က သနပ္ပင်ကျေးရွာအတွင်း ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပုံနှင့် ဂုဏ်ပြုပွဲအခမ်းအနားကျင်းပရသည့် အကြောင်းရင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုရီးယားနိုင်ငံ Ministry of Government Administration and Home Affairs မှ Regional Community Division Director Mr. Hong-Seog Noh က သနပ္ပင်ကျေးရွာအနေဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပုံများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကိုရီးယားနိုင်ငံ ဒယ်ဂူးမြို့တွင် ကျင်းပသော "Global Saemaul Forum in 2015" ၌ ပြသသော ဗီဒီယိုဖိုင်များမှတစ်ဆင့် ကြည့်ရှုခဲ့ရပြီး ယခုကိုယ်တိုင်လာရောက်ကြည့်ရှုသည့်အခါ ထင်မြင်ထားသည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရသဖြင့် များစွာဝမ်းသာကျေနပ်ရပါကြောင်းနှင့် ယခုကဲ့သို့ စီမံကိန်းများအောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာခေါင်းဆောင်၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် သမဝါယမတက္ကသိုလ်(သန်လျင်)မှ တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သမဝါယမဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က သနပ္ပင်ကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ဦးစန်းကိုအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး ကျေးရွာဆဲမာအူးလ် ခေါင်းဆောင် ဦးစန်းကိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ကိုရီးယားနိုင်ငံ Ministry of Government Administration and Home Affairs အဖွဲ့မှ သနပ္ပင်ကျေးရွာ၏ ဝင်ငွေတိုးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် ကျေးရွာရန်ပုံငွေတိုးပွားစေရန်အတွက် ငွေစုငွေချေး (Microfinance) လုပ်ငန်းများ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအကြောင်းကို မိတ်ဆက်ဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ၂၀၁၆ ခုနှစ် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။
(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။
(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။
(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

# မေတ္တာပေါင်းကူးတံတားဖွင့်လှစ်ပေးမှုကြောင့် ကျေးရွာ ၁၀ ရွာကျော်မှ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေ

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၄**

နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စုနှင့် ဇေယျာသီရိမြို့နယ် ဝင်ပြန်ကျေးရွာသို့ ဆက်သွယ်ပေးသော ဆင်သေချောင်းကို ဖြတ်သန်းဖောက်လုပ်ထားသည့် မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက်က အဆိုပါတံတားမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ဝဲကြီးကျေးရွာ - ဝင်ပြန်ကျေးရွာဆက်သွယ်သည့် မေတ္တာပေါင်းကူးတံတားတည်ဆောက်ခြင်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ထိုတံတားကြီးကို နေပြည်တော်ကောင်စီ၏ လမ်းညွှန်ချက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာနက ဆောင်ရွက်ခြင်းဖြစ်ပြီး တံတားအရှည် ပေ ၃၆၀၊ အကျယ် ၁၁ ပေ၊ သံကူကွန်ကရစ်တိုင်၊ သံမဏိသံပေါင်ရက်မနှင့် သစ်သားအခင်းအမျိုးအစားဖြစ်၍ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်း ကုန်ကျငွေ ကျပ် ၂၀၁ ဒသမ ၆ သန်းဖြင့် တည်ဆောက်ခဲ့သည်။ ယခုကဲ့သို့ ဆင်သေချောင်းကို ဖြတ်သန်းဖောက်လုပ်ပြီး မေတ္တာပေါင်းကူးတံတားတည်ဆောက်ပေးမှုကြောင့် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀ ရွာကျော်မှ ဒေသခံများ၏ ဒေသထွက်ကုန်များနှင့်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်းသိရသည်။ **(တင်စိုးလွင်)**



# ရန်ကုန်-ဒလတံတား တည်ဆောက်ရေးနှင့်မလွတ်ကင်းသည့် မြေယာလျော်ကြေးများ ဖေဖော်ဝါရီ ၁၀ ရက်ပေးမည်ဟုဆို

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ကိုရီးယား - မြန်မာ ချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးစီမံကိန်း စတင်ခြင်းနှင့် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင် လျာထားသည်ဟု တံတားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးက ယနေ့ပြောကြားသည်။

"တံတားနဲ့ မလွတ်ကင်းတဲ့ မြေကွက်တွေကို နစ်နာမှုမရှိအောင် ပေ(၄၀×၆၀)တစ်ကွက်ကို ကျပ်သိန်း ၁၃၀၀ နဲ့ နစ်နာကြေးပေးမှာပါ။ တကယ်က သတ်မှတ်နှုန်းထားက ပေ(၄၀×၆၀)တစ်ကွက်ကို ကျပ်သိန်း ၁၅၀ သတ်မှတ်ထားပါတယ်။ ဒါပေမယ့် မြို့မြေဖြစ်တဲ့ အတွက်သုံးဆဆိုတော့ ကျပ်သိန်း ၄၅၀ ပေါ့။ ကရုဏာကြေးက သိန်း ၈၅၀ ဆိုတော့ ပေါင်းလိုက်ရင် သိန်း ၁၃၀၀ ဖြစ်သွားပါတယ်။ တကယ်လို့ လုပ်ငန်းလုပ်ရာမှာ မလွတ်ကင်းဘူးဆိုရင် သိမ်းတာက ခုနစ်ပေခွဲ၊ နောက်ထပ် ခုနစ်ပေခွဲ၊ ယူလိုက်ရင် ၁၅ ပေဖြစ်မယ်။ ထပ်ယူတဲ့မြေအတွက် ဆိပ်ကမ်းအာဏာပိုင်နဲ့နှုန်းထားအတိုင်း တစ်စတုရန်းပေကို ၂၅၀ (တစ်လ)၊ လေးနှစ်စာ စာချုပ်ချုပ်ပြီး ပေးလျော်မှာပါ။ မလွတ်ကင်းတဲ့အိမ်တွေအတွက်လည်း ဖျက်ခ၊ ပြန်ဆောက်ခတွေကိုလည်း ပေးဦးမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ဒေသခံတစ်ဦးဖြစ်သူကလည်း "ကျွန်တော်ကအိမ်လွတ်တယ်။ ခုနစ်ပေခွဲအတွက် အကျယ်ပေ ၄၀၊ ငှားရမ်းတာ ခုနစ်ပေခွဲအတွက် ကျပ် ၃၉၄၆၀၀ ရရှိတယ်။ တံတားပြီးရင်တော့ငှားရမ်းထားတဲ့ ကိုယ့်မြေကိုယ်ပြန်ရမယ်"ဟု ပြောသည်။

ဒလ၊ ကမာကဆစ်အနောက်ကျောင်းဆရာတော် ဦးဒေဝိကာက "ဆွမ်းစားကျောင်း(တစ်ထပ်) ပေ(၅၀×၁၀၀)၊ ရာပြည့်ဆောင်(နှစ်ထပ်) ပေ(၄၀×၂၀)၊ ဓမ္မာရုံ(တစ်ထပ်) ပေ(၅၀×၃၀)၊ ကုဋီ ခြောက်ခန်း၊ ဂရုဏာလှူမှုကူညီရေးအသင်း ပေ(၂၀×၂၀)တစ်ထပ်၊ ဗိုလ်မင်းရောင်လမ်းမကြီးဘေးရှိ ထိုင်လျက်ရုပ်ပွားတော်များ၊ ဉာဏ်တော် ၂၇ တောင်၊ ပလ္လင်က ပေ(၃၀×၂၀)၊ ပလ္လင်အမြင့်က ၁၀ ပေ၊ အလျားပေ ၃၀၊ အနံ ပေ ၂၀၊ ဓမ္မာရုံပေ(၆၀×၃၆)၊ ဘုရားကြီးမိုးရံထားတဲ့ တန်ဆောင်းအကျယ်အဝန်းပေ (၅၀×၅၀)ရှိတယ်။ အဲဒါတွေ မလွတ်ကင်းလို့ဖယ်ပေးရမှာတွေပါ။ အဲဒါတွေကို ပြန်ပြီး လွတ်ကင်းတဲ့နေရာမှာ ဆောက်ပေးမယ်လို့တော့ပြောတယ်" ဟုမိန့်ကြားသည်။

ယင်းတံတားနှင့်မလွတ်ကင်း၍ ဖျက်သိမ်းခံရသည့် အိမ်ရှင်တရားသူကြီး(ငြိမ်း)တစ်ဦးကလည်း "အပြင်မှာကြားနေတာတော့ ဒီလ ၁၀ ရက်နေ့လို့ ပြောတယ်။ ချက်လက်မှတ်လို့ အသံကြားတယ်။ တရားဝင်တော့ ခုထိဘာမှ မကြားသေးဘူး။ ကိုယ့်အိမ်က ၁၅ ပေအတွက် (အဆောက်အအုံမပါ) သိန်း ၁၅၀ ကျော်ရမယ်။ ခုနစ်ပေက သိမ်းတာ၊ ရှစ်ပေက ငှားတာ။ တံတားပြီးရင်တော့ ပြန်ရမှာပေါ့"ဟု ပြောသည်။

အဆိုပါ တံတားကြီးပေါ်တွင် ရေပိုက်လိုင်းလည်း ပါဝင်မည်ဖြစ်ပြီး ရန်ကုန်ဘက်ကမ်းတွင် ဘုန်းကြီးလမ်းကို အသုံးပြု၍ ဒလဘက်ကမ်းတွင် ဗိုလ်မင်းရောင်လမ်း (နာရီစင်လမ်း)ကို အသုံးပြုမည်ဟု တံတားဦးစီးဌာနမှ သိရသည်။ ယင်းတံတားကြီး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၈၃၃ သန်း ကုန်ကျမည်ဟု တံတားဦးစီးမှ ထပ်လောင်းပြောကြားသည်။

ကမာကဆစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဟံက "ရန်ကုန်မြစ်ကမ်းနဲ့ ထိစပ်နေတဲ့ ဆိပ်ကမ်းအာဏာပိုင် မြေနေရာကို ရှေးအစဉ်အဆက်ကပင် ဆိပ်ကမ်းမြေနေရာကို ငှားရမ်းပြီး ခွင့်ပြုအကျယ်အဝန်းထက် ပိုမိုသုံးစွဲထားတဲ့မြေတွေကို နှုန်းသစ်နဲ့ပေးဆောင်နိုင်ဖို့ ခွင့်ပြုမယ်။ လိုအပ်သလောက် ငှားရင်လည်း ခွင့်ပြုမယ်။ ငှားရမ်းခွင့်ရတဲ့မြေကိုတော့ ငှားရမ်းခွင့်ရသူရဲ့အစီအစဉ်နဲ့ ခြံစည်းရိုးကာရမယ်ဆိုတဲ့ စာရောက်လာတယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေးကူးတို့ရေယာဉ်လိုင်းမှ ဦးညွန့်လွင်က "ကျွန်တော်တို့က အရင်ငြိမ်းချမ်းရေးကူးတို့ ရေယာဉ်လိုင်းမှာ ကူးတို့သမ္ဗန် ၁၆ စင်းရှိတယ်။ ဟိုဘက်က ကမာကဆစ်ကူးတို့ရေယာဉ်လိုင်းက နှစ်ပေါင်းများစွာကြာပြီ။ ကျွန်တော်တို့ကသက်တမ်းနုတော့ မယှဉ်နိုင်ဘူး။ ခုတော့ ရေယာဉ်လိုင်းမှာ စက်လှေလေးစင်းပဲရှိတော့တယ်။ ကုန်ပဲတင်တာပါ။ စက်လှေမပြေးရတော့ ဆိုင်ကယ်၊ စက်ဘီးအပ်တဲ့လုပ်ငန်းလုပ်ရတာပေါ့။ ခုတော့ တံတားကြီးဆောက်တယ်ဆိုတာ အသံတော့ကြားတယ်။ ခုထိတော့ ဖယ်ဖို့ပြုဖို့အကြောင်းမကြားသေးဘူး။ ကျွန်တော်တို့က ငှားရမ်း၊ အသုံးချတာပါ။ သုံးလကို ကျပ် ၈၀၀၀၀၀ ကျော်ပေးရတယ်"ဟု ပြောသည်။

ယင်းတံတားကြီးကို ၂၀၁၆ ခုနှစ်ဒီဇင်ဘာတွင် စတင်နိုင်မည်ဟု တံတားဦးစီးဌာနမှ သိရသည်။

**အောင်မင်း(ဒလ)**

# ရန်ပုံငွေစီမံခန့်ခွဲမှု ကျေးရွာအဆင့် ဆင့်ပွားသင်တန်းဖွင့်

**ညောင်လေးပင် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးပြုလုပ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှု ကျေးရွာအဆင့် ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၁၆)နှင့် (၂/၂၀၁၆) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ အဆိုပါ မြို့နယ်ကျေးလက်ရုံး၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်တိုး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်သန်းထွဋ်တို့က ကဏ္ဍအသီးသီးခွဲကာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသားများအား မြစိမ်းရောင်စီမံကိန်းကျေးလက်ဒေသအဆင့် သင်းဖွဲ့စည်းမျဉ်းရေးဆွဲခြင်း၊ ပံ့ပိုးကူညီဆွေးနွေးသူလက်စွဲစာအုပ်များကိုပါ အခမဲ့ပေးဝေခဲ့သည်။

သင်တန်းသို့ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော ကောက်ကွေ့၊ ရေဆုံး၊ အရှေ့ဇီးကန်၊ (မင်္ဂလာကုန်း+ဝိုင်)၊ ပြည်ကိုယ်တော်၊ မယ်ဇလီခင်၊ အောင်းကြီး၊ ကဒါး၊ စစ်ကုန်း၊ ရေတွင်းကုန်း စသည့် ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၈၆ ဦးတက်ရောက်ခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

# ဈေးထဲဖြတ်လျှောက်သူ

ခင်မောင်ညို(ဘောဂဗေဒ)

ကျွန်တော့်အကျင့်တစ်ခုက စာမရေးချင်ရင် တစ်လ၊ နှစ်လလောက်ကြာတာတောင် တစ်ပုဒ်မှ မရေး၊ ရေးချင်ရင် တစ်နေ့ထဲ နှစ်ပုဒ်၊ သုံးပုဒ်ရေးတာ။ အခုလည်း လနဲ့ချီပြီး စာမရေးဘဲနေရာက ပြန်ရေး။ အယ်ဒီတာများကလည်း ပူပူနွေးနွေးကောက်ထည့်လာကြတော့ ကိုယ်ကလည်း မြန်မြန်ရေးရတယ်။ ဖတ်စရာတွေ၊ ဖတ်ထားတာတွေက ရှိနေလေတော့ ရေးစရာတွေက အမြဲရှိနေတာပါ။

ဒုတိယပြောချင်တာတစ်ခုက ကျွန်တော်ဟာ ကိုယ်လေ့လာထားသမျှ ပြန်လည်ဝေမျှသူဖြစ်ပါတယ်။ လက်တွေ့သမားမဟုတ်ပါဘူး။ ဒီတော့ လိုတာယူ၊ မလိုတာပယ်ဖို့ပါ။ တစ်လောက ဟောပြောပွဲတစ်ခုမှာ လက်တွေ့သမားက ငါးသိန်းတန်တဲ့ သင်တန်းပေးမယ်။ စာဖတ်ပြီးမေးတဲ့ သင်တန်းက ငါးသောင်းပဲတန်တယ်ဆိုတဲ့ သဘောမျိုးပြောဖူးတယ်။ ကျွန်တော်က ငါးသောင်းတန်ပါလို့ နောက်ခဲ့ဖူးပါတယ်။ တကယ်တော့ ကျောင်းဆရာဆိုတာက ကိုယ်သိထားတာလေးတွေ၊ စေတနာအလျှောက် ဖြန့်ဝေပေးနေတာပါ။ ရလည်းရပေ့ါ။ မရလည်း လိုချင်တဲ့သူကိုပေးဖို့ ဝန်မလေးတဲ့သူမို့ ငါးသောင်းတန် ဆရာမဟုတ်၊ အလကားဆရာလို့ ပြောမယ်ဆိုလည်း ပြောလို့ရပါတယ်။

အခုတလော ကျွန်တော် "ဈေးကွက်ရဲ့မာယာ" တွေကို စိတ်ဝင်စားနေမိတယ်။

ဥပမာ-ဈေးတက်တာကြတော့မြန်တယ်။ ဈေးအချကြနေးတယ်။ ဘာဖြစ်လို့လဲ။ ဈေးတက်ရင် ဝယ်မစားကြနဲ့လို့ အကြံပေးတာတစ်ခု ကြားရတယ်။

ဝယ်မစားပဲနေလို့ဖြစ်သလား။

ကိုယ်ဝယ်မစားရင်လည်း တခြားသူတွေက ဝယ်စားနေကြတာ မဟုတ်လား။

တခြားအစားထိုးစရာ၊ ရောင်းသူ၊ ထုတ်လုပ်သူရှိသလား။

ရောင်းသူ၊ ထုတ်လုပ်သူတွေက အပြိုင်အဆိုင် ဈေးတင်တတ်သလား။ အပြိုင်အဆိုင်ဈေးချလာတယ်။ ကျွန်တော်တို့ရဲ့ ဈေးကွက်ဆိုတာ တကယ့်အခြေခံလေးပဲရှိသေးတယ်။

ပြီးတော့ အရည်အသွေးတို့၊ စံချိန်စံညွှန်းတို့ထက် ဝင်ငွေနည်းတဲ့သူတွေက ဈေးနှုန်းကို ပိုပြီးအလေးထားတတ်ကြတယ်မဟုတ်လား။ တစ်ဖက်မှာ ဝင်ငွေမြင့်လာရင် အရည်အသွေးတို့ ကျန်းမာရေးတို့ကို ပိုပြီး ဂရုစိုက်လာကြတယ်။

ဒါပေမယ့် သဘောကျစရာကောင်းတာက ဈေးသက်သက်သာသာနဲ့ အရည်အသွေးကောင်းကောင်း၊ ဝန်ဆောင်မှုကောင်းအောင် လုပ်ပေးနိုင်တဲ့ လုပ်ငန်းတွေရှိတယ်။

အခုတလော ကျွန်တော်လမ်းလျှောက်ရင်း နံနက်စာစားစရာ ဆိုင်တွေနဲ့ ရန်ကင်းဈေးထဲကို အရောက်အပေါက်များတယ်။

ကျွန်တော်ကြိုက်တဲ့ တော်တော်များများလည်း သဘောကျကြတဲ့ နံနက်စာပဲရောင်းတဲ့ မုန့်တီဆိုင်ဆို အမြဲတမ်းလူစည်ကားတယ်။ သူများနဲ့ မတူတာတွေ ရှိပေမယ့် သိပ်ခက်ခဲတဲ့ကိစ္စတွေ မဟုတ်ဘူး။

ရန်ကင်းဈေးထဲက မြန်မာမုန့်ဆိုင်ဆို ငချိတ်ပေါင်း၊ ဆီထမင်းစတဲ့ စားစရာတွေကို ၂၀၀ ဖိုးလောက်ကစပြီး ရောင်းပေးတာ အတော်တန်းစီစောင့်ရတယ်။

တက္ကသိုလ်ရိပ်မွန်ထိပ်က ဂျာနယ်နဲ့ အသုပ်ရောင်းတဲ့ဆိုင် ကျဉ်းကျဉ်းလေးဆို အတော်စောင့်ပြီးစားရတဲ့ ဆိုင်ထဲမှာပါတယ်။

ပြန်ပြောင်းပြောရရင် တစ်နေ့က ကျွန်တော်တို့ နံနက်စာသွားစားကြည့်တဲ့ ဆိုင်ဆို စားပွဲတွေ၊ စားပွဲထိုးတွေ အများကြီး၊ လက်ဖက်ရည်ကောင်းတယ်၊ တခြားစားစရာတွေမှာတာ အဆင်မပြေဘူး။ အသားကနူးမနေဘူး၊ အရသာနည်းနည်းငန်တယ်။ ပြီးတော့ အိမ်သာအဆင်မပြေဘူး။ ဆိုင်ကထတဲ့အခါ ကျွန်တော်တို့ အားလုံးရဲ့ ဆုံးဖြတ်ချက်က နောက်ထပ်လာမစားတော့ဘူး ဆိုတာပါပဲ။

ကော်ဖီကြိုက်တဲ့သူတွေအတွက် ရန်ကုန်မှာ လူကြိုက်များတဲ့ ကော်ဖီမှုန့် ဘယ်နှစ်မျိုးရှိသလဲ။

အခုတလော ကျွန်တော် ထမနဲစားချင်လို့ လိုက်ရှာတာ တစ်ဆိုင်ပဲတွေ့တယ်။ သိပ်သဘောမကျဘူး။ မန္တလေးက တပည့်တွေက ပို့ပေးမယ် ပြောတယ်။ အစားတစ်လုပ်အတွက် ဒီလောက်ဒုက္ခမခံချင်ဘူး။

နောက်ဆိုရင် မုန့်ဟင်းခါးတို့၊ မုန့်တီတို့၊ ထမနဲတို့ကို နိုင်ငံခြားက ဝယ်စားရတော့မှာလား။

တရုတ်ဈေးကွက်၊ အိန္ဒိယဈေးကွက်၊ အာဆီယံဈေးကွက်တွေအကြောင်း ပြောနေချိန်မှာ မြန်မာဈေးကွက် ၅၁ သန်းဆိုတာ မေ့ထားလို့မရဘူး။

ရပ်ကွက်ဈေးကွက်၊ မြို့နယ်ဈေးကွက်လောက်တောင် မလွှမ်းမိုးနိုင်ကြတာ သူများကြောင့်မဟုတ်ဘူး။ မုန့်တီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ နံနက်စာရောင်းတဲ့ဆိုင်၊ မြန်မာမုန့်ရောင်းတဲ့ဆိုင်တွေတောင်မှ လုပ်စရာတွေ၊ လုပ်နိုင်စရာတွေ အများကြီးရှိသေးတယ်။ အရင်းအနှီးရှိပါလျက်နဲ့ မလုပ်တာ၊ မလုပ်သေးတာတွေ အများကြီး ကျန်နေသေးတယ်။

စားသုံးသူအနေနဲ့ ပြောရရင် လူမျိုးမရွေး၊ ဘာသာမရွေး ကုန်ပစ္စည်းကောင်းရင်၊ ဝန်ဆောင်မှုကောင်းရင်၊ ပိုက်ဆံပေးရကျိုးနပ်ရင် အားပေးမယ့် စားသုံးသူတွေ မှားသလား။



## နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ အသိပညာပေးရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက အင်းစိန်ရွှေပြည်သာမြို့နယ်တို့ရှိ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင်များနှင့် တာဝန်ခံများအား နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ရှင်းလင်းဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ခရိုင်လဝက ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက စက်မှုဇုန်ဥက္ကဋ္ဌများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင်များ၊ တာဝန်ခံများနှင့် တာဝန်ရှိသူ ၁၀၀ ခန့်တို့အား နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ခရီးသည်တင်လိုင်းကားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုလျော့နည်းစေရန် စီမံချက်ချ၍ စစ်ဆေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများကြားတွင် ယာဉ်လိုင်းအချို့၌ ခိုက်ရန်ဖြစ်ပွားသော ဖြစ်ရပ်များကြုံခဲ့ရခြင်းကြောင့် စစ်ဆေးဆောင်ရွက်မှုများကို စီမံချက်များဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း မထသ(ဗဟို)မှ တွဲဖက်အတွင်းရေးမှူး ဦးမောင်မြို့ကပြောသည်။

"မထသ ပါဝင်ဆောင်ရွက်နေတဲ့ အထူးစစ်အဖွဲ့တွေအနေနဲ့ အခုဆိုရင် ခရီးသည်တင်ယာဉ်တွေကို စစ်ဆေးတယ်။ ယာဉ်တွေပေါ်မှာ ဘေးအန္တရာယ်ပြုနိုင်တဲ့ အရာတွေ ပါမပါဆိုတာ စစ်ဆေးနေပါတယ်။ စစ်ဆေးတွေ့ရှိတဲ့ယာဉ်ကိုလည်း အရေးယူနိုင်ဖို့ သူ့သက်ဆိုင်ရာယာဉ်လိုင်းကို ပြောကြားပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ထိုကဲ့သို့ စစ်ဆေးရာတွင် ဇန်နဝါရီ ၂၆ ရက်တွင် ယာဉ်အစီး ၂၀ပေါ်မှ တုတ်၊ ဝါးတုတ် ၂၅ ချောင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် ယာဉ် ၁၁ စီးပေါ်မှ တုတ်၊ ဝါးတုတ် ၁၄ ချောင်းနှင့် ဖေဖော်ဝါရီ ၂ ရက်တွင် ယာဉ်ရှစ်စီးပေါ်မှ တုတ်ရှစ်ချောင်းကို သိမ်းဆည်းရမိခဲ့သည်။ "အများဆုံးကတော့ ဝါးတုတ်တွေကို သိမ်းဆည်းရမိပါတယ်။ အဲဒီထဲမှာ သံတုတ်က တစ်ချောင်းပဲပါတာ တွေ့ရတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။ ဇန်နဝါရီ ၁၈ ရက် ည ၇ နာရီခန့်က ပန်းဆိုးတန်းမှတ်တိုင်အနီးတွင် ခရီးသည်တင် ယာဉ်လိုင်းများခိုက်ရန်ဖြစ်ပွားမှုအပေါ် မထသ(ဗဟို)၌ ဇန်နဝါရီ၁၉ရက်က ယာဉ်လိုင်းတာဝန်ရှိသူများကို ခေါ်ယူဆွေးနွေးခဲ့ရာ ယင်းနေ့ ညနေ ၅ နာရီခန့်မှာပဲ မြောက်ဥက္ကလာအဝိုင်း မှတ်တိုင်အနီးတွင် ၄၃ မီနီဘတ်စ်လိုင်းမှယာဉ်တစ်စီးနှင့် ၁၀၃ မီနီဘတ်စ်မှ ယာဉ်တစ်စီးတို့ ခိုက်ရန်ဖြစ်ပွားခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ခေါင်းပေါက်ခြင်း၊ လက်ဖျံရိုးကျိုးခြင်းတို့ ဖြစ်ပွားခဲ့သည့်အတွက် ကျူးလွန်သော ယာဉ်မောင်းနှင်ယာဉ်နောက်လိုက်တို့အား သက်ဆိုင်ရာရဲစခန်း၌ ဖမ်းဆီးအပ်နှံခဲ့ရကြောင်း မထသ(ဗဟို)မှ သိရသည်။

မထသ(ဗဟို)သည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့်အတွက် ဥပဒေပိုင်းဆိုင်ရာအရ အရေးယူဆောင်ရွက်ရာတွင် ပြစ်မှုများကိုလည်းကောင်း၊ ခရီးသည်ဘက်မှတိုင်ကြားလာမှုများကိုလည်းကောင်း၊ အစိုးရအဖွဲ့က ခွင့်ပြုထားသော ၁၃၈ ချက်ဖြင့်သာ အရေးယူခွင့်ရှိပြီး ယင်း ၁၃၈ ချက်တွင် အမြင့်ဆုံးသောပြစ်ဒဏ်မှာ လိုင်းမှ ထုတ်ပယ်သည့် ပြစ်ဒဏ်ဖြစ်ကြောင်း၊ လိုင်းမှ ထုတ်ပယ်လိုက်သော်လည်း အခြားသော ယာဉ်လိုင်းများတွင် သွားရောက်မောင်းနှင်နိုင်ခြင်းများရှိသည့်အတွက် ယာဉ်လိုင်းအသီးသီးမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်းများကိုလည်း ပြုလုပ်ကြရကြောင်း သိရသည်။

ထိုခိုက်ရန်ဖြစ်ပွားရသော အကြောင်းရင်းများသည် ပြိုင်မောင်းခြင်း၊ ခရီးသည်လုတင်ခြင်း စသည်တို့ကြောင့် ဖြစ်လေ့ရှိပြီး ယင်းကိစ္စများမှာလည်း ယာဉ်ပိုင်ရှင်က နေ့တွက်ခပုတ်ပြတ်ဖြင့် ယာဉ်ကို၄ှားရမ်းခဲ့ရာတွင် လက်ခံရယူထားသော ယာဉ်မောင်းမှတစ်ဆင့် မြင့်သောအမြတ်ငွေကြေးမျိုးဖြင့် လက်လွှဲကာ တစ်ဆင့်ပြန်လည်၄ှားရမ်းလေ့ရှိကြသည်။ ထို့ကြောင့် လက်လွှဲ၍ ဆင့်ကဲ၄ှားရမ်းရာမှ မြင့်မားနေသော အုံနာခငွေရရှိရန် မောင်းနှင်ရခြင်းတို့က လိုင်စင်မရှိသေးသော (သို့မဟုတ်) သတ်မှတ်လိုင်စင်မျိုးမရသေးသည့် ယာဉ်မောင်းများအတွက် အခွင့်အလမ်းများ ဖြစ်စေခဲ့ကြောင်းသိရသည်။ **(စနိုး)**

အချိန်အခါမရွေး
သတိပေး
မီးဘေးကင်းဝေးမှာ

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၄**

မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်စခန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ကျင်းပသော မော်လမြိုင်ကျွန်း မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသပွဲကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၄ နာရီက မြို့မဈေးကြီးအနောက်ဘက် မျက်နှာစာ၌ ကျင်းပသည်။

ယင်းမီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့မဈေးကော်မတီဝင်များ တက်ရောက်ကြပြီး မြို့နယ်မီးသတ်စခန်း တာဝန်ခံ ဦးဝင်းငွေးက မြို့ပေါ်ရှိ ဈေးများ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး စီမံထားမှုများနှင့် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်း ပူးပေါင်းအင်အား ၅၀ ကျော်တို့သည် မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**(မော်ကျွန်းမြင့်အောင်)**

## ဆိုင်ခန်းအကွက်ပေါင်း ၅၅၀ ခန့်ဖြင့် တရုတ်နှစ်သစ်ကူးဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ကျင်းပမည့်တရုတ်နှစ်သစ်ကူးဈေးရောင်းပွဲကိုလသာမြို့နယ် လမ်းမတော်လမ်းနှင့် လသာလမ်းကြား မဟာဗန္ဓုလလမ်း၏တစ်ဖက်တွင် ဆိုင်ခန်းအကွက် ပေါင်း ၅၅၀ ခန့် ဖွင့်လှစ်၍ ကျင်းပမည်ဖြစ်သည်။ ဆိုင်ခန်းနေရာအကွက်များ ရေးဆွဲထားသည်ကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက တွေ့ရသည်။

ဆိုင်ခန်းနေရာတစ်ကွက်လျှင် နေရာလိုက်၍ ကျပ် ၆၅၀၀ နှင့် ကျပ် ၈၅၀၀ဟူ၍ နှစ်မျိုးခွဲခြားရောင်းသွားမည်ဟု လသာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ သိရသည်။ ဆိုင်ခန်းနေရာဝယ်ယူလိုသူများ လမ်း (၂၀) အောက်လမ်း မြို့နယ်ဓမ္မာရုံတွင် လျှောက်လွှာများ လာရောက်တင်ပြီး ဆိုင်ခန်းနေရာချထားမှုကို စောင့်ဆိုင်းနေသည်ကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် တွေ့ရသည်။

ဈေးရောင်းချခွင့်ရရှိသူများအနေဖြင့် ဆိုင်ခန်းဧရိယာထက်ကျော်လွန်၍ မခင်းရန်၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုရန်နှင့် ဆိုင်ခန်းဧရိယာထက်ကျော်လွန်ပြီး ကုန်ပစ္စည်းပိုခင်း၍ လမ်းပိတ်ဆို့ပါက အရေးယူခြင်းခံရမည်ဟု စည်းကမ်းချက်များလျှောက်လွှာတွင် ပူးတွဲဖော်ပြထားသည်ကို တွေ့ရသည်။ **(မောင်စေအောင်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်။



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးတီခွန်မြတ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့တွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ကို (၁၅)ဦးစီဖြင့် ဖွဲ့စည်းရန်၊ ဥပဒေကြမ်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊အတွင်းရေးမှူးအဖြစ် ဦးစတီဖန်နှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်သန်းတို့ကို တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြ**

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဥပဒေကြမ်း ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌတာဝန်ကို နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ကော်မတီအတွင်းရေးမှူး တာဝန်ကို ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌတာဝန်ကို ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် ကော်မတီအတွင်းရေးမှူး တာဝန်ကို တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းသွားမည်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ကို (၁၅) ဦးစီဖြင့် ဖွဲ့စည်းရန်၊ ဥပဒေကြမ်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတ်ဉာဏစိုးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးစောသန်းထွင်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ်တို့ကို တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြ**



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆) မှ ဦးမင်းဦး။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးမင်းဦးက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌတာဝန်ကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းနှင့် ကော်မတီအတွင်းရေးမှူးတာဝန်ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဒေါက်တာမြတ်ဉာဏစိုးတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌတာဝန်ကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွင်နှင့် ကော်မတီအတွင်းရေးမှူးတာဝန်ကို ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆) မှ ဒေါက်တာ စိုင်းဆိုင်ကျော့က်ဆမ်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# “ငြိမ်းချမ်းရေးဆိုတာကတော့ ဆန္ဒနဲ့သဘောထားတွေကို ညှိနှိုင်းဆွေးနွေးပြီးမှ ရယူရမယ့်အရာ ဖြစ်တယ်”

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများက ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့တွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ တင်ပြခဲ့ကြသည်။**

ထိုသို့ ဒုတိယအကြိမ်လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းပြီးပါက မည်သည့်ဥပဒေများကို အဓိကပြင်ဆင်သွားမလဲ ဆိုသည်နှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီဝင်တစ်ဦးဖြစ်သူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်က “ဥပဒေကြမ်းဆိုတာကတော့ ကော်မတီဖွဲ့စည်းပြီး ကော်မတီရဲ့ဆုံးဖြတ်ချက်အပေါ်မှာပဲ အရင်ဆုံးတင်သွင်းရမယ့်အရာပါ။ အဲဒီအတွက်ကြောင့် အားလုံးညှိနှိုင်းတိုင်ပင်လို့ရမယ့်ကိစ္စဖြစ်တာမို့ ဘယ်အရာက အဓိကကျတယ်ဆိုတာကိုတော့ ပြောဖို့ခက်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဓိကတာဝန်ကတော့ ဥပဒေတွေကို ဒေသရဲ့လိုအပ်ချက်၊ နိုင်ငံရဲ့လိုအပ်ချက် စတဲ့ လိုအပ်တဲ့ဥပဒေတွေကို လိုအပ်ရင်လိုအပ်သလို ပြင်ဆင်သင့်တာ ပြင်ဆင်၊ပူးပေါင်းသင့်တာပူးပေါင်းဆောင်ရွက်ရမယ်။ အဲဒီလိုနည်းလမ်းတွေနဲ့ပဲ ဆောင်ရွက်ရမယ့်အကြောင်း အရာတစ်ရပ်ပါ” ဟု ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက “ကျွန်မတို့ တိုင်းရင်းသားတွေ၊ မြန်မာနိုင်ငံပြည်သူတွေရဲ့ အရေးအတွက် လုပ်ဆောင်မယ့် အရာအားလုံးကို ပူးပေါင်းဆောင်ရွက်သွားကြမှာပါ။ ငြိမ်းချမ်းရေးဆိုတာကတော့ ဆန္ဒနဲ့သဘောထားတွေကို ညှိနှိုင်းဆွေးနွေးပြီးမှ ရယူရမယ့်အရာ ဖြစ်တယ်။ တစ်ဦးတစ်ဖက်တည်းနဲ့ လုပ်လို့မရသလို လက်ဆွဲနှုတ်ဆက်ဖို့ဆိုတာ တစ်ယောက်ကလည်း လက်ကမ်းနိုင်အောင် တစ်ယောက်ကလက်လှမ်းပေးပြီး နှစ်ဦးနှစ်ဖက်လုပ်ရမယ့်ကိစ္စပါ။ နှစ်ဦးနှစ်ဖက်ဆွေးနွေးရမယ်။ အဲဒီအတွက်ကြောင့် အများကြီးဆွေးနွေးဆောင်ရွက်ဖို့ လိုပါလိမ့်မယ်”ဟု ပြောကြားခဲ့သည်။

“ဥပဒေကြမ်းကော်မတီဖွဲ့တာ အရင်ကနဲ့ အခုနဲ့ နည်းနည်းကွာခြားချက်တွေ ရှိပါတယ်။ အရင်က ဥပဒေကြမ်းကော်မတီဖွဲ့တဲ့အခါမှာ ပါတီအလိုက် အနည်းဆုံးတိုင်းရင်းသားကိုယ်စားလှယ်ငါးယောက်လောက် ပါဝင်ပါတယ်။ လုပ်နေကျအတိုင်းဆိုရင်တော့ သက်ဆိုင်ရာအာဏာရပါတီရဲ့ လွှတ်တော်ထဲမှာ ရောက်နေတဲ့ အဖွဲ့ဝင်အများစုက အများကြီး တာဝန်ယူဆောင်ရွက်ရတဲ့အနေအထားမှာရှိပါတယ်။

ဒါကြောင့် လုပ်နိုင်ကိုင်နိုင်တဲ့ သူ့ပါတီရဲ့ အဖွဲ့ဝင်တွေ အများစု ကော်မတီတွေထဲမှာ ထည့်သွင်းပေးထားတာရယ် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးဆိုတာကလည်း သူ့အတွက်အထောက်အပံ့ဖြစ်မယ့်သူတွေ ထည့်သွင်းပေးထားတာလည်း သဘာဝကျပါတယ်လို့ ကျွန်တော်ယူဆပါတယ်။ ပြီးတော့ အခုလို တိုင်းရင်းသားပါတီကိုယ်စားလှယ်တွေကို မျှမျှတတထည့်သွင်းပေးတာကိုလည်း ကျေးဇူးတင်ပါတယ်” ဟု ကော်မတီဖွဲ့စည်းရာတွင် အမည်စာရင်းတင်သွင်းခြင်း

**စာမျက်နှာ ၈ သို့**❖

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၇ မှ
နှင့်ပတ်သက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က ပြောသည်။

ဥပဒေကြမ်းကော်မတီဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍လည်း "ဥပဒေကြမ်းကော်မတီဆိုတာကတော့ လိုအပ်ချက်ကို ပြင်ဆင်ရမယ်။ နေရာတိုင်းမှာ ဥပဒေဆိုတာရှိတယ်လေ။ ပြင်ဆင်မှုဆိုင်ရာ ထိရောက်မှု ရှိ၊ မရှိဆိုတာကတော့ လုပ်ဆောင်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ်မှာ အများကြီးမူတည်ပါလိမ့်မယ်။ ဒီနေ့ ဥပဒေကြမ်းကော်မတီဖွဲ့စည်းဖို့ ဆောင်ရွက်တဲ့နေရာမှာ အကုန်လုံးကို မခွဲခြားဘဲ ဆောင်ရွက်တာတွေ့ရပါတယ်။ ပထမလွှတ်တော်တုန်းကလည်း ကိုယ်စားလှယ်တွေ အားလုံးကြိုးစားဆောင်ရွက်ကြပါတယ်။ အရာအားလုံးမှာ ပြုပြင်ပြောင်းလဲဖို့ဆိုတာ တစ်ဟုန်ထိုးပြောင်းလဲဖို့ မဖြစ်နိုင်ပါဘူး။ တဖြည်းဖြည်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့်သွားမှ အောင်မြင်မယ့်အရာဆိုတော့ ဒီငါးနှစ်မှာ ဘယ်လောက်ထိ ခရီးရောက်မယ်ဆိုတာကိုတော့ စောင့်ကြည့်ရဦးမယ့်အနေအထားတစ်ခုပါ။ ကြိုးစားဆောင်ရွက်တဲ့အခြေအနေပေါ်မှာ မူတည်မှာပါ"ဟု ဒေါ်ကျိန်ငိုက်မန်က ဆိုသည်။

"ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ လုပ်ငန်းကော်မတီလေးရပ်ရှိပါတယ်။ ပထမနေ့မှာတော့ ကော်မတီနှစ်ရပ်ကို သူ့ရဲ့လုပ်ပိုင်ခွင့်နဲ့ အခွင့်



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်။



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမိုးမြင့်။



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်။



ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်။

အရေးတွေကို ရှင်းလင်းပါတယ်။ ကော်မတီနှစ်ရပ်ရဲ့ အမည်စာရင်းကို တင်ပြပါတယ်။ အဲဒါကို ဒုတိယနေ့မှာ အတည်ပြုမှာပါ။ ဒုတိယနေ့မှာလည်း ကျန်တဲ့ ကော်မတီနှစ်ရပ်ရဲ့ အမည်စာရင်းကို ဒီနေ့လိုပဲ ဆက်လက်ပြီးဆောင်ရွက်ဖို့ ရှိပါတယ်။ ထူးခြားတာတစ်ခုကတော့ ကော်မတီတွေဖွဲ့စည်းတိုင်း အမြဲတမ်းကော်မတီမှမဟုတ်ဘူး။ တခြားရေးရာကော်မတီတွေကိုဖွဲ့လည်း ကျွန်တော်တို့ ဒီလွှတ်တော်ဟာ ဒေသစုံကနေပြီးတော့ အချိုးညီတက်ရောက်တဲ့အတွက်ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုကို ၁၂ ဦးကျစီ ပါဝင်တာဖြစ်တဲ့အတွက် လူမျိုးစုလွှတ်တော်လို့ ပြောရင်လည်းရပါတယ်။ ဒီလိုကော်မတီတွေဖွဲ့တဲ့နေရာမှာ အတတ်နိုင်ဆုံးအနေနဲ့ ဒေသစုံက လွှတ်တော်ကိုယ်စားလှယ်တွေ ပါနိုင်အောင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေပါနိုင်ဖို့ စဉ်းစားတယ်။ နောက်တစ်ခါပါတီစုံက ကိုယ်စားလှယ်တွေပါနိုင်အောင်၊ ဘာသာရပ်နယ်ပယ်နဲ့ ကိုက်ညီမယ့် ကိုယ်စားလှယ်တွေ စဉ်းစားတယ်။ တပ်မတော်သား ကိုယ်စားလှယ်တွေလည်း ပါဖို့စဉ်းစားတယ်။ ကျား၊ မ ခွဲခြားမှုမရှိအောင် အမျိုးသမီးအချို့ကိုလည်း ကော်မတီမှာ ပါနိုင်အောင်စဉ်းစားပြီး ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် အမြင်မတူတဲ့သူတွေရော အားလုံးပူးပေါင်းပြီး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ အခုဖွဲ့တဲ့ကော်မတီကို မျှော်လင့်ပါတယ်။ အဲဒါကြောင့် လွှတ်တော်တွေကလည်း ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုသလို ပြည်သူလူထုရဲ့အသံကို တကယ်ထင်ဟပ်မယ့် ဥပဒေမျိုးတွေ လုပ်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးက ပြောကြားခဲ့သည်။

"တင်ပြသွားတဲ့ ကော်မတီနှစ်ခုကလည်း အမှန်တကယ်လိုတဲ့ ကော်မတီတွေပါ။ ဥပဒေကြမ်းကော်မတီဆိုတာကလည်း နိုင်ငံတော်ကသွားနေတဲ့ ဥပဒေတွေကို လိုအပ်ချက်ရှိနေတာတွေ ပြင်ဆင်ဖို့ အများကြီးလိုအပ်ပါတယ်။ ပြည်သူ့ငွေစာရင်းဆိုတာကလည်း ဘတ်ဂျက်ဆိုတာမျိုးက သုံးတဲ့လူကတော့ လိုချင်တဲ့အတိုင်းသုံးတာပေါ့။ ဒါပေမယ့် တိုင်းပြည်တစ်ခုလုံးနဲ့ဆိုရင် ဘယ်ကဏ္ဍတွေနည်းတယ်၊ ဘယ်ကဏ္ဍတွေလိုတယ်ဆိုတာရယ်၊ မလိုအပ်တာတွေကိုလည်း မသုံးစွဲမိဖို့ စတာတွေကိုထိန်းကျောင်းဖို့ ကော်မတီပါ။ အမေရိကန်လို နိုင်ငံတောင်မှ လက်ရှိအချိန်အထိ ဥပဒေတွေပြင်ဆင်တုန်းပဲလေ။ မြန်မာနိုင်ငံမှာလည်း ဥပဒေဆိုတာ အချိန်ကာလနဲ့ ပြောင်းလဲနေပါတယ်။ ဒါကိုတော့ မျက်ခြည်မပြတ်ကြည့်ရှုပြီး ပြင်သင့်တာပြင်ရမှာပဲ"ဟု ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အရေးပါမှုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်က ပြောသည်။

"လူတိုင်းကလိုချင်တဲ့ အမျိုးသားရင်ကြားစေ့ရေးပါ။ ပြည်နယ်တွေမှာဖြစ်ပွားနေတဲ့ မငြိမ်းချမ်းတဲ့အနေအထားတွေကို တိုင်းရင်းသားကိုယ်စားလှယ်တွေကနေ အဆုံးအဖြတ်ပေးနိုင်တဲ့ တာဝန်တွေကို ထမ်းဆောင်ရတာဖြစ်လို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မြန်ဆန်ပြီး ကောင်းမွန်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်ကဆိုပေမယ့် ကရင်ပြည်နယ်တင်မဟုတ်ဘဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံး ငြိမ်းချမ်းလာပါလိမ့်မယ်။ တိုးတက်ဖွံ့ဖြိုးလာပါလိမ့်မယ်လို့ ယုံကြည်ထားပါတယ်"ဟု ဦးစောမိုးမြင့်က ဆိုသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ဆိုင်းငံ့ရမယ်ဆိုရင်တော့ ခဏခဏဆိုင်းငံ့ရတယ်ဆိုတာ ကောင်းတဲ့အစဉ်အလာတော့ မဟုတ်ပါဘူး။ လိုအပ်ရင်လိုအပ်သလို နောက်တက်လာမယ့် အဖွဲ့အစည်းတွေလည်း ဆက်လက်ဖြစ်နေဦးမှာဆိုတော့ အဲဒီလိုလုပ်ဆောင်သွားမယ်ဆိုရင် မကောင်းပါဘူး။ သို့သော်လည်း ဒီအခြေအနေက တခြားအခြေအနေနဲ့ မတူတဲ့အခြေအနေဆိုတာရယ်။ တကယ့်အပြောင်းအလဲလုပ်ရမယ့် အချိန်ကာလလည်း ဖြစ်နေတယ်။ ဖွဲ့စည်းပုံရဲ့ တကယ့်အကျပ်အတည်းကာလလည်းဖြစ်တယ်လို့ ပြောလို့ရတယ်။ ဒါ့ကြောင့် နိုင်ငံနဲ့ နိုင်ငံသားအတွက် ကောင်းဖို့လိုအပ်တဲ့ အချက်အလက်ဖြစ်နေတဲ့အတွက် ထောက်ခံသင့်ရင် ထောက်ခံပေးရပါမယ်။ ကျွန်တော့်အမြင်ပြောရရင်တော့ ဖြစ်အောင်လုပ်ရင်ဖြစ်မှာပါ။ စနစ်တစ်ခုကနေ တစ်ခုကို ပြောင်းလဲတာဖြစ်လို့ ပြည်သူလူထုအနေနဲ့လည်း အပြောင်းအလဲတစ်ခုကို ခံစားရလိမ့်မယ်လို့ မြင်မိပါတယ်"ဟု ဦးစိုင်းသီဟကျော်က သူ၏အမြင်ကို ပြောပြသည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုချင်းမှာကို တစ်နေရာနဲ့တစ်နေရာ လိုအပ်ချက်တွေကလည်း မတူကြဘူး။ အဓိကလိုအပ်ချက်ကတော့ အမျိုးသားစည်းလုံးညီညွတ်ရေးပါ။ အမျိုးသားတွေရဲ့ တောင်းဆိုမျှော်လင့်နေတဲ့ ဖက်ဒရယ်ကိစ္စပါ။ ဖက်ဒရယ်နဲ့ ပတ်သက်ပြီးတော့ ပွင့်လင်းမြင်သာမှုရှိလာတဲ့အတွက် အောင်မြင်တိုးတက်ဖို့ လမ်းတွေများပါတယ်။ ဖွဲ့စည်းပုံအနေအထား ပီပီပြင်ပြင်ဖြစ်သွားပြီဆိုရင်တော့ တိုးတက်မှုကတော့ ပြောစရာမလိုလောက်ပါဘူး။ ပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရဲ့ အင်အားဟာ မြန်မာနိုင်ငံရဲ့ အင်အားပါ။ လက်ရှိဖွဲ့စည်းပုံအနေအထားကိုလည်း ကျေနပ်ပါတယ်"ဟု ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင်က ပြောသည်။

ထို့ပြင်ကော်မတီဖွဲ့စည်းရာတွင် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးစီ အမည်တင်သွင်းခြင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က "အရင်တုန်းက ကော်မတီဖွဲ့စည်းတဲ့အခါမှာ အစပိုင်းမှာ တပ်မတော်သားကိုယ်စားလှယ်တွေ မပါဝင်ပါဘူး။ နောက်ပိုင်းကျမှသာ တပ်မတော်သားကိုယ်စားလှယ်တွေ ပါဝင်လာတာကို တွေ့ရပါတယ်။ အခုနောက်ပိုင်း ကော်မတီတစ်ခုစီမှာ တပ်မတော်သားကိုယ်စားလှယ်တစ်ယောက်စီ ပါဝင်လာတာကို တွေ့ရပါတယ်။ ဒါကလည်း သက်ဆိုင်ရာကော်မတီတွေမှာ တပ်မတော်သားကိုယ်စားလှယ်တွေ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ဖို့ပါ။ ဥပမာ ငွေစာရင်းကော်မတီမှာဆိုရင်လည်း တပ်မတော်ပိုင်းဆိုင်ရာကိစ္စရပ်တွေနဲ့ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်တွေမှာ လိုအပ်မယ်ဆိုရင် တပ်မတော်က ဝင်ရောက်ဆွေးနွေးနိုင်ဖို့ ထည့်သွင်းပေးထားတာပါ။ နောက်ပြီး ဥပဒေဆိုလည်းပဲ ဌာနစုံ ဥပဒေပြုရတဲ့ကိစ္စရပ်တွေရှိပါတယ်။ အဲဒီလို ဥပဒေပြုရတဲ့ကိစ္စရပ်တွေမှာ လူစုံ၊ ပါတီစုံ၊ ဌာနစုံလေလေ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဆောင်ရွက်နိုင်တဲ့သဘောပါ။ တပ်မတော်သားကိုယ်စားလှယ်တွေ ပါဝင်သင့်သလားဆိုတော့ ပါဝင်သင့်ပါတယ်။ ဥပဒေကြမ်းတွေလုပ်တဲ့နေရာမှာ တပ်မတော်ပိုင်းဆိုင်ရာ ဥပဒေတွေပြဋ္ဌာန်းရလေ့ရှိပါတယ်။ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာလည်း တပ်မတော်ရဲ့သဘောထား၊ တပ်မတော်ရဲ့ ပူးပေါင်းပါဝင်မှု၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပညာရှင်တွေရှိတဲ့အတွက် တပ်မတော်ပါဝင်လာတာကောင်းပါတယ်"ဟု ပြောသည်။

ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါဝင် အဖွဲ့ဝင် ၁၅ ဦးစီနှင့် အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရာတွင်လည်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းရန် အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းကြည်၊ ကိုမင်း**


**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။


## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ကိုကိုအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

### မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျူးကျော်နေထိုင်မှုများ ရှင်းလင်းဖယ်ရှားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီးရှိ ယုဇနဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ ပျဉ်းမပင်စက်မှုဇုန်နယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးရှိ ညောင်နီကျေးရွာအတွင်းရှိ ကျူးကျော်နေထိုင်မှုများကို ဖယ်ရှားရှင်းလင်းခဲ့မှုနှင့်ပတ်သက်၍ အကြံပြုချက်များ၊ ကျူးကျော်သူများအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သင့်မှုများကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းတစ်ရပ် ထုတ်ပြန်ထားရှိကြောင်းနှင့် အပြည့်အစုံအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သော www.mnhrc.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

### Career Success & Mentoring ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

HRM ၏ အရေးပါအရာရောက်မှု၊ မိမိ၏အသက်မွေးဝမ်းကျောင်းတစ်လျှောက်သာမက သူတစ်ပါး၏ အသက်မွေးဝမ်းကျောင်းတစ်လျှောက် အောင်မြင်မှုများ ဖန်တီးပေးနိုင်ရန်နှင့် မည်သို့မည်ပုံ ဦးဆောင်ညွှန်ကြား၍ လုပ်ငန်းများ၊ အဖွဲ့အစည်းများတွင် ခေါင်းဆောင်ကောင်း၊ မန်နေဂျာကောင်းအဖြစ် အောင်မြင်မှုများရရှိရန် နည်းလမ်းကောင်းများကို ဆွေးနွေးမည့် Career Success & Mentoring ခေါင်းစဉ်ဖြင့် Public Seminar ကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Conference Hall ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် Adjunct Prof; Dr. David T. Bibbion (STIMU) က နည်းလမ်းကောင်းများကို ဟောပြောဆွေးနွေးအကြံပြုမည်ဖြစ်ရာ HRM ကို စိတ်ဝင်စားသူများ၊ HRM နှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ စီးပွားရေးပညာ လေ့လာသင်ကြားနေသူ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများအတွက် အထူးသင့်လျော်သော ဟောပြောပွဲဖြစ်ကြောင်း သိရသည်။ **(ကိုညီ)**

### မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်မျဉ်းတစ်လျှောက် ချုံနွယ်များရှင်း

**မူဆယ် ဖေဖော်ဝါရီ ၄**

မူဆယ်မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်ကြီးမှူး၍ သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းအင်အား ၃၀ သည် ဖေဖော်ဝါရီ ၃၊ ၄ ရက်တို့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်မျဉ်းတစ်လျှောက်ရှိ နန်းတော်ဝင်ထွက်ဂိတ်အနီး၌ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်သည်။

မူဆယ်မြို့ သာယာလှပစေရေးအတွက် သန့်ရှင်းရေးဌာနစိတ်နှင့် အောင်ဂရုဏာကုမ္ပဏီတို့ ပူးပေါင်း၍ နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မူဆယ်မြို့အနီးကျေးရွာများတွင်လည်း ချုံနွယ်ရှင်းလင်းခြင်းများ အပတ်စဉ်ဆောင်ရွက်လျက်ရှိသည်။ **(၀၁၁၂)**


**သတိပေးနှိုးဆော်ချက်**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ၁၀-၂-၂၀၁၆ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၁၂-၂-၂၀၁၆ ရက်နေ့ ၀၅း၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပြည်တွင်းရေးရာ




ငါးချက်လျှော့ရိုက်ထားသည့် ပရာယတ်မာဆောင်(ထိုင်း) ယှဉ်ပြိုင်နေစဉ်။

# မြန်မာအိုပင်းဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန်  ဖေဖော်ဝါရီ ၄**

Asian Tour & Japan Tour၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ကာ ရွှင်ရယ် မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပသည်။

ပထမနေ့ပွဲစဉ်များအပြီးတွင် Antonio Lascuna (ဖိလစ်ပိုင်) ကရှစ်ချက်လျှော့ရိုက်ကာ ထိပ်ဆုံး၌ ဦးဆောင်နေပြီး Danny Chia (မလေးရှား) က ခုနစ်ချက်လျှော့ရိုက်ပြီး ဒုတိယနေရာတွင် ရပ်တည်နေသည်။ Azuma Yano (ဂျပန်)၊ Shaun Norris (တောင်အာဖရိက)၊ Chawrasia (အိန္ဒိယ)၊ Richard T.Lee(ကနေဒါ)၊ Jeunghun wang (တောင်ကိုရီးယား)နှင့် Sam Braazel (ဩစတြေးလျ)တို့က ခြောက်ချက်လျှော့ရိုက်ကာ နောက်မှလိုက်နေသည်။

Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဥရောပ၊ အာရှ၊ လက်တင်အမေရိကစသည့် နိုင်ငံများမှ ကစားသမား ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး Asian Tour မှနာမည်ကြီးကစားသမားများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ယင်းပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကာ ကံစမ်းမဲအစီအစဉ်များ ထည့်သွင်းထားကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**✱ ကမ္ဘာ့ဘဏ်မှ**

"ယခုစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်နဲ့ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့တာ တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသမိုင်းမှာ ကမ္ဘာ့ဘဏ်နဲ့ ပထမဆုံးပူးပေါင်းဆောင်ရွက်တဲ့ စီမံကိန်းပဲ ဖြစ်ပါတယ်။ စီမံကိန်းအရ ရေအရင်းအမြစ်များရဲ့ မူလသဘာဝကို မထိခိုက်စေဘဲ စီမံခန့်ခွဲအသုံးချနိုင်မှာဖြစ်ပါတယ်။ ယခုအလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း တိုးတက်ပြီးစီးမှု၊ ၂၀၁၆ ခုနှစ်မှာ ဆက်လုပ်ဆောင်ရွက်မယ့် လုပ်ငန်းများ၊ စီမံကိန်းအခွင့်အလမ်းများနဲ့ တွေ့ကြုံရလာနိုင်တဲ့ အခက်အခဲများနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့အတွက် ကျင်းပခြင်းဖြစ်ပါတယ်" ဟု အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူးနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းလွင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်မှ အဖွဲ့ခေါင်းဆောင် Dr.Greg Browder၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၊ စီမံကိန်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပညာရှင်များ၊ စီမံကိန်းလုပ်ငန်းခွဲ ညွှန်ကြားရေးမှူးများက စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အစီရင်ခံစာပြုစုနေမှုတို့အပေါ် ရှင်းလင်းပြောကြားခဲ့သည်။ စီမံကိန်းနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ ကိုယ်စားလှယ်များကလည်း ကူညီပံ့ပိုးဆောင်ရွက်နေမှုနှင့် ၂၀၁၆ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ပြီးတက်ရောက်လာသူများကလည်း အကြံပြုဆွေးနွေးခဲ့ကြသည်။ **(ဝဝ၁)**

**❖ ရေနည်းကာလမှ**

ချင်းတွင်းတံတား(မုံရွာ)ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် အစုန်လမ်းကို ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြား၊ အဆန်လမ်းကို ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှ သတ်မှတ်ခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီ (၁)ရက်မှစ၍ အစုန်လမ်းကို ရေလယ်တိုင်အမှတ် (၄)နှင့် (၅)အကြား၊ အဆန်လမ်းကို ရေလယ်တိုင်အမှတ် (၃)နှင့်(၄)အကြားမှ ပြောင်းလဲဖွင့်လှစ်လိုက်ကြောင်းသိရသည်။

"များသောအားဖြင့် တံတားအောက်ကနေ ဖြတ်သန်းသွားတာက မော်လိုက်နဲ့ခန္တီးဘက်သွားတဲ့ ခရီးသည်နဲ့ ကုန်တင်ရေယာဉ်တွေပါ။ မြင်းကောင်ရေ ၂၀၀ အထက်တွေများတယ်။ ရေနည်းချိန်မှာ ရေလမ်းသွားရတာ အချိန်ကြာသလို ပိုပြီးဂရုစိုက်ရတယ်"ဟု မုံရွာဒေသခံတစ်ဦးက ပြောသည်။

ပြောင်းလဲလိုက်သည့် ရေလမ်းကြောင်းကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေပြင်အထက် ပေ ၄၀ ရှိကြောင်း၊ရေယာဉ်များ ဖြတ်သန်းရန်ဝင်ပေါက်တွင် နေ့အချိန် အစိမ်းရောင်တြိဂံအမှတ်အသားဖြင့် ပြသထားပြီး ညအခါတွင် မီးစိမ်းထွန်းပေးထားကြောင်း၊ မဝင်ရရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားဖြင့် ပြသကာ ညအခါတွင် မီးအနီရောင်ဖြင့် ပြသထားကြောင်းသိရသည်။

"တံတားရေလယ်တိုင်အောက်ခြေက အုတ်ခုံမှာ ရေလယ်တိုင်တစ်ဖက်တစ်ချက်က ၁၅ ပေထိုးထွက်နေတယ်။ ရေလယ်တိုင်နှစ်ခုအကြားမှာ ရေယာဉ်တွေယှဉ်ပြီး မောင်းတာ မလုပ်ဖို့နဲ့ တွဲတွန်းရေယာဉ်တွေကလည်း တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းဖို့လိုပါတယ်။ သတ်မှတ်လမ်းကြောင်းအတိုင်းမောင်းရမှာပါ" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ဆက်လက်ပြောပြသည်။

ရေယာဉ်များသည် အစုန်ကို ဦးစားပေးကာ ဝင်ပေါက်ထွက်ပေါက်များသို့ ချဉ်းကပ်သွားလာရာတွင် လုံလောက်သည့် အကွာအဝေးမှ ချဉ်းကပ်၍ လမ်းကြောင်းမှန်အတိုင်းသွားလာခုတ်မောင်းကြရန်လိုကြောင်း၊ မြစ်ရေနည်းချိန်နှင့် မြစ်ရေမြင့်တက်ချိန်တွင် ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်ခြင်းများကို ဌာနမှ အချိန်နှင့်တစ်ပြေးညီကြိုတင်အသိပေးချက်များထုတ်ပြန်နေကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ယာဉ်မောင်းအိပ်ငိုက်၍ တံတားကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**မြိတ်  ဖေဖော်ဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မဇော်ကျေးရွာအုပ်စု ပသောင်းကျေးရွာ ကြေးနန်းတိုင်တံတားကြီးပေါ်၌ ဖေဖော်ဝါရီ ၄ရက် နံနက် ၆နာရီခန့်က ကော့သောင်းမြို့မှ မြိတ်မြို့သို့ Big Horn အမျိုးအစား အဖြူရောင် မော်တော်ယာဉ်အား မောင်းနှင်လာစဉ် ယာဉ်မောင်းသူ အိပ်ငိုက်ခဲ့ရာမှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့နေ ဝဏ္ဏကျော်(၃၉)နှစ် မောင်းနှင်လာသော 1G/----- Big Horn အဖြူရောင်အမျိုးအစား မော်တော်ယာဉ်သည် ကော့သောင်းမှ မြိတ်မြို့ဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ဖေဖော်ဝါရီ ၄ရက် နံနက် ၆ နာရီခန့်က မြိတ်မြို့နယ် မဇော်ကျေးရွာအုပ်စု ပသောင်းကျေးရွာ ကြေးနန်းတိုင်တံတားပေါ် အရောက်တွင် အိပ်ငိုက်ပြီး တစ်ဖက်ယာဉ်ကျောသို့ ရောက်ရှိကာ ၎င်းတံတားပေါ်တွင် ကြေးနန်းတိုင်ကျေးရွာဘက်မှ ပသောင်းကျေးရွာဘက်သို့ ဝဲဘက်ပလက်ဖောင်းအစပ်မှ လမ်းလျှောက်လာသည့် ကြေးနန်းတိုင်ကျေးရွာမှ ဦးစိုးမောင် (၃၅)နှစ်နှင့် ဦးတင်ဟုန်(၄၅)နှစ်တို့အား ဝင်ရောက်တိုက်မိခဲ့ပြီး တံတား၏ ဝဲဘက်လက်ရန်းသံပေါင်တန်းအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယင်းယာဉ်တိုက်မှုကြောင့် လမ်းလျှောက်လာသူ ဦးစိုးမောင်တွင် ယာနဖူးပေါက်ပြဲဒဏ်ရာ၊ မေးစေ့ယာဘက် ပေါက်ပြဲဒဏ်ရာ၊ ညာခြေဖူးယောင်ဒဏ်ရာ(စိုးရိမ်ရ)နှင့် ဦးတင်ဟုန် တွင် ဝဲဘက်ခြေဖူးယောင်ဒဏ်ရာ၊ ယာခြေပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သောကြောင့် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူလျက်ရှိရာ မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်ခန့်တွင် ဦးစိုးမောင်သည် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဝဏ္ဏကျော်အား အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မြင့်ဦး (မြိတ်)**

**❁ ပရဟိတလုပ်ငန်းများမှ**

အန်နီရာသည် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်ပြီး အသက် ၂၁ နှစ်အရွယ်၊ အရပ် ခြောက်ပေတစ်လက်မရှိသည်။ သူသည် ၂၀၁၅ ခုနှစ် Miss USA အလှမယ်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီးနောက် ထိုင်းနိုင်ငံတွင်ကျင်းပသည့် Miss Grand International အလှမယ်ပြိုင်ပွဲတွင် ဒိုမီနီကန် ရီပတ်ဘလစ်နိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Title ဆုရရှိခဲ့သူဖြစ်သည်။

"အလှမယ်တစ်ယောက်အနေနဲ့ ချစ်ကြည်ရေး ဆယ်နိုင်ငံကိုသွားရောက် လေ့လာဖို့ရှိပါတယ်။ သရဖူဆောင်းပြီး တာဝန်ထမ်းဆောင်တာ ပထမဆုံး နိုင်ငံခြားခရီးစဉ်က မြန်မာပြည်ပါ။ ငြိမ်းချမ်းရေးကို ရွေးရှုပါတယ်။ စစ်ပွဲတွေရပ်ပါတော့ဆိုတဲ့ သတင်းလွှာကို ကျွန်မက ကိုယ်စားပြုပါတယ်" ဟု အလှမယ် အန်နီရာက ပြောသည်။

၎င်းသည် မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၃ရက် မနက် ၁၁ နာရီတွင် ရောက်ရှိခဲ့ပြီး ညနေတွင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း နှင့် မေရီချက်မန်းဆွံ့အနားမကြားကျောင်းသို့ သွားရောက်လေ့လာခဲ့ကာ ညပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ကြောင်းသိရသည်။

"မြန်မာပြည်ရောက်တော့ မေရီချက်မန်း ဆွံ့အနားမကြားကျောင်းမှာ ကျွန်မ ကလေးတွေနဲ့ အမှတ်သင်္ကေတဘာသာစကားနဲ့ ပြောကြပျော်ကြတယ်။ သူတို့အပျော် ကျွန်မဆီကူးဆက်လာတယ်။ ကျွန်မ နည်းနည်းသူတို့လို ပြောတတ်ပါတယ်။ ဘုရားမှာ ကျွန်မကိုတွေ့တော့လည်း ဘုရားဖူးတွေပျော်ကြတယ်။ ကျွန်မငြိမ်းချမ်းသွားတယ်။ ထဘီအင်္ကျီဝတ်တာ ပထမဆုံးဆိုတော့ ထူးဆန်းပြီးပျော်နေတယ်။ ကျွန်မက ခရစ်ယာန်ပါ။ ဒါပေမယ့် ကျွန်မ လက်အုပ်ချီပါတယ်။ မြန်မာတို့ရဲ့ ဘာသာရေးနက်ရှိုင်းမှုကို လေးစားလို့ပါ" ဟု အန်နီရာက ဆက်လက်ပြောသည်။

၎င်းသည် ဖေဖော်ဝါရီ ၄ ရက် မနက်ပိုင်းတွင် မင်္ဂလာဒုံရှိ ထောက်ကြံ့စစ်သင်္ချိုင်း၊ နေ့လယ်ပိုင်းတွင် သကေတမြို့နယ်ရှိ ရွှေသံလွင် ဘိုးဘွားရိပ်သာသို့ သွားရောက်လေ့လာခဲ့သည်။ ၎င်းနှင့်အတူ Miss Grand International အဖွဲ့အစည်းမှ ဥက္ကဋ္ဌလိုက်ပါခဲ့ပြီး ၂၀၁၆ ခုနှစ် အလှမယ်ရွေးချယ်ပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ဆွေးနွေးကာ ည ၉နာရီ လေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓါတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

**✱ ဂျပန်နိုင်ငံမှ**

ရာသီအလိုက် ကျရောက်တတ်သည့် ရောဂါဘေးအန္တရာယ်မဖြစ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရန်၊ ယခုနှစ်နွေရာသီ၌ အပူချိန်မြင့်မားနိုင်သည့်အတွက် တိရစ္ဆာန်များအား အပူဒဏ်မှ ကာကွယ်နိုင်ရေးလိုအပ်သည့် အစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ရေပြတ်လပ်မှုမရှိစေရန်အတွက် ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မကြာမီဖွင့်လှစ်တော့မည့် သစ်တောပြတိုက်သို့ သွားရောက်၍ ဦးစီးဌာနနှင့် လုပ်ငန်းဌာနအလိုက် ပြခန်းများခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘိုကလေးမြို့တွင် မီးလောင်မှုဖြစ်ပွား

**ဘိုကလေး  ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ်(၅)ရပ်ကွက် ဒုတိယလမ်း မာလကာကန်ရှေ့ နေအိမ်၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ မီးလောင်ရာသို့ ဘိုကလေးမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်စိုးထွဋ်နှင့် သန္တေတပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် ရပ်ကွက်ပြည်သူများ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့နှင့် ပူးပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၄၅ မိနစ်တွင် မီးညွှန့်ကျိုးသွားပြီး နံနက် ၂ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် လူနေအိမ်၊ ဈေးဆိုင် လေးလုံးမီးလောင်ခံရကာ မီးဘေးဒုက္ခသည် အမျိုးသားခြောက်ဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့နေရာချထားပြီး မီးလောင်မှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ဌေးနိုင်(ဘိုကလေး)**



# ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများကို ဖေဖော်ဝါရီလကုန်အထိ အစုရှယ်ယာရောင်းချပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများကို ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်မှ ဖေဖော်ဝါရီလကုန်အထိ အစုရှယ်ယာများ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်မှ သိရသည်။

ရန်ကုန်မြို့တော်၏ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် တစ်ဦးတစ်ယောက်ချင်းပိုင်ယာဉ်များကို စုစည်းအသုံးပြုနေရာမှ ခေတ်မီအဆင့်မြင့် ဘတ်စ်ကားလိုင်းစနစ်ကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုဖြင့် ထူထောင်သွားရန် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီ ထူထောင်၍ ယာဉ်လိုင်းများပြေးဆွဲသွားမည်ဖြစ်သည်။

"အများပြည်သူကို အစုရှယ်ယာအနေနဲ့ ငွေကျပ် ငါးဘီလီယံအထိ ရောင်းချသွားဖို့ ရှိပါတယ်။ ဖေဖော်ဝါရီ ၂ ရက်အထိ အစုရှယ်ယာ ကျပ် ၁ ဒသမ ၆၈ ဘီလီယံ ရောင်းချခဲ့ပြီးပါပြီ။ လူဦးရေအနေနဲ့ဆိုရင် ၇၁၀ လောက်ရှိပါတယ်။ ဖေဖော်ဝါရီလကုန်အထိ တိုးချဲ့ရောင်းချပေးသွားဖို့ရှိပါတယ်။ ကားသစ်တွေ ရောက်ရှိနေပြီဖြစ်လို့ ဖေဖော်ဝါရီ ၉ ရက်မှာ BRT Lite စနစ်နဲ့ ဘတ်စ်ကားပြေးဆွဲမှုကို စတင်တော့မှာ ဖြစ်ပါတယ်။

ဖေဖော်ဝါရီလကုန်မှာ ထပ်ရောက်လာမယ့် ကားသစ်တွေနဲ့ နောက်ထပ်လမ်းကြောင်းတစ်ခု တိုးချဲ့ပြေးဆွဲမှာဖြစ်ပါတယ်။ ဒီကဏ္ဍက ခေတ်အဆက်ဆက် ဘတ်စ်ကားစနစ်ကို ပြုပြင်ချင်တဲ့အတွက် ရေရှည်အတွက် ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်" ဟု ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်ဘတ်စ်ကားအများပိုင် ကုမ္ပဏီ ထူထောင်ကာ BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲနိုင်ရန် နိုင်ငံတော်မှ မတည်ထည့်ဝင်ငွေ ကျပ် ၁၀ ဘီလီယံ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ခြောက်ဦးမှ ငွေကျပ်သိန်းငါးထောင်စီ၊ အများပြည်သူ၏ ထည့်ဝင်ငွေရှယ်ယာများဖြင့် အများပြည်သူအခြေပြုဝန်ဆောင်မှုပေးမည့် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ပုံဖော်သွားမည်ဟု သိရသည်။ အစုရှယ်ယာတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ရောင်းချပေးပြီး အမြတ်ငွေရရှိမှုကို ဦးစားပေးဆောင်ရွက်ခြင်းမဟုတ်ဘဲ အများပြည်သူဝန်ဆောင်မှုကို ဦးတည်ဆောင်ရွက်သွားခြင်းသာဖြစ်သည်ဟု သိရသည်။

"ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားပါတယ်။ ရေရှည်အတွက်တော့ မပြောတတ်ဘူး။ ရေတိုကတော့ အမြတ်ရနိုင်တာမျိုးမဟုတ်တော့ သိပ်မလွယ်ဘူး။ အများပြည်သူဝန်ဆောင်မှုဆိုတာမျိုးကလည်း နိုင်ငံတော် အစိုးရက လုပ်ရမယ့်ဟာတွေလေ။ အမြတ်ရဖို့လုပ်ရင်တော့မလွယ်ဘူး။ အရှုံးခံဆောင်ရွက်ရတာမျိုးတွေ။ ဒီမှာက ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးကို ဝင်ငွေရှာသလိုလုပ်ခဲ့တော့ နှစ်ပေါင်းများစွာကြာတဲ့အခါ ပြန်ပြင်ဖို့မလွယ်ဘဲ ပျက်စီးသွားတယ်။

"တကယ်က အခုလိုမျိုး BRT စနစ်တွေ၊ MRT စနစ်တွေနဲ့ သယ်ယူ ပို့ဆောင်ရေးကဏ္ဍကို အဆင့်မြင့်တင် ပြောင်းလဲရတော့မှာ။ နိုင်ငံတကာမပြောနဲ့ ဒေသတွင်း နိုင်ငံတွေတော်တော်များများ ကျော်တက်သွားပြီ။ အခုစပြုပြင်ပြောင်းလဲရမှာပေါ့။ အများပြည်သူအနေနဲ့ ရှယ်ယာထည့်ဝင်တာထက်စာရင် နိုင်ငံတော်နဲ့ ပုဂ္ဂလိကလုပ်ငန်းကြီးတွေက တာဝန်ယူဆောင်ရွက်သင့်ပါတယ်" ဟု ပြည်ပမှ မြန်မာနိုင်ငံတွင် ပြန်လည်အခြေချနေထိုင်ကာ စီးပွားရေးလုပ်ကိုင်နေသူ ကိုစိုးမင်းက ပြောသည်။

BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမှုကို ဖေဖော်ဝါရီ ၉ ရက်မှ စတင်ကာ ရန်ကုန်မြို့ ပြည်လမ်းပေါ်တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်စီးခပုံသေ ကျပ် ၃၀၀ နှုန်းဖြင့် ခေတ်မီကတ်စနစ်၊ ငွေပေးချေမှုစနစ် ကျင့်သုံးကာ သတ်မှတ်စည်းကမ်းများအတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆုနှင်းလှဲ့**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတကာဆက်သွယ်ရေးဆက်ကြောင်းအဖြစ် အသုံးပြုနေသည့် SEA-ME-WE 3 အာရှ-ဥရောပ ရေအောက်ကေဘယ်ဆက်သွယ်ရေးစနစ် (Submarine Cable System) မှာ (၁၃-၁-၂၀၁၆) ရက် ည ၁၀ နာရီ ၉ မိနစ်တွင် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သဖြင့် ရေအောက်ကေဘယ်ချို့ယွင်းသည့် ခန့်မှန်းတည်နေရာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၇ ဒသမ ၅၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ ဒသမ ၇၅၆ မိနစ်၊ WD ၁၇ Meter တွင် ရေအောက်ကေဘယ်ပြုပြင်ရေးသင်္ဘော ASEAN RESTORER ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိ ရေအောက်ကေဘယ်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရေအောက်ကေဘယ်ပြုပြင်ရေးလုပ်ငန်းများကို ပြုပြင်ရေးသင်္ဘော ASEAN RESTORER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါရေအောက်ပြုပြင်သွားမည့် ဧရိယာတည်နေရာအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘော ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘော များ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားသည်။ **(ကြေးမုံ)**

# ကျွန်းစုမြို့နယ်တွင် ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး

**ကျွန်းစု ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း၊ တနင်္သာရီတိုင်းဒေသကြီး နှင့် မြိတ်ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ပူးပေါင်းကာ ကျွန်းစုမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များ၊ ကျေးရွာများရှိ ပြည်သူများကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာခန်းမတွင် တိုင်းရင်းဆေးပညာဆိုင်ရာများ အသိပညာပေးဟောပြော၍ ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် တနင်္သာရီတိုင်းဒေသကြီးတိုင်းရင်းဆေးပညာဦးစီးဌာနတိုင်းဦးစီးမှူး ဦးတင်အေး၊ မြိတ်ခရိုင်တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်ဝါဝါ၊ မြိတ်ခရိုင်တိုင်းရင်းဆေးရုံအုပ်ကြီးဦးကျော်စိုးတို့ကဆေးဘက်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ တိုင်းရင်းဆေးဖြင့် ဆေးကုသမှုများကိုဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာကြသူများအား လက်တွေ့စမ်းသပ်စစ်ဆေးကာ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **(ကျွန်းစု ပြန်/ဆက်)**

## နည်းပညာ

# မြန်မာနိုင်ငံ၏ နယ်မြေဧရိယာ ၉၀ ရာခိုင်နှုန်းကျော်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှ 3G ကွန်ရက်လွှမ်းခြုံဆောင်ရွက်မည်



**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံ၏ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ ဖေဖော်ဝါရီလဆန်းပိုင်းတွင် မြန်မာနိုင်ငံ၏နယ်မြေ ဧရိယာ ၉၀ ရာခိုင်နှုန်းကျော်ကို 3G ကွန်ရက်လွှမ်းခြုံကာ မိုဘိုင်းဖုန်းသုံးစွဲသူများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိတည်ဆောက်ထားသော MPT မိုဘိုင်းတာဝါတိုင်များ၌ 2.1 GHz လှိုင်းအပြင် ၉၀၀ MHz လှိုင်းကိုပါ 3G စနစ်ထည့်သွင်း တပ်ဆင်ထားသောကြောင့် MPT ၏ 3G ကွန်ရက်ကို ပိုမိုကျယ်ပြန့်လာစေကြောင်း၊ ယခင်က မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ ၆၀ ရာခိုင်နှုန်းကိုသာ 3G ဝန်ဆောင်မှုပေးနိုင်ခဲ့သော်လည်း လာမည့်မတ်လကုန်ပိုင်း၌ ၉၅ ရာခိုင်နှုန်းထိ ဝန်ဆောင်မှုပေးတော့မည်ဖြစ်ကြောင်း၊ 2G ကွန်ရက်မှ 3G ကွန်ရက်သို့ တိုးမြှင့်လိုက်ခြင်းအားဖြင့် နိုင်ငံအတွင်းရှိ မိုဘိုင်းဖုန်း သုံးစွဲကြသော ပြည်သူများမှာ ဖုန်းအဆက်အသွယ်များ၌ အသံပိုမိုကြည်လင် ကောင်းမွန်လာနိုင်ပြီး အင်တာနက်သုံးစွဲမှုတွင်လည်း 21Mbps အထိ အရည်အသွေးမြင့်စွာ သုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

MPT- KSGM မှ တာဝန်ရှိသူတစ်ဦးက "မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်းပြီး ပြည်သူများအတွက် ဝန်ဆောင်မှုအသစ်တွေကိုပေးခဲ့ပါတယ်။ ခုလည်း ယခင်က 2G အဆင့်သုံးစွဲနေရတဲ့နေရာတွေကို 3G အဆင့်ရရှိဖို့အတွက် ချဲ့ထွင်လိုက်ပါပြီ။ ဒီ 3G 900 MHz ဟာဆိုရင် နဂိုထက်သုံးဆ အရည်အသွေးမြင့်မားပါတယ်။ 3G ကွန်ရက်စနစ်ကို ဖေဖော်ဝါရီလဆန်းပိုင်းမှာ တစ်နိုင်ငံလုံး တပ်ဆင်ပြီးပြီဆိုရင်တော့ မိုဘိုင်းသုံးစွဲကြသူတွေအတွက် ပိုမိုအရည်အသွေးကောင်းတဲ့ 3G ကွန်ရက်ကိုသုံးစွဲနိုင်ကြတော့မှာဖြစ်ပါတယ်။ အဓိကကတော့မိုဘိုင်းဖုန်းသုံးစွဲကြသူတွေဟာ ဆင်းကတ် Slot 1 မှာထည့်ပြီး သုံးစွဲကြဖို့လိုအပ်ပါလိမ့်မယ်။ Slot 1 မှာ ဆင်းကတ်ကို ထည့်သုံးစွဲရင် လိုင်းဆွဲအား ပိုမိုကောင်းတယ်ဆိုတာ ပြည်သူတွေကို သိစေချင်လို့ပါ။ မိုဘိုင်းဖုန်းသုံးစွဲကြသူတွေအတွက် 3G 9+ Topup အစီအစဉ်လည်း စတင်ပါပြီ" ဟု ပြောသည်။

ကွန်ရက်ဖြန့်ကြက်ခြင်းအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ အထူးအစီအစဉ်ပြုလုပ်သည့်အနေဖြင့် ကြိုတင်ငွေဖြည့်စနစ် (pre-paid) သုံးစွဲသူများမှ ငွေကျပ် ၁၀၀၀ ဖြည့်လျှင် ၂၀ ရာခိုင်နှုန်းအနေဖြင့် ၂၀၀ ကျပ်၊ ငွေကျပ် ၃၀၀၀ ဖြည့်လျှင် ၃၀ ရာခိုင်နှုန်းအနေဖြင့် ၉၀၀ ကျပ်၊ ငွေကျပ်၅၀၀၀ ဖြည့်လျှင် ၄၀ ရာခိုင်နှုန်းအနေဖြင့် ၂၀၀၀ ကျပ်၊ ငွေကျပ် ၁၀၀၀၀ ဖြည့်လျှင် ၁၀၀ ရာခိုင်နှုန်းအနေဖြင့် ၁၀၀၀၀ ကျပ်၊ ငွေကျပ် ၂၀၀၀၀ ဖြည့်လျှင် ၁၀၀ ရာခိုင်နှုန်းအနေဖြင့် ၂၀၀၀၀ ကျပ်၊ ငွေကျပ် ၃၀၀၀၀ ဖြည့်လျှင် ၁၀၀ ရာခိုင်နှုန်းအနေဖြင့် ၃၀၀၀၀ ကျပ်ဖြင့် အပိုထပ်ဆောင်းငွေများရရှိကြမည်ဖြစ်ပြီး ထိုအပိုထပ်ဆောင်းငွေအတွက် သက်တမ်းကုန်ဆုံးရက်မှာ အထူးအစီအစဉ်အတွင်း ငွေဖြည့်ခဲ့သည့်ရက်မှ ၁၅ ရက်အတွင်း အသုံးပြုနိုင်ကြမည်ဖြစ်သည်။ သုံးစွဲသူများသည် ၎င်းတို့၏လက်ကျန်ငွေပမာဏကို ၁၃၃၁ (သို့) BAL ဟု စာတိုပေးပို့ကာစစ်ဆေးနိုင်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ မိုဘိုင်းသုံးစွဲကြသူများ လွယ်ကူအဆင်ပြေစွာ သုံးစွဲနိုင်ကြစေရေးအတွက် KDDI ကော်ပိုရေးရှင်း၊ (KDDI)၊ Sumitomo ကော်ပိုရေးရှင်း (Sumitomo) တို့နှင့် လုပ်ငန်းစပ်တူပူးပေါင်းရန် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက သဘောတူလက်မှတ်ရေးထိုးခဲ့ကြကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# မိုက်ခရိုဆော့ဖ်မှ News Pro app အား iOS အတွက်ထုတ်လုပ်

မိုက်ခရိုဆော့ဖ်သည် ဇန်နဝါရီ ၂၆ ရက်က ရှာဖွေရေးအင်ဂျင်တစ်ခုဖြစ်သော Bing ၏ သတင်းများကိုအခြေခံကာ မိမိတို့၏ အလုပ်အကိုင်နှင့်ပတ်သက်သည့် သတင်းများကို ဦးစားပေးဖော်ပြပေးမည့် News Pro ဟုအမည်ပေးထားသော apps အား iOSအတွက် ထုတ်လုပ်ခဲ့ကြောင်းသိရသည်။

အခြေခံလုပ်ဆောင်ချက်အားဖြင့် News Pro သည် အခြားသတင်း apps များကဲ့သို့ပင် မိမိတို့၏ စိတ်ဝင်စားမှုများကိုအခြေခံကာ ရှာဖွေမှုများပြုလုပ်ပြီး အကြံပြုတင်ဆက်ပေးမည့်စနစ်ကိုအသုံးပြုထားသည်။ ကွဲပြားခြားနားသည့်အချက်မှာ သက်ဆိုင်ရာ အလုပ်အကိုင်များနှင့် ပတ်သက်သောသတင်းများကို ဦးစားပေးဖော်ပြသွားမည်ဟုဆိုသည်။ အဆိုပါ News Pro app အား စတင်ဖွင့်လိုက်လျှင် မိမိတို့၏ Facebook နှင့် Linked In account တစ်ခုခုနှင့်ချိတ်ဆက်၍ ရွေးချယ်နိုင်မည်ဖြစ်ပြီး ချိတ်ဆက်ပြီးလျှင် ၎င်း account များတွင်ပါရှိသော မိမိတို့၏ အလုပ်အကိုင်နှင့်ပတ်သက်သည့် သတင်းများကို app ၏ ပင်မသတင်းစာမျက်နှာတွင် ဖော်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

လတ်တလောအနေဖြင့် ပင်မကြောရိုးလုပ်ဆောင်ချက်များကို အသားပေးထားသည့်အတွက် အခြားသော ကိုယ်ပိုင်လုပ်ဆောင်ကာအသုံးပြုနိုင်မည့် လုပ်ဆောင်ချက်များ ပါဝင်သေးခြင်းမရှိသေးပေ။ သို့သော်လည်း လက်ရှိသုံးစွဲနိုင်သော လုပ်ဆောင်ချက်များအနက် အသုံးဝင်မည့်အချက်တစ်ခုမှာ "speedy" ဆိုသော ရွေးချယ်မှုဖြင့် သတင်းများကိုဖတ်ရှုနိုင်ခြင်းဖြစ်သည်။ အဆိုပါ လုပ်ဆောင်နိုင်စွမ်းသည် Safari web browser တွင် "Reader View" ဖြင့် သတင်းများကိုဖတ်ရှုသည့်ပုံစံနှင့်တူညီပြီး ဝက်ဘ်ဆိုက်ကိုနှေးကွေးစေမည့် ကြော်ငြာများကဲ့သို့ သတင်းနှင့်မသက်ဆိုင်သည့် အရာများကိုဖယ်ထုတ်ကာ စာဖတ်ရာတွင် ရှင်းလင်းလွယ်ကူမှုရှိစေမည့်ပုံစံဖြင့် ဖော်ပြပေးမည်ဖြစ်သောကြောင့် သတင်းများကို မြန်မြန်ဆန်ဆန်၊ ရှင်းရှင်းလင်းလင်းဖြင့်ဖတ်ရှုနိုင်မည်ဖြစ်သည်။

သတင်းဖတ်ရှုသူများအနေဖြင့် ပင်မကဏ္ဍကြီးလေးခုဖြစ်သည့် Industries, Organizations Skills နှင့် Products တို့အောက်တွင် သက်ဆိုင်ရာ ခေါင်းစဉ်များကို အပိုင်းကဏ္ဍများအလိုက် ခွဲခြားဖော်ပြထားပေးမည်ဖြစ်သည်။ ဥပမာအားဖြင့် Industries အောက်တွင် Information Technology and Services ,Construction,Retail စသည့်ကဏ္ဍများကိုတွေ့နိုင်သကဲ့သို့ Organizations အောက်တွင် IBM,Microsoft,Bank of America ,US Navy စသည့် ခေါင်းစဉ်ခွဲများကို တွေ့နိုင်မည်ဖြစ်သည်။ Skills အောက်တွင် Customer Service, Management စသဖြင့် တွေ့မြင်နိုင်မည်ဖြစ်သလို Products အောက်တွင် Google Maps, Toyota Camry,iPhone စသဖြင့် ခေါင်းစဉ်ခွဲများစွာကိုတွေ့ရမည်ဖြစ်သည်။ အဆိုပါ ခေါင်းစဉ်ခွဲများအလိုက် သတင်းများကို စုစည်းတင်ဆက်ပေးထားမည်ဖြစ်သောကြောင့် မိမိစိတ်ဝင်စားသည့်အကြောင်းအရာများပါဝင်သောသတင်းများကို လွယ်လင့်တကူ ရှာဖွေဖတ်ရှုနိုင်မည်ဖြစ်သည်။

News Pro အား iOS တွင် app အဖြစ်အသုံးပြုကာ ဖတ်ရှုနိုင်မည်ဖြစ်သကဲ့သို့ desktop ကွန်ပျူတာအသုံးပြုသူများအနေဖြင့်လည်း ဝက်ဘ်ဆိုက်မှတစ်ဆင့်ဝင်ရောက်ဖတ်ရှုနိုင်မည်ဖြစ်သည်။ဝက်ဘ်ဆိုက်မှကြည့်ရှုလိုပါက http://newspro.microsoft.com/ သို့ ဝင်ရောက်ကာ News Pro ၏ သတင်းများကို ဖတ်ရှုနိုင်မည်ဖြစ်သည်။ iOS တွင် တင်သုံးလိုပါက http://itunes.apple.com/app/id1071935844 မှတစ်ဆင့် မိမိတို့၏ iPhone, iPad များတွင် ထည့်သွင်းအသုံးပြုနိုင်ကြောင်း သိရသည်။

**ငြိမ်းချမ်း(BE-IT)**

# ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လူပျို၊ အပျိုဝန်ထမ်းများနှင့် အမှုထမ်းအိမ်ထောင်သည်ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စု နယ်မြေအတွင်းရှိ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လူပျို၊ အပျိုဝန်ထမ်းများနှင့် အမှုထမ်းအိမ်ထောင်သည်ဝန်ထမ်းများအား အဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောက်လုပ်လျက်ရှိသော နှစ်ထပ်လူပျိုဆောင်နှင့် အပျိုဆောင် ၁၅ လုံးနှင့် ခြောက်ခန်းတွဲလေးထပ်၊ အမှုထမ်းအိမ်ရာ ၂၀ လုံး တည်ဆောက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးကံချွန်နှင့်ဦးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီများမှ တည်ဆောက်လျက်ရှိသော ခြောက်ခန်းတွဲလေးထပ် အမှုထမ်းအိမ်ရာ ၂၀ လုံး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ဆောက်လုပ်ရေးတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဘောဂသိဒ္ဓိရပ်ကွက် ရွှေကြာပင်လမ်းရှိ လူပျိုဆောင် ငါးလုံးနှင့် အပျိုဆောင် ၁၀ လုံး တည်ဆောက်ပြီးစီးနေပြီဖြစ်၍ ဝန်ထမ်းများအား နေရာချထားပြီးဖြစ်ရာ ဝန်ထမ်းများနေထိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း နှစ်သောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အပ်ငွေလုပ်ငန်းဖြင့် အပ်နှံဆောက်လုပ်ခဲ့ရာတွင် လူပျိုဆောင် ငါးလုံး၊ အပျိုဆောင် ၁၀ လုံး စုစုပေါင်းအခန်း ၇၂၀ မှာ အားလုံးပြီးစီးပြီဖြစ်၍ ဝန်ထမ်းများ နေထိုင်လျက်ရှိနေပြီဖြစ်ပြီး အမှုထမ်းအိမ်ထောင်သည်ဝန်ထမ်းများအတွက် ခြောက်ခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ ၂၀ လုံး အခန်းပေါင်း ၅၀၄ ခန်းသည်လည်း ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နေရာချထားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဗြိတိသျှကောင်စီမှကြီးမှူး၍ ပထမအကြိမ် ပညာရေးပြပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၄**

ဗြိတိသျှကောင်စီမှကြီးမှူး၍ ပထမအကြိမ် ဗြိတိန်နိုင်ငံ အဆင့်မြင့်တက္ကသိုလ်များနှင့် ကောလိပ်များ ပညာရေးပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၆၆) လမ်းထောင့်ရှိ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပခဲ့သည်။

ဗြိတိန်ပညာရေးပြပွဲတွင် လန်ဒန်၊ မန်ချက်စတာ၊ ကမ်းဘရစ် အပါအဝင် တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ သင်တန်းရေးရာ တာဝန်ခံများလာရောက်၍ ကျောင်းသား ကျောင်းသူများ၊ မိဘများအား ၎င်းတို့တက္ကသိုလ်များတွင် သင်ကြားပို့ချနေသော ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရန်အတွက် လိုအပ်သော ပညာအရည်အချင်းများ၊ ရရှိနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဟောပြောဆွေးနွေးသည်။

ဥရောပတက္ကသိုလ်များသို့ သွားရောက်သင်ကြားလိုသော မန္တလေးမြို့မှ လူငယ်များအတွက် အခွင့်အလမ်းကောင်းများရရှိခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ပြည်ပခရီးသွားများအနေဖြင့် သမိုင်းဝင်ရှေးဟောင်းလက်ရာအဆောက်အအုံများအပြင် မြို့ပေါ်ဈေးများအတွင်း လေ့လာမှုကိုအလေးပေးလာ

**မုံရွာ ဖေဖော်ဝါရီ ၄**

အုပ်စုလိုက်လာသော ပြည်ပခရီးသွားအများစုသည် မြန်မာနိုင်ငံ ဒေသအနှံ့ လှည့်လည်လေ့လာကြရာတွင် သမိုင်းဝင်ရှေးဟောင်းလက်ရာ အဆောက်အအုံများအပြင် မြို့ပေါ်ဈေးများအတွင်း လေ့လာမှုကို အလေးပေးလာကြရာ မုံရွာမြို့သို့ ဦးတည်လာကြသော ပြည်ပဧည့်သည်များကို ခရီးသွားကုမ္ပဏီအများစုက ချင်းတွင်းရတနာဈေးနှင့် သံလမ်းတစ်လျှောက်ရှိ သံလမ်းဈေး(ခ)အခွန်လွတ်ဈေးသို့ ပို့ဆောင်ပေးရမှုများကြောင်း ရန်ကုန်အခြေစိုက်ခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူ ကိုစိုးထံမှ သိရသည်။

“ပြည်ပခရီးသွားအများစုက လူအများ သဘာဝအတိုင်း သက်ဝင်လှုပ်ရှားသွားလာနေတဲ့ ဈေးတွေကို လေ့လာရတာ ပိုသဘောကျကြတယ်။ လေ့လာချင်တယ်ဆိုတာကိုလည်း ကုမ္ပဏီကိုပြောပြတောင်းဆိုတာတွေရှိတော့ ရောက်တဲ့မြို့က ဈေးကိုလိုက်ပို့ပေးရတာရှိပါတယ်။ ဈေးထဲမှာ လှုပ်ရှားသွားလာနေတဲ့လူတွေရဲ့စရိုက်ကို လေ့လာကြသလို ရောင်းတဲ့ပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေ၊ တောဒေသက ကုန်စည်တွေကို အလွန်သဘောကျနှစ်ခြိုက်ကြပါတယ်။ အခုမုံရွာမှာလည်း အိန္ဒိယပစ္စည်း၊ တရုတ်ပစ္စည်း၊ ပြည်တွင်းပစ္စည်းတွေနဲ့ ရာသီလိုက်ထွက်တဲ့ ပစ္စည်းတွေ ရောင်းဝယ်နေကြတာကို သဘောကျကြသလို နံနက်ခင်းအသီးအနှံ ဟင်းသီးဟင်းရွက်တွေ ရောင်းကြတာကို သဘာဝအတိုင်းမြင်ရတဲ့ သံလမ်းဈေးကို လေ့လာတာ အများအားဖြင့် သဘောကျနှစ်သက်ကြတယ်”ဟု ၎င်းက ပြောသည်။

မုံရွာမြို့သို့လာရောက်သော ပြည်ပခရီးသွားများအနေဖြင့် ဗောဓိတစ်ထောင်၊ မိုးညှင်း၊ ဖိုဝင်တောင် ဒေသများသို့ လေ့လာကြသည့်အပြင် မုံရွာမြို့ပေါ်ရှိ ချင်းတွင်းရတနာဈေးနှင့် သံလမ်းဈေးများသို့ အဓိကထားလေ့လာကြကြောင်း သိရသည်။

ချင်းတွင်းရတနာဈေးတွင် အိန္ဒိယပစ္စည်းအများအပြားနှင့် တရုတ်ပစ္စည်းအများအပြားကို လေ့လာခွင့်ရကြသလို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဒေသထွက်ပစ္စည်းများအပြင် မြန်မာနိုင်ငံအတွင်းမှ ဒေသထွက်ကုန်များကို ရောင်းချသောကြောင့် လေ့လာမှုအဝန်းအဝိုင်း ပိုမိုကျယ်ပြန့်သော ဈေးကြီးအဖြစ် တည်ရှိနေသည်။

ထို့ပြင် ပြည်ပဧည့်သည်များ ကြိုက်နှစ်သက်သည့် သံလမ်းဈေးတွင် မုံရွာဝန်းကျင်ထွက် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ကျေးလက်ဒေသဝန်းကျင်ထွက် ပစ္စည်းများ၊ ရာသီစာသီးနှံများ၊ အစားအစာများ ရောင်းဝယ်ဖောက်ကားမှုများကို သဘာဝအတိုင်း မြင်တွေ့ရသော နေရာအဖြစ် တည်ရှိနေသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဆိုင်ကယ်များဖြင့် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံအနေဖြင့် သဘာဝအခြေခံ ရေမြေတောတောင်အလှမျိုးစုံကိုပိုင်ဆိုင်ထားပြီး ကမ္ဘာ့ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်၊ အနုပညာလက်ရာ ရိုးရာဓလေ့ထုံးစံများနှင့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ စိတ်ဝင်စားဖွယ်ရာ လူနေမှုဓလေ့စရိုက်များဖြင့် ကမ္ဘာ့နိုင်ငံများကြားတွင် အသိအမှတ်ပြုခြင်း၊ စိတ်ဝင်တစားအလေးထားခြင်းများရရှိလာပြီး နိုင်ငံခြားသားခရီးသည်များအတွက် သွားရောက်လည်ပတ်ရန် အကောင်းဆုံး ခရီးစဉ်ဒေသတစ်ခုဖြစ်လာသဖြင့် လစဉ်တိုးတက်စွာဝင်ရောက်လျက်ရှိသည်။ ထိုကဲ့သို့ လည်ပတ်ရာတွင်လည်း အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ရေကြောင်းလိုင်းများသာမက နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များမှတစ်ဆင့် မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်း ခရီးစဉ်များဖြင့်လည်း လာရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Terraverde Myanmar Travels & Tours Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျာမနီနိုင်ငံသား နှစ်ဦး ပါဝင်သောအဖွဲ့သည် မော်တော်ဆိုင်ကယ် နှစ်စီးဖြင့် ဇန်နဝါရီ ၁၁ ရက်တွင် တာချီလိတ်မြို့မှ ဝင်ရောက်လာပြီး တာချီလိတ်- ကျိုင်းတုံ- မိုင်းပြင်- တောင်ကြီး- ညောင်ရွှေ- အင်းလေး-ပင်းတယ- ကလော- မန္တလေး- အမရပူရ- စစ်ကိုင်း- ပုဂံ- ပုပ္ပား- နေပြည်တော်- ပဲခူး- ကျိုက်ထီးရိုး- မော်လမြိုင်- ဘားအံ- မြဝတီမြို့များသို့ သွားရောက်လည်ပတ်ကာ ဇန်နဝါရီ ၂၅ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ထို့အတူ Myanmar Senses Family Travels &Tours Co.,Ltd.၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဩစတြေးလျနိုင်ငံသား နှစ်ဦး ပါဝင်သောအဖွဲ့သည် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ဇန်နဝါရီ ၂၅ ရက်တွင် မြဝတီမြို့မှ ဝင်ရောက်လာပြီး မြဝတီ- ဘားအံ- ပဲခူး- မုံရွာ- ကလေး- တမူးမြို့များသို့ သွားရောက်လည်ပတ်ကာ ဇန်နဝါရီ ၂၈ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ၎င်းတို့ဝါသနာဖြစ်သည့် ကိုယ်ပိုင်ယာဉ်များကို ကိုယ်တိုင်မောင်းနှင်ကာ နိုင်ငံဖြတ်ကျော်ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ လှပသောရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများ၊ ရိုးရာဓလေ့ထုံးစံများ၊ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဓလေ့စရိုက်များကို သိရှိခံစားလို၍ လာရောက်လည်ပတ်ကြရာ ခရီးသည်ဝင်ရောက်မှုများမှာ လစဉ်တိုးတက်များပြားလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဆေးရုံသုံးစွန့်ပစ်အမှိုက်များအား Medical Waste Incinerator စက်ဖြင့် မီးရှို့ဖျက်ဆီးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၄**

ကိုရီးယားနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဆေးရုံသုံး စွန့်ပစ်အမှိုက်များကို Medical Waste Incinerator စက်ဖြင့် မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်သည် ဆေးရုံသုံးစွန့်ပစ်အမှိုက်များအား သီးသန့်မီးရှို့ဖျက်ဆီးရန်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံး အသုံးပြုမည့်စက်ဖြစ်ပြီး အပူချိန် ၁၀၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်ဖြင့် အငွေ့မထွက်ဘဲ ပြာမှုန်ဖြစ်သွားသည်အထိ မီးရှို့ဖျက်ဆီးနိုင်သည့်အပြင် လေထုညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု လုံးဝမရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာသွင်ကျော်ကျော်က ပြောသည်။

“ဒီစက်က အရောင်၊ အနံ့၊ အငွေ့ လုံးဝမထွက်တဲ့စက် ဖြစ်ပါတယ်။ ဒါ့အပြင် လေထုနဲ့ မြေအောက်ရေကြောတွေကိုလည်း ထိခိုက်မှုမရှိတဲ့ စက်ဖြစ်တယ်လို့ သူတို့က အာမခံထားတဲ့အပြင် ဒီစက်ကို တပ်ဆင်တော့မယ်ဆိုရင်လည်း ကျွန်တော်တို့က EIA(Environmental Impact Assessment)ရဲ့ စမ်းစစ်ချက်တွေနဲ့လည်း စမ်းသပ်စစ်ဆေးမှုတွေလုပ်ဦးမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ စက်အသုံးပြုရန် ကိုရီးယားနိုင်ငံ၏ ကမ်းလှမ်းချက်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရယူကာ လက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်သည်။

ဆေးရုံများမှထွက်ရှိသော စွန့်ပစ်အမှိုက်များမှာ လူနာများကို အသုံးပြုထားသည့် ဆေးထိုးအပ်များ၊ ဂွမ်းစများ၊ ရော်ဘာလက်အိတ်များနှင့် ခွဲစိတ်ထားသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ စသည်တို့ဖြစ်ပြီး ယင်းစွန့်ပစ်အမှိုက်များကို ကိုင်တွယ်ထိတွေ့မိပါက ပြည်သူများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သဖြင့် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၅ - ၂ -၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်
၇:၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉:၃၅ အနုပညာသတင်းအစီအစဉ်
၁၀:၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တောင်းတဲ့ဆု)(အပိုင်း-၈၃)
၁:၂၀ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "တစ်ခိုင်လုံးရွှေအငြိမ့်" (အပိုင်း-၁)
၁:၄၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄)
၂:၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၃:၃၅ ညဏ်ရည်ချင်းပြိုင် ဘယ်သူနိုင် (ကိုကိုအောင်နှင့်ခွန်းလင်းထက်)
၄:၃၅ Football မဂ္ဂဇင်း(ရတနာပုံယူနိုက်တက်အသင်း)
၅:၃၅ Hyper Sports
၆:၃၅ The Farmer
၇:၁၅ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "တစ်ခိုင်လုံးရွှေအငြိမ့်" (အပိုင်း-၂)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ (တောင်းတဲ့ဆု) (အပိုင်း-၈၄)
-ချစ်သောဤကမ္ဘာမြေ
-သမိုင်းကိုဖော်ပြသော ဝါကျများ၊ "အုပ်စုံတီးပညာရှင်ဦးစိန်လှနှင့်တွေ့ဆုံခြင်း"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-အလင်္ကာ၀တ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၂၂)
၆:၂၀ ပြည်သူ့နီတိ"မျဉ်းပြိုင်နှစ်ကြောင်း၏လားရာ"
၆:၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၆)
၇:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂)
၈:၃၅ မှတ်မှတ်သားသားပုံပြင်များ "ရေစစ်ကရား" (ဘာလိတ်၊ ဝီလျံထွန်း၊ ထူးမြတ်) (ဒါရိုက်တာ-သီတာလင်း(Laurel Art Academy)
၉:၀၅ တေးဂီတအစီအစဉ်
၉:၁၅ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း(ဒုတိယခေတ်) (မင်းသမီး-ရွှေရည်ဝင်း) (လူရွှင်တော်-ညောင်ညောင်၊ ကြယ်သီး)
၁၀:၀၀ ဗုဒ္ဓပြည်ယကူအကမင်္ဂလ ငေမ-၂၀၁၄
၁၀:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "တွဲဖက်အပြုံး" (နေတိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-အောင်ဗပါဝါ)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၃)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ ချစ်စကား" (အပိုင်း-၁၂)
၁၀:၁၀ ခေတ်သစ်ပျိုမေ
၁၀:၅၅ အနုပညာမိုးကောင်းကင်
၁၁:၄၀ MRTV-4 Stage
၁၂:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၆)
၁၂:၄၅ Olympians Learning Hub သင်တန်းကျောင်း မိတ်ဆက်ပွဲ
၂:၂၀ MRTV-4 မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၁၃)
၆:၁၀ Health Fix
၆:၁၅ MRTV-4 မြန်မာရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၄)
၇:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၁၄)
၈:၁၅ ရသစုံညွှန်းတမ်းများ
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ ချစ်စကား" (အပိုင်း-၁၃)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၇)
၁:၁၀ Food & Decor
၄:၁၀ World of Knowledge(Doomsday Preppers: Friends Can BeomeEnemies)

## မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၅ မျိုးချစ်တပ်မတော်
၆:၄၀ မှတ်တမ်း
၆:၅၀ မြန်မာသံစဉ်ချိုနားဝင်
၇:၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
၇:၃၀ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈:၅၀ မြဝတီနေ့စဉ်သတင်း
၉:၂၀ သူနှင့်သူ၏သီချင်းများ
၄:၀၆ တစ်ပတ်အတွင်းစီးပွားရေးသတင်း
၄:၄၀ ဇာတ်လမ်းတို
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆:၃၀ "ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၃၃၈) ဒါရိုက်တာ-မိုးဇော်ကို
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ (အပိုင်း-၂၅)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

## ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်




# နိုင်ငံရေးအက်ရှင်ဇာတ်ကားသစ် 13 Hours ရုံတင်ပြသ

နိုင်ငံရေးနဲ့ဆိုင်တဲ့ အက်ရှင်ဇာတ်ကားတွေကို ကြိုက်နှစ်သက်တဲ့ ပရိသတ်ကြီးအတွက် လာမယ့် ဖေဖော်ဝါရီ ၅ ရက်(ယနေ့)မှာ အသစ်ရုံတင်မယ့် အမေရိကန်ဝါရင့်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ မိုက်ကယ်ဘေးရဲ့လက်ရာ 13 Hours: The Secret Soldiers of Benghazi ဆိုတဲ့ဇာတ်ကားကို တင်ပြလိုက်ပါတယ်။

အမေရိကန်အက်ရှင်မင်းသားများဖြစ်တဲ့ John Krasinski နဲ့ James Badge Dale တို့က ခေါင်းဆောင်ပါဝင်ထားပြီး ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးကနေ ဖြန့်ချိခဲ့တာပါ။

၂၀၁၂ ခုနှစ် လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့မှာဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို ဇာတ်လမ်းကျောရိုးအဖြစ် ဇာတ်လမ်းဆင်ရိုက်ကူးထားတာဖြစ်လို့ အက်ရှင်ဇာတ်ကားကြိုက်ပရိသတ်တွေ အကြိုက်တွေ့စေမှာပါ။

ဒီဇာတ်ကားကို အမေရိကန်နိုင်ငံမှာ ဇန်နဝါရီ ၁၅ ရက်က စတင်ဖြန့်ချိခဲ့ရာမှာ ဇန်နဝါရီ ၃၁ ရက်မှာ မြောက်အမေရိကမှာရှိတဲ့ ရုပ်ရှင်ရုံများမှ ရရှိတဲ့ရုံဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၂ သန်းကျော်နဲ့ အခြားနေရာတွေ အပါအဝင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၄၄ သန်းကျော် ဝင်ငွေရရှိခဲ့တာကြောင့် အဖွင့်ပွဲစဉ်တွေမှာတင် ပရိသတ်တွေ တစ်ခဲနက်အားပေးတာကို တွေ့ရပါတယ်။

ဒီဇာတ်ကားကို ယနေ့မှာ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်နဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ စတင်ပြသသွားမှာဖြစ်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါတယ်။

# 2016 Kids' Choice Awards ဆုပေးပွဲအတွက် ဆုလျာထားစာရင်း ထုတ်ပြန်

ဟောလိဝုဒ်ရဲ့အနုပညာထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ "2016 Kids' Choice Awards" ဆုပေးပွဲကြီးမှာ ဆုအတွက်လျာထားခံရတဲ့ အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကို အဆိုပါဆုပေးပွဲကြီးရဲ့ ဆုရွေးချယ်ရေးအဖွဲ့က ဖေဖော်ဝါရီ ၂ ရက်မှာ သူတို့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

ယင်းထုတ်ပြန်ခဲ့သော ဆုလျာထားစာရင်းအရ ရုပ်သံအစီအစဉ်နဲ့ပတ်သက်တဲ့ဆု ကိုးဆု၊ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆုငါးဆု၊ ဂီတနဲ့ပတ်သက်တဲ့ဆု ခြောက်ဆုနဲ့ အခြားဆုအမျိုးအစား နှစ်ဆု စုစုပေါင်းဆုအရေအတွက် ၂၂ ဆုကို ပေးအပ်သွားမှာဖြစ်ပြီး ယင်းဆုပိုင်ရှင်တွေကို ပရိသတ်တွေကလည်း nick.comသို့ မဲတွေပေးပို့ကာ ပါဝင်ရွေးချယ်ပေးနိုင်ကြောင်း အမ်တီဗွီနယူးစ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ဂီတနဲ့ပတ်သက်တဲ့ဆုတွေအတွက် ဆုအရေအတွက် အများဆုံးလျာထားခံရတဲ့ ပေ့ါပ်အဆိုတော်နှစ်ဦးကတော့ ဂျက်စတင်ဘီဘာနဲ့ တေလာဆွစ်တို့ပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ တစ်နှစ်တာအတွက် အနှစ်သက်ဆုံးတေးသီချင်းဆုအပါအဝင် ဆုသုံးဆုစီအတွက် လျာထားခံခဲ့ရပါတယ်။ အခြားသော တေးသံရှင်တွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်၊ အဒဲလ်၊ သယ်ဝိခ်ကမ်းဒ်နဲ့ အက်ဒ်ရှီရန်တို့ဟာလည်း ဆုလျာထားစာရင်းမှာ ပါဝင်ပါတယ်။

ရုပ်ရှင်ထူးချွန်ဆုတွေအတွက် လျာထားခံရတဲ့ သရုပ်ဆောင်အများစုကတော့ "Star Wars: The Force Awakens" ရုပ်ရှင်နဲ့ "Avengers: Age of Ultron" ရုပ်ရှင်မှာပါဝင်တဲ့ သရုပ်ဆောင်တွေပဲဖြစ်ကြပါတယ်။ အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်ဆု(အမျိုးသား)အတွက် လျာထားခံရသူစာရင်းမှာ "Avengers: Age of Ultron" ရုပ်ရှင်က ဇာတ်ဆောင်တွေဖြစ်ကြတဲ့ ခရစ်အီဗန်စ်၊ ခရစ်ဟမ်းစ်ဝ့ါသ်နဲ့ ရောဘတ်ဒေါင်နေဂျူနီယာတို့ သုံးဦးစလုံးပါဝင်ပြီး ယင်းဆုအတွက် လျာထားခံရတဲ့ အမျိုးသမီးသရုပ်ဆောင်တွေထဲမှာတော့ စကားလက်ဂျိုဟန်ဆန်နဲ့ ဂျနီဖာလောရန့်စ်တို့ ပါဝင်ပါတယ်။ ရုပ်သံဖန်တီးမှု ရုပ်ရှင်တွေမှာ အသံနဲ့ ပါဝင်သရုပ်ဆောင်ကြတဲ့ အနုပညာရှင်တွေအနက် ဆုလျာထားခံရသူတွေထဲမှာ နာမည်ကျော်တွေဖြစ်ကြတဲ့ ဂျနီဖာလိုပက်ဇ်၊ ဆန်ဒရာဘူးလော့ထ်နဲ့ ဆယ်လီနာဂိုမက်ဇ်တို့ ပါဝင်ကြောင်း သိရပါတယ်။

အဆိုပါဆုပေးပွဲကို လာမယ့်မတ်လ ၁၂ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ယခု ကျင်းပမယ့် ဆုပေးပွဲဟာ (၂၉) ကြိမ်မြောက်ဖြစ်ပါတယ်။ ယခုကျင်းပမယ့် ဆုပေးပွဲမှာ အဆိုတော် ဘလိတ်ခ်ရှယ်လ်တန်က အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကာ ပြီးခဲ့တဲ့နှစ်က ဆုပေးပွဲကိုတော့ အဆိုတော် ဒေမီလက်ဗားတိုးက တင်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။













ခင်ခင်သက်




## ၃၃ ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့သည့် ပီအက်စ်ဂျီအသင်း စံချိန်သစ်တစ်ခုတင်နိုင်ခဲ့

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် ပွဲစဉ်(၂၄)အဖြစ် လော်ရီရန့်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၃၃ ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်နှင့်အတူ စံချိန်သစ်တစ်ခုတင်နိုင်ခဲ့ပြီဖြစ်သည်။

လော်ရီးရန့်အသင်းအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ကာဗာနီက ပွဲကစားချိန် ၆ မိနစ်တွင် သွင်းယူပေးခဲ့ပြီး လော်ရီးရန့်အသင်း၏ အားထားရသည့် ကစားသမား ဂွါရီယိုက လော်ရီးရန့်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် ၁၉ မိနစ်တွင် သွင်းယူပေးခဲ့သည်။

ထိုသို့ ပထမပိုင်းပွဲကစားချိန်အပြီးတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယပိုင်းတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်နှင့် ကွာဇာဝါတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက လော်ရီးရန့်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ရပ်နေလျက်ရှိသည့် မိုနာကိုအသင်းကို ၂၄ မှတ်ဖြတ်ကာ ရမှတ် ၆၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် လာမည့်ပွဲစဉ်(၂၅)အဖြစ် မာဆေးလ်အသင်း၏ အိမ်ကွင်းသို့ ဖေဖော်ဝါရီ ၇ ရက်တွင် သွားရောက်ကစားရမည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းပွဲစဉ်အဖြစ် နောက်ဆုံးကစားခဲ့သည့် ၃၃ ပွဲတွင် ပွဲပေါင်း ၃၀ အထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး သုံးပွဲမှာ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ လော်ရီးရန့်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဂိုးပေါင်း ၂၀ သွင်းယူနိုင်ခဲ့ပြီး ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ ဂိုးအများဆုံးသွင်းယူထားသည့်စာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

**(ငွေကြယ်)**

## အက်သလက်တီကိုမှ ထွက်ခွာရန် ပြင်ဆင်ထားပြီးဖြစ်တဲ့ ဖာနန်ဒိုတောရက်စ်




အေစီမီလန်မှ အက်သလက်တီကိုတွင် ၁၈ လအငှားစာချုပ်နဲ့ လာရောက်ကစားနေတဲ့ ဖာနန်ဒိုတောရက်စ်ကို အက်သလက်တီကို ဘက်ကနေ စာချုပ်သက်တမ်း ထပ်တိုးချုပ်ဆိုမှုမရှိတာကြောင့် သူ့အနေနဲ့ အက်သလက်ကနေ ထွက်ခွာဖို့ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်တယ်လို့ တောရက်စ်က ဆိုပါတယ်။ တောရက်စ်က အက်သလက်တီကိုမှာ ဆက်လက်ကစားလိုပေမယ့် လာမယ့် နွေမှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် သူ့ကို အက်သလက်ဘက်က စာချုပ်သက်တမ်းထပ်တိုးဖို့ အခုထိ လာရောက်ဆွေးနွေးခြင်းမရှိသေးပါဘူး။ အက်သလက်တီကိုဟာ တောရက်စ်ကို ခေါ်ယူချင်ရင် အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူလို့ရမယ့် အခွင့်အရေးတွေရှိနေပေမယ့် ပွဲ ၅၀ ဝင်ရောက်ကစားပြီးကာမှ ရှစ်ဂိုးသာ သွင်းယူနိုင်သေးတဲ့ တောရက်စ်ကို ခေါ်ယူလိုခြင်းမရှိတာကြောင့် သူ့အနေနဲ့ အေစီမီလန်ကိုသာ ပြန်ရဖို့သေချာနေပြီဖြစ်ပါတယ်။

တောရက်စ်က "ကျွန်တော့်ရဲ့ စိတ်ခံစားချက်အရဆိုရင်တော့ ဒီမှာပဲဆက်နေချင်တာပါ။ ဒါပေမယ့် ကျွန်တော်က ကလေးတစ်ယောက်မဟုတ်တော့ တဲ့အတွက် ကိုယ်ဖြစ်ချင်တာထက် ဘာလုပ်ရမလဲဆိုတာကို သိနေတာကြောင့် ဝမ်းနည်းတာတော့မရှိပါဘူး။ ဒါပေမယ့် အခုထိဒီကလပ်အသင်းရဲ့ ဂျာစီကိုဝတ်ဆင်ပြီး ကစားခွင့်ရနေတာကိုပဲ ကျေနပ်သလို တစ်နေ့နေ့မှာ ဒီကိုပဲ ပြန်လာပြီး ကျွန်တော့်ရဲ့သွင်းဂိုးတွေနဲ့ ပရိသတ်တွေပျော်ရွှင်အောင် စွမ်းဆောင်ပြချင်ပါသေးတယ်"လို့ ဆိုခဲ့ပါတယ်။

တောရက်စ်က သူ့ရဲ့စာချုပ်သက်တမ်းတိုးရေးကိစ္စရပ်နဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက အက်သလက်တီကိုနည်းပြ ဒီယေဂိုဆီမြွန်နီနဲ့ ဆွေးနွေးခဲ့ပြီးနောက်မှာ အခုလို ထုတ်ဖော်ပြောလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တောရက်စ်က သူ့ကို အက်သလက်ဘက်က စာချုပ်သက်တမ်းထပ်မတိုးတော့ပေမယ့် ဒီနှစ်ရာသီကုန်အထိ အက်သလက်အတွက် ကစားပေးသွားမှာတော့ သေချာတယ်လို့ ပြောခဲ့ပါတယ်။ တောရက်စ်ဟာ အက်သလက်တီကိုမှာ အသက်(၁၇)နှစ်ကျော်ကတည်းက ကစားလာခဲ့ပြီး (၁၉) နှစ်အရွယ်မှာ ကလပ်အသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်ခွင့်ရခဲ့သူပါ။ ၂၀၀၁ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အထိ အက်သလက်တီကိုမှာကစားပေးခဲ့ပြီး လီဗာပူးကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ နဲ့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပါတယ်။

**(မေလှဲ့သင်း)**

## ဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးဂိုးသမား ဘီဂိုဗစ်သည် အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးမှုများပြားနေခြင်းကြောင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- လီဗာပူးတိုက်စစ်မှူး စတားရစ်သည် လက်ရှိတွင် လီဗာပူးအသင်းနှင့်အတူ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်လာနိုင်ခဲ့သော်လည်း ဆန်းဒါးလန်းအသင်းနှင့်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်လာရန်မသေချာသေးကြောင်း သိရသည်။
- အက်သလက်တီကိုမက်ဒရစ်အသင်းသည် တိုက်စစ်မှူး ဂျက်ဆင်မာတီနက်ဇ်အား ရောင်းချကာ ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာအား ပြန်လည်စာချုပ်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

## လီဗာပူးနည်းပြအဖြစ် တာဝန်မယူမီ ဂျာဂန်ကလော့နှင့် ဘရန်ဒန်ရော့ဂျာတွေ့ဆုံခဲ့ဟုဆို




လက်ရှိလီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့သည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက လီဗာပူးအသင်းနည်းပြအဖြစ်တာဝန်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် လီဗာပူးအသင်းအား မည်သို့ချဉ်းကပ်ရမည်ဆိုသည်ကို သိရှိနိုင်ရေးအတွက် လီဗာပူးနည်းပြဟောင်း ဘရန်ဒန်ရော့ဂျာ၏ အကြံဉာဏ်ရယူရန် ဘရန်ဒန်ရော့ဂျာနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

နည်းပြဘရန်ဒန်ရော့ဂျာသည် လီဗာပူးအသင်းအားကိုင်တွယ်ခဲ့စဉ်တွင် ရလဒ်ပိုင်းဆိုးရွားမှုများနှင့် ကြုံခဲ့ရခြင်းကြောင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသူဖြစ်ပြီး နည်းပြသစ်အဖြစ် ဒေါ့မွန်အသင်းနည်းပြဖြစ်သူ ဂျာဂန်ကလော့ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် နည်းပြဂျာဂန်ကလော့ရောက်ရှိလာခဲ့ပြီးနောက် ရလဒ်ကောင်းများကို ရယူထားနိုင်ခဲ့ပြီး လက်ရှိတွင်လည်း ပရီမီယာလိဂ် ပွဲစဉ် ၂၄ ပွဲကစားအပြီးတွင် ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့်(၈) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

**(ငွေကြယ်)**

## ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်တို့ အနိုင်သေချာနေတဲ့

## လာလီဂါရင်ခုန်သံ - ၂၃

***စပိန်လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ် ၂၃ ကိုလာမယ့် ဖေဖော်ဝါရီလ ၆၊၇၊၈၊၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာ ဆီဗီလာက ဆယ်လ်တာဗီဂိုရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားရဖို့ရှိနေသလို ဘာစီလိုနာနဲ့ ရီးယဲလ်တို့ကလည်း အဝေးကွင်းပွဲစဉ်တွေကစားရမှာဖြစ်တာကြောင့် အနိုင်ပြတ်ကစားနိုင်မလားဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။***

**ရှိုင်းမင်းမင်း**

**မာလာဂါ - ဂီတာဖေး နံနက် ၂း၀၀ (၆-၂-၁၆)**

မာလာဂါရဲ့ခြေက အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကျဆင်းနေပါတယ်။ ဒါပေမယ့် မာလာဂါအနေနဲ့ တန်းဆင်းဇုန်ထဲက အသင်းတွေနဲ့ အမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းခြေလည်း မာကျော့ပါတယ်။ ဂီတာဖေးခြေမဆိုးပေမယ့် သရေလောက်ပဲရမယ်။

**အက်သလက်တီကို - အီဘား ည ၉း၃၀ (၆-၂-၁၆)**

အီဘားခြေက အတော်လေးကောင်းမွန်နေပါတယ်။ အထူးသဖြင့် အီဘားရဲ့တိုက်စစ်က အခုနောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းခြေထက်မြက်နေပါတယ်။ ဒါပေမယ့် အက်သလက်တီကိုကလည်း ခြေစွမ်းပိုင်းကောင်းမွန်မှုရှိသလို အိမ်ကွင်းပွဲစဉ်မှာလည်း အမှားခံမှာမဟုတ်ပါဘူး။ အက်သလက်တီကိုကသာ နိုင်ပွဲရမယ်။

**ဗယ်လက်ကာနို - လက်ပဲလ်မက်စ် ည ၁၁း၄၅(၆-၂-၁၆)**

ဗယ်လက်ကာနိုက အခုနောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့အတွက် ပွဲစဉ်တိုင်းကို အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း တိုးတက်မှုရှိလာပါတယ်။ လက်ပဲလ်မက်စ်ကတော့ တန်းမဆင်းရဖို့ ကြိုးစားရုန်းကန်နေတဲ့အသင်းဖြစ်ပေမယ့် ခြေစွမ်းက ပျက်ယွင်းနေပါတယ်။ ဗယ်လက်ကာနိုကသာ အိမ်ကွင်းမှာကပ်နိုင်မှာပါ။

**ဘီဘာအို -ဗီလာရီးယဲလ် နံနက် ၂း၀၀ (၇-၂-၁၆)**

ဘီဘာအိုက အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံမဆိုးပါဘူး။ ဒါ့အပြင်ဥရောပဝင်ခွင့်မျှော်လင့်လာနိုင်တာကြောင့်လည်း ပွဲတိုင်းအာရုံစိုက်ကစားနေသလို အိမ်ကွင်းခြေလည်း ကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့် ဗီလာရီးယဲလ်ခြေကောင်းနေပေမယ့် ရုန်းကန်ရနိုင်ပြီး ဘီဘာအိုတို့ သရေလောက်ကစားနိုင်မယ်။

**ဂီဂျွန် - ဒီပို့တီဗို နံနက် ၃း၃၅ (၇-၂-၁၆)**

တန်းဆင်းဇုန်အတွင်းက ဂီဂျွန်ဟာတန်းမဆင်းရဖို့ ကြိုးစားရုန်းကန်နေပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေနဲ့အတူ ရလဒ်ပိုင်းမငြိမ်တာကိုတွေ့ရပါတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ဂီဂျွန်တို့ ဒီပို့တီဗိုရဲ့တုံ့ပြန်မှုကို ခံရနိုင်ပါတယ်။ ဒီပို့တီဗို ခြေသာမန်သာရှိပေမယ့် ကပ်နိုင်သွားမှာပါ။ သွင်းဂိုးနည်းမယ်။

**လီဗန်တေး - ဘာစီလိုနာ ညနေ ၅း၃၀ (၇-၂-၁၆)**

အမှတ်ပေးဇယားအောက်ပိုင်းကို ရောက်ရှိနေတဲ့ လီဗန်တေးက တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခံစစ်ပိုင်းကတော့ အခုချိန်အထိ အားနည်းမှုတွေများနေဆဲဖြစ်တာကြောင့် ဘာစီလိုနာရဲ့ တိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်ဖို့မလွယ်ကူပါဘူး။ ဘာစီလိုနာပဲ ဂိုးပြတ်အနိုင်ရဖို့ ရှိနေပါတယ်။

**ဘက်တစ် - ဗလင်စီယာ ည ၉း၃၀ (၇-၂-၁၆)**

ဘက်တစ်က တန်းဆင်းဇုန်ကအသင်းတွေနဲ့ အမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခံစစ်ကစားပုံမငြိမ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေမထက်မြက်ပါဘူး။ ဗလင်စီယာတို့အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတက်ပေမယ့် ဒီပွဲမှာတော့ ဗလင်စီယာပဲကပ်နိုင်မယ်။

**ဆယ်လ်တာဗီဂို - ဆီဗီလာ ည ၁၁း၄၅ (၇-၂-၁၆)**

ဆီဗီလာက အခုနောက်ပိုင်းပွဲစဉ်တွေမှာ အဝေးကွင်း ကစားပုံကပါ တည်ငြိမ်မှုရှိလာတာကို တွေ့ရပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုရှိနေတာကြောင့် ဆယ်လ်တာဗီဂိုရဲ့ အိမ်ကွင်းခြေကို ထိန်းချုပ်နိုင်မှာပါ။ ဆယ်လ်တာဗီဂိုက အိမ်ကွင်းခြေမဆိုးပေမယ့် ဒီပွဲမှာတော့ ဆီဗီလာတို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

**ဂရန်နာဒါ -ရီးယဲလ် နံနက် ၂း၀၀ (၈-၂-၁၆)**

ရီးယဲလ်ဟာ ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့အတွက် အခုလိုပွဲမျိုးမှာ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ အထူးသဖြင့် ဂရန်နာဒါဟာ အိမ်ကွင်းမှာ ကစားရမှာဖြစ်သလို တန်းမဆင်းရရေးအတွက်လည်း အားစိုက်လာမှာဖြစ်ပေမယ့် ခံစစ်ကစားပုံက မတည်ငြိမ်ပါဘူး။ အဝေးကွင်းမှာ ရီးယဲလ်ကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

**အက်စ်ပန်ညို -ဆိုစီဒက် နံနက် ၂း၀၀ (၉-၂-၁၆)**

ဆိုစီဒက်က တန်းဆင်းဇုန်ကအသင်းတွေနဲ့ အမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် ပွဲတိုင်းကို အာရုံစိုက်ကစားနေပေမယ့် အဝေးကွင်းခြေစွမ်းနဲ့ ခံစစ်ကစားပုံကတည်ငြိမ်မှုမရှိပါဘူး။ အက်စ်ပန်ညိုက ခြေစွမ်းပိုင်းကျဆင်းနေပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာပါ။ ဆိုစီဒက်သရေထက်ပိုမရနိုင်ဘူး။

# အရာတော်မြို့နယ်၌ ရာသီဥတုဒဏ်ကြောင့် သုံးနှစ်ဆက်တိုက်စပါးအထွက်လျော့နည်းနေ

**အရာတော် ဖေဖော်ဝါရီ ၄**

အရာတော်မြို့နယ်အတွင်း စပါးဈေးကောင်းသော်လည်း ရာသီဥတုဒဏ်ကြောင့် သုံးနှစ်ဆက်တိုက် စပါးအထွက်လျော့နည်းမှုနှင့်ရင်ဆိုင်နေရကြောင်း မုံရွာခရိုင် အရာတော်မြို့နယ် ကာဘိုးဆည်ရေသောက် စပါးစိုက်တောင်သူများက ပြောသည်။

ရာသီဥတု၏ ဆိုးဝါးမှုဒဏ်ကြောင့် ဧရာမင်းစပါး တစ်ဧကလျှင် တင်း ၇၀ ခန့်နှင့် ဘေးကြားတစ်ဧကလျှင် တင်း ၆၀ ခန့်သာထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဧရာမင်းစပါးအသစ် တင်းတစ်ရာလျှင် ကျပ်ရှစ်သိန်းဝန်းကျင်းနှင့် ဘေးကြားစပါးအသစ်တင်းတစ်ရာလျင် ကျပ်ကိုးသိန်း ဝန်းကျင်၊ အဟောင်းအနေဖြင့် တင်းတစ်ရာလျှင် ကျပ် ၁၂ သိန်းခန့်ရရှိပြီး ဧရာမင်းစပါးအနေဖြင့် ဝယ်လက်မရှိသလောက်ဖြစ်နေကြောင်း သိရသည်။

"စပါးကိုအရင်ကထက်စာရင် မျိုးကောင်းမျိုးသန့်ရွေးစိုက်ပြီး စားလို့ကောင်းအောင်ဧရာမင်းဘေးကြား စပါးတွေကို အဓိကထားစိုက်ပျိုးတယ်။ ရာသီဥတုဒဏ်ကြောင့် စပါးနှံတွေမှာ အနှံဖြူပိုးလေးတွေကျတာကို ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာသုံးပြီး အဆင်ပြေအောင်ဆောင်ရွက်ပါတယ်။ စပါးရိတ်သိမ်းတော့ စပါးအထွက်နှုန်းဟာ အခုနှစ်ရောဆိုရင် သုံးနှစ်ဆက်တိုက်အထွက်နှုန်းလျော့နေတယ်"ဟု ဒေသခံစပါးစိုက်တောင်သူက ပြောပြသည်။

အရာတော်မြို့နယ် ကာဘိုးဆည်ရေသောက် စပါးစိုက်တောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် ဆည်ရေဖြင့် ဧရာမင်းစပါးဘေးကြားစပါးများကို အဓိကထား စိုက်ပျိုးကြသည်။

အရာတော်မြို့နယ် မိုးစပါးစိုက်တောင်သူများအနေဖြင့် ရာသီဥတုဒဏ်ကြောင့် စပါးအထွက်နှုန်း သုံးနှစ်ဆက်တိုက် လျော့နည်းသော်လည်း စပါးဈေးများမှာ ယခင်နှစ်များထက် မြင့်တက်မှုရှိသဖြင့် စပါးစိုက်ပျိုးရသည်မှာ အဆင်ပြေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# တောင်သူများ ဆောင်းသီးနှံများရိတ်သိမ်းရန် အလုပ်သမားရှားပါး

**မုံရွာ ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေတောင်သူများဖြစ်ကြရာ နှစ်စဉ်မပျက် နှမ်း၊ မိုးဆောင်းရာသီမရွေး နိုင်ငံ့စားနပ်ရိက္ခာများအဖြစ် ဆန်စပါး၊ ဂျုံ၊ ပြောင်း၊ ကုလားပဲ၊ ပဲစင်းငုံစသည့် အဓိကသီးနှံများအပြင် မီးဖိုချောင်သုံး ငရုတ်၊ ကြက်သွန်၊ အားလူး စသည့်တို့ကိုလည်း စဉ်ဆက်မပျက် စိုက်ပျိုး ထုတ်လုပ်ပေးလျက်ရှိပြီး လက်ရှိအချိန်တွင် တောင်သူများ ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ သီးနှံ ဈေးကောင်းရနေချိန်ဖြစ်သော်လည်း ရိတ်သိမ်းရန်အတွက် အလုပ်သမားရှားပါး၍ အခက်တွေ့ကြုံ နေလျက်ရှိကြောင်း စိုက်ပျိုးသည့် တောင်သူများက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ယင်းမာပင်မြို့နယ်ညောင်ကိုင်းကျေးရွာမှ တောင်သူတစ်ဦးက "ကျွန်တော်တို့ရွာမှာအရင်နှစ်များထက် အခုနှစ်မှာဆို တောင်သူ အများအပြားက ဆောင်းသီးနှံများဖြစ် တဲ့ ငရုတ်၊ ပဲစင်းငုံတွေကိုအလေးထားအများအပြားတိုးချဲ့ စိုက်ပျိုးခဲ့ပါတယ်။ အခုပြောသို လထဲမှာ ကောက်ဆွတ်ရိတ်သိမ်းရန်အတွက်တစ်မနက်ခင်းကို အလုပ်သမားခ တစ်ဦးကို ငွေကျပ် ၁၅၀၀ ပေး ရတယ်။

"တစ်နေကုန်ဆိုရင် ငွေကျပ် ၄၀၀၀ ပေးရတယ်။ ပဲစင်းငုံတွေ ရိတ်ပြီးပါပြီ။ အထွက်လည်းကောင်းပါတယ်။ ဈေးကောင်းလည်းရတယ်။ ဒါပေမယ့် ရိတ်သိမ်းဖို့အတွက် လုပ်သားကတော့ အတော့်ကို ရှားပါးပါတယ်။ ခပ်လှမ်းလှမ်းက ရွာတွေအထိ ရှာဖွေငှားရမ်းရပါတယ်။ အထွက်ကောင်းလို့ ဝမ်းသာပေမယ့် အလုပ်သမားရှားပါးတဲ့အတွက် အခက်ကြုံတွေ့နေပါတယ်" ဟု ပြောသည်။

ယင်းသို့ တောင်သူများ ဆောင်းသီးနှံ ရိတ်သိမ်းရန် အလုပ်သမားရှားမှုမှာ ဒေသအတွင်းရှိ လူငယ်လူရွယ်များ မလေးရှား၊ စင်ကာပူစသည့် ပြည်ပနိုင်ငံများသို့ စီးပွားရှာ လုပ်ကိုင်ကြသူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများလာခြင်းကြောင့် အလုပ်သမားရှားပါးခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မင်းတပ်မြို့နယ် ဝေးလောင်းအုပ်စု လေရှိရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

**မင်းတပ် ဖေဖော်ဝါရီ ၄**

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရွှေချင်းညီနောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို မင်းတပ်မြို့နယ် တိုက်နယ်အမှတ်(၁၄) ဝေးလောင်းအုပ်စု လေရှိကျေးရွာတွင် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပခဲ့သည်။

ယင်းဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားတွင် ချင်းပြည်နယ်စည်ပင်ဝန်ကြီးဦးနိန်နိုင်း၊ ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်နှင့် ရပ်မိ၊ ရပ်ဖဦးကီးခွဲ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ချင်းပြည်နယ်စည်ပင်ဝန်ကြီး ဦးနိန်နိုင်း ၊ ဆောက်လုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးငွန်ဆန်းအောင်၊ ချင်းပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်၊ ချင်းပြည်နယ်ပညာရေးမှူး ဦးသိန်းဆောင်၊ မင်းတပ်မြို့မှ သက်ဆိုင်ရာ ခရိုင်မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့်ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ လုပ်ငန်းများစတင်

**ဟသ်ာတ ဖေဖော်ဝါရီ ၄**

ဟသ်ာတမြို့နယ်တွင် ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ၃၃ ယူနစ်တွင်ပါဝင်သည့် ဆင်မသေကျေးရွာအုပ်စုတွင်းရှိ ကျေးရွာများအား ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက မြို့နယ်မြစိမ်းရောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်လွင်နှင့် ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါဆင်မသေကျေးရွာအုပ်စုတွင်းရှိဆင်မသေ၊ ရုံးတောစု၊ ဆင်မသေကျေးရွာများတွင် စီမံကိန်းရံပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

ယင်းနောက်ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ စီမံကိန်းတာဝန်ခံမြို့နယ်ဝန်ထမ်းများက ဒေသခံများအား တွေ့ဆုံ၍ အိမ်ထောင်စုအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းများ ရေးသွင်းထားမှုများအား ညှိနိုင်းဆွေးနွေးဆောင်ရွက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မုံရွာမြို့နယ်တွင် ယာဉ်မတော်တဆမှုလျော့နည်းစေရန်မော်တော်ယာဉ်များနှင့် ဆိုင်ကယ်ယာဉ်မောင်းများအား စစ်ဆေး

**မုံရွာ ဖေဖော်ဝါရီ ၄**

မုံရွာမြို့နယ်အတွင်း မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးမှုများကို မုံရွာမြို့ပေါ်လမ်းဆုံ များတွင် အမှတ် (၁၁၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁ ရက်မှ စတင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

"မော်တော်ယာဉ်ပဲဖြစ်ဖြစ်၊ မော်တော်ဆိုင်ကယ်ပဲဖြစ်ဖြစ် ယာဉ်မောင်းတွေလိုက်နာရမယ့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို စနစ်တကျဖြစ်စေပြီး ယာဉ်မတော်တဆမှုတွေ လျော့နည်းပပျောက်စေဖို့အတွက် ဇန်နဝါရီလ တစ်လလုံးကို ပညာပေးကာလအဖြစ် သတ်မှတ်ပြီး အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ပါတယ်။



"အဲဒီလိုလုပ်ဆောင်ခဲ့တဲ့အတွက် ယာဉ်မတော်တဆမှုတွေ လျော့နည်းခဲ့ပါတယ်။ အခုကတော့ ပညာပေးကာလ ကျော်လွန်ပြီဖြစ်တဲ့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေမလိုက်နာတဲ့ မော်တော်ယာဉ်တွေ၊ မော်တော်ဆိုင်ကယ်တွေကို အပြစ်ပေးအရေးယူမှုတွေ စတင်လုပ်ဆောင်နေပါပြီ အဓိက အနေနဲ့မော်တော်ယာဉ်တွေ မြို့တွင်း၊ မြို့ပြင်တွေမှာ သတ်မှတ်စည်းကမ်းတွေလိုက်နာဖို့ပါ၊ မော်တော် ဆိုင်ကယ်မောင်းနှင်တဲ့သူတွေလည်း ဦးထုပ်ဆောင်းစေဖို့အတွက်ပါ"ဟု အမှတ် (၁၁၁) ယာဉ်ထိန်းတပ်ဖွဲ့ စုမှူးရုံးမှ ဒုရဲမှူးအေးကျော်က ပြောသည်။

မုံရွာမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု မျိုးစုံအကြိမ် (၂၀) ဖြစ်ပွား ခဲ့၍ ကျား ၂၆ ဦး၊ မငါးဦး ဒဏ်ရာရရှိခဲ့ပြီး သေဆုံးမှု မရှိခဲ့ကြောင်းနှင့် ယင်းကြောင့်ဆုံးရှုံးမှု ကျပ် ၉၈၂၀၀၀ ရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှုမျိုးစုံ (၁၄) ကြိမ်ဖြစ်ပွားခဲ့၍ ကျား ၂၀၊ မလေးဦး ဒဏ်ရာ ရရှိခဲ့ပြီး ကျားငါးဦး သေဆုံးခဲ့ကြောင်းနှင့် ဆုံးရှုံးမှု ကျပ် ၃၇၅၀၀၀ ရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ထုတ်ပြန်သော ယာဉ်တိုက်မှုစာရင်းများအရ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကျောက်တံခါးမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဆင်းပွဲကျင်းပ

**ကျောက်တံခါး ဖေဖော်ဝါရီ ၄**

ကျေးလက်နေပြည်သူများ အခြေခံ လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု တတ်ကျွမ်းနားလည်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကျင်းပသည့် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက တောကျွဲအင်းမြို့ အောင်ဇေယျ ၂ ရပ်ကွက် ကတ်ကွင်းစေတီဘုရားဝန်းဓမ္မာရုံ၌ကျင်းပခဲ့သည်။

ယင်းပြင် ကျောက်တံခါးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမြင့်စိန်က သင်တန်းသား ၃၅ ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**



# မင်းဘူးခရိုင် စလင်းမြို့နယ်တွင် စပါးအထွက်နှုန်းကောင်းပြီး စပါးဈေးကောင်းနေ၍ စပါးစိုက်သူများအဆင်ပြေ

**စလင်း ဖေဖော်ဝါရီ ၄**

မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ လင်းဇင်းဆည်နှင့် စလင်းဆည်ရေသောက် လယ်မြေများတွင် စပါးအထွက်နှုန်းကောင်းပြီး ဈေးကောင်းများရရှိသဖြင့် စပါးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စလင်းမြို့နယ် တောစိမ့်ကျေးရွာမှ တောင်သူဦးစိုးမြင့်က "အခုနှစ် စပါးထွက်နှုန်းက တစ်ဧကတင်း ၈၀ မှ ၁၀၀အထိ ထွက်ပါတယ်။ ပွဲစားများအကြိုက် ဧရာပဒေသာနဲ့ ဧရာမင်းစပါးမျိုးတွေကို တောင်သူအများ စိုက်ပျိုးကြတယ်။ အခုနှစ် ပေါက်ဈေးက တစ်တင်း ကျပ် ၉၀၀၀ကနေ ကျပ် ၉၅၀၀ အထိ ရတယ်။

ရာသီဥတုအခြေအနေရ အရင်ကလိုကောက်ရိတ်၊ ကောက်လှိုင်းတိုက်၊ စပါးနှယ်မလုပ်တော့ဘူး၊ ရိတ်သိမ်းခြွေလှေ့စက်နဲ့ပဲ ရိတ်ကြတော့တယ်။ ရိတ်သိမ်းခြွေလှေ့စက်ငှားရမ်းခက တစ်ဧက ကျပ် ၅၅၀၀၀ ပေးရတယ်။ ပွဲစားတွေက လယ်ထဲအရောက် လာရောက်ဝယ်ယူနေတော့ သယ်ယူစရိတ်ပါ သက်သာတယ်။ စပါးအထွက်နှုန်းကောင်းလို့ လယ်တစ်ဧက စပါးရောင်းချယုံနဲ့ သားရှင်ပြုအလှူပွဲတွေလဲ လုပ်နိုင်ကြတယ်" ဟု ပြောသည်။

စလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများ စပါးအထွက်နှုန်းကောင်းပြီး စပါးဈေးကောင်းရရှိ နေသဖြင့် သားရှင်ပြုအလှူပွဲများကို ယခင်နှစ်များထက် ပိုမိုပြုလုပ်လာကြကြောင်းသိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

ဆောင်းပါး

# ဧလတာပို့တွဲ
# မီးဖုန်းပွဲနှင့်ထမနဲပွဲတော်



**à ရွှေဟိုသီရိမာလာ**

တပို့တွဲလသည် မြန်မာမှုအရ ကုံရာသီခေါ်၍ ၎င်းလတွင် စန်းပြည်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်သည်။ ယှဉ်သော တာရာချိန်တာရာဖြစ်ပြီး ရာသီရုပ်မှာ ရေထမ်းသမားရုပ်ဖြစ်သည်။ ရာသီပန်းကား ဆူးပန်း၊ ပေါက်ပန်း၊ လဲပန်းဖြစ်သည်။ ရာသီပွဲတော်ကား မီးဖုန်းအလှူပွဲနှင့် ထမနဲပွဲဖြစ်လေသည်။ နံနက် ၆ နာရီမိနစ် ၂၀ တွင် နေထွက်၍ ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေဝင်လေ့ရှိသဖြင့် ညတာသည် နေ့တာထက် ပို၍ရှည်သည်။ ရက်မစုံသောလဖြစ်၍ ရက်ပေါင်း ၂၉ ရက်သာရှိသည်။ တပို့တွဲလတွင် မြန်မာနာရီရှေးခေတ်အယူအဆတွင် နေ့ ၂၆ နာရီ၊ ည ၃၆ နာရီ ရှိသည်။ ရှေးမြန်မာတို့စံတော်ချိန် သတ်မှတ်ချက်အရ နေမွန်းတည့်မှ ငါးဖဝါးသာရှိသည်။ ထို့ကြောင့် ကင်းဝန်မင်းကြီးသံပေါက် တိုလေးတွင်ကား "တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ" ဟူ၍ ရေးစပ်ခဲ့လေသည်။ ထို့ပြင် စာဆိုတော်များက "တပို့တွဲလ၊ ပေါက်လဲရယ်ငုံစီစီ၊ ဖူးတန်ကချီ၊ သည်ရာသီ ဘာဟီကအိုအပေါင်း ပျိုတို့မောင်ရွှေယောင်တွဲငယ်နှင့် လွဲပေ့ါသည် ဆောင်း"ဟူ၍ ရာသီအလှနှင့် အလွမ်းဓာတ်ရှိသော သူမယ်ကအနွေးကို တမ်းတနေစဉ်လွဲရပြန်၍ လှလှပပဖွဲ့ဆိုထားလေသည်။ စာဆိုတော်ဦးကြော့ကလည်း "ရွှေယုဂန်နန်း၊ ညိုမြကစခန်းခို ခလျှံထူ၊ ချမ်းဆိုမှုစုံမတူသည် သယမ္ဘူသော်မှ၊ မီးမယ်ဖျူးရွှေလက်ကင်သည်၊ ရေစက်သွင်အေးတဲ့သည်လ၊ ဆင်ထိမ့်ရာ သိမ့်သိမ့်ဖြာသည်၊ ခြိမ့်တာရာမဃ၊ ငြိမ့်သာယာတိတိကြွလို့၊ သိသီရစက်ခွင်၊ ထန်းဆော်လေလဲဝါနုငယ်နှင့် ပွဲယာဂုမီးပုန်းတော်တင်" စသည့် တပို့တွဲလ၏ အလှနှင့် သဘာဝတို့ကိုဖွဲ့ဆိုခဲ့၏။ အချို့စာဆိုများ၊ ပညာရှိများက တပို့တွဲလ၏ အဓိပ္ပာယ်ကို ထန်းဖူးထန်းဖူးခိုင်တို့၏ အောက်သို့တွဲလွဲညွှတ်ကိုင်းဆွဲဆိုင်းစေသည်။ ညွှတ်ကိုင်းဆွဲ ဆိုင်းအောင်ပြုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဆိုလိုသည်မှာ တပို့တွဲလတွင် ထန်းသမားတို့သည် ထန်းရည်ကောင်း စွာထွက်၍ ထန်းရည်ခံရာတွင် လွယ်ကူစေရန်ထန်းဖူးထန်းခိုင်တို့နှင့် တကွ ပတ်လည်ရှိ ထန်းလက်တို့အား အောက်သို့ ညွှတ်ကိုင်းဆွဲဆိုင်းလာအောင် ခြေဖြင့်နင်းနှိပ်ချလေ့ရှိကြပေ၏။ ၎င်းကိုထန်းရည်နင်းသည်ဟု အများအားဖြင့်ခေါ်ကြသည်။ "မယ်ခွေ၏တပို့တွဲလအဲချင်းတွင်၊ မြိုးဥမှတိမ်စုံလေ၊ သတ္တိဗီသျှ၊ နက္ခတ္တနှင့်၊ ယှဉ်ကြမလွဲ၊ တပို့တွဲ၌၊ ပေါက်လဲငုံကင်း၊ (ထန်းရည်ငယ်နင်းကြသည်) နှင်းထုံထုံငယ်နှင့်လေ"ဟူ၍ ၎င်းဦးကြင်ဥ၏ ရာသီဘွဲ့ညည်းချင်း တပို့တွဲလဘွဲ့တွင် "ထန်းရည်နင်း၊ ပေါက်ကင်းတဲ့လဲငုံ၊ ဆက်ရက်ကယ်သာကာနှင့်၊ ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပုပုံ၊ စရိုက်ကယ်လှုံ၊ ပင်မြုံမြင့်သိုက်နန်း၊ ထွက်စီးငယ်ဝှန်၊ ကျောက်စက်ကယ်ရေတံခွန်နှင့် ဟေမဝန်သာယာနုပါဘိ၊ ယွန်းလုနွေဆန်း" ဆရာကြီးဦးဖိုးလ၏ အယူအဆမှာ တပို့တွဲဟူသော ပုဒ်သုံးပုဒ်ကိုပေါင်းစပ်လိုက်လျှင် တပို့တွဲလဆိုသည်မှာ ထန်းဖူး၊ ထန်းခိုင်တို့အား အောက်သို့ညွှတ်ကိုင်းအောင်ပြုသောလ၊ ထန်းရည်နှင့်နင်းလဟူ၍ အဓိပ္ပာယ်ရသည်၊ မဟာအတု လမင်းကြီးတပို့တွဲလတွင်"ပေါက်လဲငယ်ပွင့်ရဲ၊ ထိန်ထိန်ငယ်လျှံသည်၊ ဆက်ရက်သံစာစောနှင့်၊ငှက်ညီလာကျင်းတဲ့လ ကိုလေး၊ ဂုံဟေမန်ငယ်၊ ဆင်ကြဉ်သွင်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲရှင်ပျော်၊ ယာဂုတော်နှင့် စသည်ဖွဲ့ဖွဲ့ဆိုထားသည်။ စာဆိုတော် ဦးအောင်ကြီးကလည်း"သာစွာလေ၊ နေလည်းချမ်းမြ၊ လလည်းနှင်းရီ၊ ပီပီမထွန်း၊ တောင်ထိပ်ဝန်းလည်း၊ ဆူးပန်း လဲပေါက်၊ ဝင်းဝင်းတောက်လျက်၊ ကမ်းလျှောက်ရေးရေး၊ သဲဖြူဖွေးနှင့် ငှက်ကျေးပျံကြွ၊ ကောင်းကင်လဝယ်၊ မာသယှဉ်မှီ၊ ကုံရာသီဟု၊ အညီခေါ်မြဲ၊ တပို့တွဲမူ စသည်ဖြင့် ဖွဲ့ဆိုလေသည်။ ဝက်မစွတ်မြို့စားမင်း၏ ချင်းတစောင်တွင်လည်း "ထန်းဆော်လေ သက်ပေင်ခြေတက် လည်း၊ရော်ရွက်မြေနွဲ၊ ကြွေမစဲနှင့်၊ ပေါက်လဲငုံမြန်း၊မုံသစဏ်းသို့၊ လျှံလန်းနီဝင်းစုံခပင်းမူ"ဟူ ထန်းဆော်လေကိုထည့် သွင်းဖွဲ့ဆိုထားပေသည်။

## "မီးဖုန်း(ပုန်း)ပွဲ"

မီးဖုန်းအဓိပ္ပာယ်မှာ မီးဖုန်းသည်ပါဠိဘာသာစကား ပုညပုဒ်မှဆင်းသက်လာသည့် ဝေါဟာရဖြစ်သည်။ (ပုည=ပုန်း =ပုန်း=ဖုန်း) အဓိပ္ပာယ်မှာပုညပုဒ်၏ အဓိပ္ပာယ်အတိုင်း ကောင်းမှု၊ ကုသိုလ်၊ အလှူဟုဆိုလိုပေသည်။

ထို့ကြောင့် မီးဖုန်းပွဲသည် မီးကုသိုလ်ပွဲ၊ မီးအလှူပွဲဟုဆိုလိုပေသည်။ အမှန်စင်စစ် အလွန်အေးမြသော တပို့တွဲလတွင် ဘုရားဆင်းတုများရှေ့၌ မီးဖိုရန်၊ ရဟန်းသံဃာများနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံရန် နံသာထင်း၊ မယ်ဖျူး(မီးအိုးကင်း) စသည်တို့ကို ကျောင်းဘုရားတို့သို့ လှူဒါန်းသည့်ပွဲကို မီးဖုန်းပွဲဟုခေါ်ပါသည်။ သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ ပုဂံစောလှဝန်ဘုရားကျောက်စာ၊ ကျော၊ ၂၂-၂၃တွင် "မီးဖုန်၊ သကြ်န်၊ စာရိယ၊ ညောင်ရိယ်သွန်၊ မဖြတ်စိတ်လျှင်တည်၏"ဟုရေးထိုးထားသည်ကိုထောက်ရှုလျှင် ဤမီးဖုန်းပွဲကား ပုဂံခေတ်ကပင်ရှိခဲ့သော အလှူဖြစ်ကြောင်း ထင်ရှားပေသည်။ စာရေးသူ၏ အဘွားသည် ကျွန်မတို့ငယ်စဉ်က သနပ်ခါးချောင်းများကို အနုအရင့် သိမ်းဝယ်ပြီးလက်သန်းလောက်လေးများစိပ်၍ နေလှန်းထားပြီးလျှင် တပို့တွဲတွင် ဘုရားဆင်းတုတော်ရှေ့တွင် မီးပူဇော်လေ့ရှိသည်။ ထိုသို့အိုးကင်းဖြင့် မီးပူဇော်သော်ဓာလေ့သည် ကျွန်မတို့ ရွှေဘိုတွင်ရှိနေပါသေးသည်။ ပုဂံခေတ် ထိုးကျောက်စာများတွင် ဖုန်းရစေ (ကုသိုလ်ရစေ) ဖုန်းသည်ကုသိုလ်ရှင်၊ ကောင်းမှုရှင်၊ ဖုန်းပေး၊ ကုသိုလ်ပေး၊ ဖုန်းမှု(ကုသိုလ်မှု၊ ကောင်းမှု) စသည်ဖြင့် ရေးသားသုံးနှုန်းထားသဖြင့် ဖုန်းပုဒ်ကို ကုသိုလ်ကောင်းမှုအဖြစ် သုံးစွဲခဲ့ကြသည်။

ရေးသားပုံအမျိုးမျိုးတွင်၊ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်တို့၌ မီးဖုန်းပွဲတော်ဟု အစဉ်တစိုက်ရေးသားလာခဲ့ကြသော်လည်း နောက်ပိုင်းခေတ်များ၌မူ မီးဖုံး၊ မီးပုန်း၊ မီးပုံဟု အမျိုးမျိုးပြောင်းလဲရေးသားလာကြသည်ကို တွေ့ရသည်။ ဥပမာ စာဆိုတော်ဦးအောင်ကြီးလူးတားတွင် "ပူဇော်ရှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံသဘင်၊ သူကြီးယင်သည်"ဟူ၍ ၎င်းဦးသြ၏ ကဝိလက္ခာသတ်ပုံ(ညောင်ရမ်းခေတ်နောက်ဆုံးပိုင်းတွင် "စာရေးမီးဖုံး၊ ထင်းသွေ့ရုန်း၊ သမုံး ရေသဖန်း" ဟူ၍၎င်း သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊ လူတော်မူမြဲ၊ ရာသီပွဲဟု (ဦးယာ၏တပို့တွဲလ ဘွဲ့လူးတားသည်အုန်း ဘိုးတော်ဘုရားလက်ထက်တွင် စပ်ဆိုခဲ့သလို ကုသိုလ်ပျို့တွင် ဘကြီးတော်လက်ထက်က စပ်ဆိုခဲ့ပုံမှာ"ယာဂုလှူဒါန်၊ တေဇာ ပွားပြုံး၊ မီးဖုံးလှူမြဲ၊ လှူသည့်ပွဲနှင့် ဟူ၍ ပုံစံအမျိုးမျိုးဖြင့် စပ်ဆိုခဲ့ကြပေသည်။ ထို့အပြင် ကင်းဝန်မင်းကြီး၏ ရာသီ ဘွဲ့သံပေါက်တွင် "ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ"ဟူ၍ စပ်ဆိုသလို"ကုံရာသီခါ၊ ပွဲတော်မှာ၊ ယာဂုမီးပုံထား" ဟူ၍ အမည်မသိစာဆိုကစပ်ဆိုခဲ့ကြပြန်သည်။

ထမနဲပွဲသည် တပို့တွဲတွင် ကျင်းပသော ရာသီပွဲဖြစ်သည်။ ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်း၊ ဂျင်း၊ အုံးသီးဆံစသည့် သီးနှံသစ်များပေါ်ချိန်တွင် ထမနဲထိုးကာလှူဒါန်းဝေငှသောကြောင့် မြန်မာတို့၏ ကောက်သစ်ပွဲတော်ဟုဆိုရပေမည်။ ရှေးခေတ်စာပေအထောက်အထားများအရ တပို့တွဲလတွင် ယာဂုအလှူပွဲလည်း ရှိခဲ့သေးသည်ကိုတွေ့ရှိရသည်။ ယာဂုသည် ဆန်ကိုနို့နှင့်ဖြစ်စေ၊ ရေနှင့်ဖြစ်စေ ကျိုချက်ထားသော အရည်ပျစ်ပျစ်ဆန်ပြုတ်တစ်မျိုးဖြစ်သည်။ ယာဂုအလှူပွဲကို မီးပုံပွဲ (မီးဖုန်း) ပွဲနှင့် အတူကျင်းပခဲ့သည်။ ဦးပုည၏ အလှူခံမေတ္တာစာတွင် ယာဂုထမနဲဟုတွဲခေါ်ထားသဖြင့် ယာဂုဆိုသည်မှာလည်း ထမနဲပင်ဖြစ်သည်ဟု ယူဆရသည်။ ဆန်ကိုကျိုသော ယာဂုနှင့် ကောက်ညှင်းကိုထိုးသော ထမနဲများကို အတူတကွလှူဒါန်းခြင်းလည်းဖြစ်နိုင်သည်။

ထမနဲကိုထမင်းနဲ့ဟု ရှေးကရေးသားကြသလို နှမ်းမနဲဟူ၍လည်းခေါ်ကြသည်။ ထမင်းနဲ့ထိုးရာတွင် အချိန်အဆ ရှိပေသည်။ ရှေးပညာရှိ များက ထမင်းနဲ့ကိုစားကောင်း၍ ကြာရှည်ခံရန်ထမင်းထိုးသည့်အခါ ထည့်ရမည့်အချိုးအစားကို မှတ်တမ်းတေးထပ်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်။ (သတ်မှတ်ချက်) စားတော်ရဆန်ပေါက်ဝါလေးပြည့်သာထည့်၊ ချိန်ပိသာလျှံ ကြည့်ရွဲအောင်လို့ နှမ်းဆီလဲထည့်ပြန်၊ မြေပဲဆံအဋ္ဌသုညငယ်နှင့်၊ ဒွတ္တိသတိလဗိဇ၊ အုံးသီးစိပ်ကျပ်ဝိသံငယ်၊ လောကတံချိန်သတ်နှင့်ချင်းနုဖတ်သင်္ဂိမျှရွှေ၊ သုံးကျပ်မသွေ၊ နည်းစဉ်ဆက်သမုဆွေငယ် ဥပဒေမော်ကွန်း ပလေး၊ ကောက်ညှင်းဆန်လေး၊ ပြည်တွင်မြေပဲရှစ်ဆယ်သား၊ အုံးသီးစိတ်နှစ်ဆယ်သား၊ နှမ်းသုံးဆယ့်နှစ် ကျပ်သား၊ ဆားခုနစ်ကျပ်သား၊ ချင်းသုံးကျပ်သားထည့်ရမည်ဟု တေးထပ်ကဆိုပါသည်။

တပို့တွဲလသည် ရွာလုံးကျွတ်ထမင်းနဲ့ထိုးသောအစဉ်အလာရှိသည်။ တစ်အိမ်နှင့်တစ်အိမ်ကူးသန်းဝေငှသည်။ ကျောင်းပေါ်ဇရပ်ပေါ်ရှိ ရုပ်ပွားဆင်းတုတော်များရှေ့၌ မီးမယ်ဖျူး(မီးအိုးကင်း)တွင် အမွှေးနံ့သာ သနပ်ခါးထင်းများ ထည့်၍ မီးရှို့ခြင်းဖြင့် မီးအလှူပေး"မီးဖုန်းပွဲတော် ကျင်းပနေခြင်းနှင့် ဤတပို့တွဲလမြတ်တွင် ထမနဲပွဲတော် ကျင်းပရခြင်း ဖြစ်သည်။ ဤခေတ် ဤအခါ တိမ်ကောပပျောက်သည့်နေရာတွင် ပပျောက်နေပေမယ့် ယနေ့ထိရိုးရာစဉ်လာမပျက် ဆက်လက်ရှိနေသည့်နေရာကို ကျွန်မညွှန်ပြရမည်ဆိုလျှင်-

ရာဇဒွှာနီ၊ မင်းနေပြည်ဖြစ်သည်။ ရတနာသိင်္ဃမြို့တော်ပင်ဖြစ်ပါတော့သတည်း။



ဓာတ်ပုံ-အင်တာနက်

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

### ညောင်ကွဲရပ်

အောင်မြေသာစံမြို့နယ်၏ အနောက်မြောက် အစွန်းဆုံးအရပ်ဖြစ်သည်။ ညောင်ကွဲရွာသည် မန္တလေးတည်စဉ်ကပင် ထင်ရှားသော ကျေးရွာရပ်ကွက်ဖြစ်သည်။ မန္တလေးမြေပုံကို ကြည့်လျှင် ရပ်ကွက်အကွက်နံပါတ်များသည် ညောင်ကွဲမှ စတင်ရေတွက်လာသည်ကို တွေ့ရသည်။ ဤအကွက်နံပါတ်များသည် ဗြိတိသျှခေတ် အုပ်ချုပ်ရေး လက်အောက်စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သီပေါမင်း ပါတော်မူပြီးနောက် ၁၈၈၅ ခု နိုဝင်ဘာလမှစ၍ မန္တလေး ယာယီအုပ်ချုပ်မှုကို ကော်မရှင်နာမင်းကြီးလက်အောက် ထားရှိခဲ့သည်။ ၁၈၈၅ ခု ဒီဇင်ဘာ ၁၅ရက်နေ့၌ ကော်မရှင်နာမင်းကြီး မစ္စတာဘားနဒ် (နောက်ဆာချာဘားနဒ်) မန္တလေးရောက်ရှိလာပြီး မြို့ပြအုပ်ချုပ်ရေးလက်သို့ လွှဲပြောင်းယူသည်။ ၁၈၈၆ ခု ဇန်နဝါရီ ၁ရက်တွင် အထက်ဗမာပြည်သည် ဗြိတိသျှပိုင်နိုင်ငံတစ်စိတ်တစ်ဒေသဖြစ်သည်ဟု ဘုရင်ခံချုပ်က ကြေညာခဲ့သည်။

ထိုခေတ် မန္တလေးမြို့ကိုလည်း ရာဇဝတ်ဝန်တစ်ယောက် လက်အောက်ထားအုပ်ချုပ်စေသည်။

၁၈၈၇ (၁၂၄၉) ခုနှစ်၌ မြူနီစီပယ်ကိုဖွဲ့၍ လမ်းကြီးများကို ကျောက်စတင်ခင်းသည်။ တယ်လီဖုန်းသွယ်သည်။ မြို့ကို တိုင်းတာခြင်းများလည်း ပြုလုပ်သည်။ ထို့နောက် မြူနီစီပယ်အတွင်းရှိ လမ်းမိုင် ၆၀ ကို ကျောက်ခင်း၍ လမ်းမီးများ (လျှပ်စစ်မီးမဟုတ်သေး၊ တစ်ပင်တိုင်မှန်အိမ်များဖြစ်သည်။) ထွန်းထားသည်။ မြောင်းများတူးဖောက်၍ ပထမတန်းမြောင်းများ မိုင်အတော်များများဖောက်ခဲ့သည်။ ဈေးချိုကိုလည်း အဟောင်းဖျက်၍ အသစ် ၁၂ ရုံ တည်ဆောက်ခဲ့သည်။ လျှပ်စစ်မီးမှာ ပေါ်ပြီဖြစ်သော်လည်း များများသွယ်တန်းသုံးစွဲနိုင်ခြင်း မရှိသေး။ မန္တလေး လျှပ်စစ်ခတ်အား မှတ်တမ်းအရ ၁၈၈၄ (၁၂၄၆) သီတင်းကျွတ်လကျင်းပသော သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီးတို့ သမီးတော်မြတ် နားထွင်းမင်္ဂလာသဘင်တွင် စတင်သုံးစွဲခဲ့သည်ဟု အမှတ်အသားရှိသည်။

ခတ်ရထားများပြင်ရန်နှင့် ခတ်ရထားများထားရန်နေရာ ကုမ္ပဏီရုံးခန်းအပြင် ခတ်အားပေးစက်ရုံနေရာမှာ ယခု ၂၆ လမ်းနှင့် ၇၈ လမ်းထောင့် လမ်းအရှေ့ဘက် ခတ်အားပေးစက်ရုံနေရာဖြစ်သည်။ ထို့ကြောင့် မန္တလေးမြို့လူထုက ခတ်စက်ရုံဟု ခေါ်ကြသည်။ ခတ်ရထားဆိုသည်မှာခတ်ကြိုးကို အထက်တွင် သွယ်တန်း၍ ထိုကြိုးကို ခတ်ရထား၏ အမိုးပေါ်တွင် ထောင်ထားသော လက်တံဖြင့် ထိကာသွားသောခတ်ရထားမျိုးဖြစ်၏။ ယနေ့ခေတ် အသက် ၈၀ကျော်ပုဂ္ဂိုလ်များ တွေ့မြင်စီးနင်းဖူးမည်ဖြစ်၏။ ထို့နောက် ဆိုက်ကားများပေါ်လာ၍ ခတ်ရထားပျောက်သွား၏။

၁၈၈၅ ခုနှစ် အင်္ဂလိပ်တို့ မန္တလေး သိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ်တွင် ပူပြင်းသော နွေရာသီ၌ မြို့ ၁၀ ပုံ တစ်ပုံကျော် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ထို့ကြောင့်မီးဘေးကာကွယ်ရေးအတွက် တဲအိမ်များနေရာတိုက်တာများ ဆောက်လုပ်ရေး ထည့်သွင်းကြိုးပမ်းခဲ့ကြသည်။ ဥရောပတိုက်သားများ နေအိမ်နှင့် ရုံးပြင်က နားများကို အိမ်ကြီးအိမ်ကောင်းများအဖြစ် ဆောက်လုပ်နေထိုင်ခဲ့ကြသည်ကို တွေ့မြင်နိုင်ကြသည်။

ရှေးခေတ် မန္တလေးမြို့က အနေအထားကို အင်္ဂလိပ်တို့က မှတ်တမ်းတင်ထားခဲ့ကြသည်မှာ မန္တလေးမြို့မှာ လေးထောင့်စပ်စပ် အကွက်ရိုက်၍ တည်ဆောက်ထားသော မြို့ဖြစ်သည်။ ဘုရင်လက်ထက်ကဆိုလျှင် မင်းစိုးရာဇာများ၊ အရာရှိများက ထိုရပ်ကွက်၏ အလယ်၌ နေထိုင်ပြီး အပြင်တန်းများမှာမူကား ၎င်းတို့၏ ခြွေရံသင်းပင်း၊ တပည့်တပန်းများ နေထိုင်ခဲ့ကြ၏။ အချို့ရပ်ကွက်တွင် ဈေးသည်ကလေးများ၊ ဆိုင်ရှင်နှင့်ကုန်သည်ကလေးများက အပြင် တန်းတွင် နေထိုင်ကြသည်ဟု မှတ်တမ်းတင်ခဲ့ကြ၏။

မန္တလေး ရွှေတချောင်း အနောက်ဘက်ကျသည့် ရပ်ကွက်များမှာ အထူးသဖြင့် လူဦးရေ ထူထပ်လာခဲ့သည်။ မန္တလေးမြို့ လေးပြင်လေးရပ် အကွက်နံပါတ်များအစဉ်အလိုက်ရေးထိုးရာတွင် ညောင်ကွဲမှ စတင်သည်။ အကွက်နံပါတ် ရေးထိုးသည့်မြို့မှာ မန္တလေးမြို့တစ်မြို့သာ ရှိပုံပေါ်

> **နှင်းဆီပန်း၊ သပြေပန်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် ပန်းများကို ရပ်ကွက်အတွင်း ဆွမ်းခံသကဲ့သို့ ပန်းအလှူခံပြီး မန္တလေးတောင်ပေါ်ဘုရားများသို့ ကျော် ၁ ရက်၊ ဆန်း ၁ ရက်တိုင်း ပန်းလှူသည့် 'ပန်းကပ်' အသင်းလည်း ထူးထူးခြားခြား တွေ့ရသည်။**

### ခတ်ရထား

၁၈၈၇ ခုနှစ်တွင် မန္တလေးမြို့တွင်းကျောက်လမ်းများ စတင်ခင်းပြီးနောက် ခုနစ်နှစ်ခန့်အကြာ ၁၉၀၄ ခုနှစ်တွင် ခတ်ရထားဖောက်လုပ်သည်။ လျှပ်စစ်အသုံးပြုလာသည်။ ခတ်ရထားမှာ နှစ်လမ်းဖြစ်သည်။ ဘုရားကြီးနှင့် ရုံးကြီး၊ ရုံးကြီးနှင့် ဂေါဝိန်ဆိပ်ကမ်းနှစ်လမ်းဖြစ်သည်။ ခရီးဆုံးများမှာ ရှမ်းစုဘူတာ၊ မန္တလေး ဂေါဝိန်ဆိပ်နှင့် ရုံးကြီးတို့ဖြစ်သည်။ ပထမလမ်းကို ၁၉၀၄ ခု ဇူလိုင်၁၄ ရက် (၁၂၆၆ ဝါဆိုလ)၌ စတင်ဖွင့်လှစ်ခဲ့သည်။ ၈၄ လမ်းအတိုင်းမှ ရှမ်းစုသို့ ချဲ့ထွင်မှုမှာ ၁၉၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ပြီးစီးသည်။ ခတ်ရထားကုမ္ပဏီမှာ လန်ဒန်မှ ဒစ်ကားကုမ္ပဏီဖြစ်သည်။ ခတ်ရထားကုမ္ပဏီ၌ ခတ်ရထားအစင်းပေါင်း ၂၄ စင်းရှိပြီး ဘေးတံခါးမပါသော အားလုံးဖွင့် ထားသည့်ရထားများဖြစ်ကြသည်။ ရထားတစ်စင်း လူ ၄၈ ယောက်စီးနိုင်သည်။ (ရွှေကိုင်းသား၏ မန္တလေး၊ စာ ၂၉၁)

သည်။ အကွက်ကျကျ၊ ရပ်ကွက်တည်ရှိနေသောကြောင့် အကွက်နံပါတ်များ၊ လမ်းနံပါတ်များ ရေးမှတ်လျက် အကွက်လိုက်၊ မြို့နယ်အလိုက်၊ လမ်းအလိုက် အုပ်ချုပ်ရေးစနစ်ကို စီမံခန့်ခွဲခြင်းဖြစ်သည်။ ရှေးခေတ်ကတည်းက မင်းမှုထမ်းများနှင့် အရပ်အုပ်၊ အကွက်အုပ် တာဝန်ကျစောင့်ရှောက်စေပြီး အုပ်ချုပ်ခဲ့သည့်စနစ် ထွန်းကားခဲ့ပြီဖြစ်သည်။ ရပ်ကွက်အတန်းများလည်း အကွက်လိုက် စနစ်တကျသတ်မှတ်ခဲ့သည်။

ညောင်ကွဲရပ်သည် မင်းတုန်းမင်းခေတ် ရပ်ကွက်အရပ်စာရင်းတွင် မပါဝင်သော်လည်း သမိုင်းထင်ရှားသော အရပ်ဖြစ်သည်။ မြေပုံကိုကြည့်လျှင် ဧရာဝတီတာရိုးကြီး၏ အရှေ့ဘက်ထောင့်ချိုးနေရာ ဖြစ်သည်။ အရှေ့ဘက်တွင် အိုးဘို၊ ရွှေကျင်၊ တောင်ဘက်တွင် ပြည်ကြီးရန်လုံရပ်ကွက်များနှင့် ဆက်စပ်လျက်ရှိသည်။ အနောက်ဘက်တွင် သရက်တစ်ပင်ကျေးရွာ၊ ကျွန်းပိုင်းကျေးရွာ တည်ရှိသည်။ ထင်ရှားသော သမိုင်းဝင်များမှာ ရှင်အရဟံသိမ် (နေဝင်သိမ်) နှင့် ရှင်အရဟံဂူကြီးကုန်းတို့ ဖြစ်သည်။

### ရှင်အရဟံ နေဝင်သိမ်နှင့် ဂူကြီးကုန်းဘုရား

ရှင်အရဟံ နေဝင်သိမ်နှင့် ဂူကြီးကုန်းတို့မှာ ဧရာဝတီတာရိုးဘေးတွင် တည်ရှိသည်။ အထူးသဖြင့် ရှင်အရဟံသိမ်ဘုရားမှာ ဆုတောင်းပြည့် တန်ခိုးကြီးရုပ်ပွားတော်တစ်ဆူဖြစ်သည်။ အရက်ဖြတ်သစ္စာဆို ဆုတောင်းပြည့်မြောက်သော ဘုရားဟု လူသိများထင်ရှားသည်။ ပုဂံခေတ် ထေရဝါဒသာသနာပြုပုဂ္ဂိုလ် ရှင်အရဟံမထေရ်သည် သိမ်ပေါင်း များစွာ သမုတ်တော်မူသည့်အထဲ နေဝင်သိမ်၊ နေထွက်သိမ်၊ မွန်းတည့်သိမ်၊ သန်းခေါင်ယံသိမ် စသည့် သိမ်လေးသိမ် မှာ ရှင်အရဟံမထေရ်၏ ထူးခြားသော သိမ်များ ဖြစ်ကြသည်။

ညောင်ကွဲမှ ရှင်အရဟံသိမ်သည် နေဝင်သိမ်ဖြစ်သည်။ ပုသိမ်ကြီးမြို့နယ် ဘိုတက်ကုန်း အောင်ပင်လယ် တောင်ဘက်ရှိ သိမ်သည် နေထွက်သိမ်ဖြစ်သည်။ ယခင် ပုသိမ်ကြီးမြို့နယ် ကန်ကောက်ရွာ၊ ယခု ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရွာ(အောင်ပင်လယ် အနောက်ဘက်)ရှိ ရွာဦးထိပ်မှသိမ်သည် မွန်းတည့်သိမ်ဖြစ်သည်။ စတုတ္ထသိမ်မှာ တံခွန်တိုင်ရပ်၊ ပြည်ကျောင်းတိုက်အတွင်းရှိ အင်္ဂတေအလှပန်းများဖြင့် တည်ထားသော သန်းခေါင်ယံသိမ် ဖြစ်သည်။ သာရမဥ္ဇူကျောက်စာရေးထိုး စိုက်ထူထားသည်။

ရှင်အရဟံသိမ်၏ မြောက်ဘက်တွင် ရှင်အရဟံ၏ ဂူကြီးကုန်း တည်ရှိသည်။ ဧရာဝတီတာရိုးဘေး သစ်ပင်သစ်ရိပ်ကြီးများဖြင့် အေးမြသည်။ ပုဂံခေတ် အလောင်းစည်သူမင်းကြီး၏သားတော် မင်းရှင်စောက သက္ကရာဇ် ၅၂၉ ခုနှစ်တွင် တည်ထားသော ဂူဘုရားဖြစ်သည်ဟု သမိုင်းအဆိုရှိသည်။ မင်းရှင်စောသည် ပုဂံပြည်မှနယ်နှင်ဒဏ်ပေးခံရသဖြင့် ဆင်၊ မြင်း၊ ဗိုလ်ပါအလုံးအရင်းနှင့် ထွက်လာခဲ့ရ၏။ ထိုအရပ်မှာပင် ကန်တိလိ (အောင်ပင်လယ်ကန်)၊ တမုတ်ဆိုးကန်၊ ကန်ရှည်တို့ကို ဆည်တော်မူ၏။ အောင်ပင်လယ်ကန်မှာ အလျားတာသုံးထောင်ရှိ၏။ လယ်ပယ်သုံးသောင်း စိုက်ပျိုးရသဖြင့် စပါးဆန်ရေပေါများလာ၏။ မင်းရှင်စောလည်း ရှင်အရဟံစသော ရဟန္တာများ ပင့်ဆောင့်၍ သာသနာပြု၏။

ဘုရားစေတီတည်၏။ ဂူ၊ ကျောင်းများ ဆောက်လုပ်ကိုးကွယ်၏။ ပုသိမ်ကြီးမြို့နယ်၌ မင်းရှင်စော နေခဲ့သော မြို့ရွာများလည်းရှိ၏။ မြို့တောရွာတွင် မြို့ရိုးသဏ္ဌာန် အုတ်ရိုးများ တူးဖော်တွေ့ရှိရ၏။ ဂူကြီးကုန်းတွင် ပုဂံခေတ် အုတ်ချပ်အုတ်ရိုး ထုထည်များ ယနေ့တိုင် တွေ့မြင်နိုင်၏။ ပုဂံခေတ်အုပ်ချပ်ကြီးများမှာ အလျား(၂၁)လက်မ၊ အနံ (၁၅)လက်မ၊ ဒု (၁၀)လက်မရှိ အုတ်ချပ်ကြီးများ တွေ့ရ၏။ အချို့အုတ်ခဲကြီးများတွင် အပေါက် ၁၅ ပေါက် ပါဝင်သော အုတ်ချပ်ကြီးများ ဂူကြီးကုန်းမှ တွေ့ရ၏။ ယင်းကဲ့သို့ အုတ်ချပ်ကြီးများကို ပုဂံမွေ့ရာဇာကဘုရားကုန်း တူးဖော်စဉ်က တွေ့ရှိရကြောင်း မှတ်သားရသည်။

မင်းရှင်စောသည် ဤညောင်ကွဲရပ်၌ သာသနာပြုအရှင် ရှင်အရဟံ သီတင်းသုံးခဲ့သဖြင့် ရှင်အရဟံဂူဟူ၍လည်း တွင်ခဲ့သည်။ မြေမြို့ရိုးပေါ်မှ ကြည့်လျှင် တောင်ကုန်းသဏ္ဌာန်တွေ့ရသည်။ မြောက်ဘက်တွင် ပြိုပျက်နေသော အပေါက်တစ်ခုနှင့် တောင်ဘက်တွင် လိုဏ်ဂူပေါက်ဖောက်ထားသည်။ အတွင်း၌ မြေအောက် လိုဏ်ဂူကြီး ပြုလုပ်ထားရာ ယခုအခါ အောက်သို့ဆင်းနိုင်ခြင်းမရှိတော့ပေ။ ရှေးအခါက ဤမြေအောက်လိုဏ်ဂူပေါက်မှ ပုဂံမြို့သို့ပေါက်သည် ဟု ပါးစပ်သမိုင်းတွင်ခဲ့၏။ ဂူပေါက်မှာ ပေါင်းကူးမုခ်များနှင့် ပုဂံခေတ် အုတ်စီ၊ အုတ်ရိုး လက်ရာဖြစ်သည်။ အထူးသဖြင့် ပုဂံဘုရားများတွင် တွေ့ရလေ့ရှိသော မုခ်ခွက်သဏ္ဌာန် တည်ဆောက်ထား၏။ တောင်ဘက်မျက်နှာစာ၌ မတ်စောက်နေသောနံရံကို ကြည့်ခြင်းအားဖြင့် ဂူကြီးကုန်းသည် ကုလားကျောင်းခံ၍ တည်ဆောက်ထားကြောင်း ခန့်မှန်းရ၏။

ဤဂူကြီးကုန်း မပျက်မစီးစေရန် ဂူကြီးကုန်း ဆရာတော်က စောင့်ရှောက်ထားလျက်ရှိပြီး မန္တလေးမြို့ပေါ်၌ တရား ထိုင်၊ ပုတီးစိပ်၊ အဓိဋ္ဌာန်ပြုသူများဖြင့် နေ့စဉ်မပြတ် စည်ကားသည်။ ရှင်အရဟံ နေဝင်သိမ်ဘုရားနှင့် ဂူကြီးကုန်း စေတီတို့မှာ ညောင်ကွဲ၌ ထင်ရှားသော သမိုင်းမှတ်တိုင်များလည်းဖြစ်ကြ၏။

ရှင်အရဟံ နေဝင်သိမ်ဘုရားအား ဧရာဝတီတာရိုး အပေါ်တွင် မုခ်ကမ္ပည်းအဆောက်အအုံနှင့် အဝေးက ဖူးမြင်နိုင်ကြသည်။ ဂန္ဓကုဋီတိုက်အတွင်း မုခ်ဦးထိပ်တွင် အရဟံသစ္စာရှင်နေဝင်မဟာသိမ်တော် စာတန်းလည်း တွေ့ရသည်။ ရုပ်ပွားတော်သည် အရှေ့အရပ်သို့ မျက်နှာမူ ကိန်းဝပ်လျက်ရှိသည်။ ရှင်အရဟံမထေရ် မတ်ရပ်ရုပ်ပွားတော်၊ ရုပ်တု တော်ကိုလည်း ဖူးတွေ့နိုင်ကြသည်။

ဂူကြီးကုန်းမှာ နှောင်းခေတ်တွင် ကုန်းပေါ်စေတီပေါက်တည်ထားသဖြင့် ဘုရားငုတ်တိုနှင့် တူနေသည်။ ရတနာဂူကြီး ဝိပဿနာကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားစခန်းလည်းရှိသဖြင့် တရားဓမ္မအားထုတ်ရာ ဆိတ်ငြိမ်ရာ ဖြစ်သည်။ ရှင်အရဟံနေဝင်သိမ်တော်ကျောင်းတိုက်နှင့် ညောင်ကွဲရပ်ကွက်ကြီးအတွင်း၌ ရပ်ကွက်ခုနစ်ရပ်ကွက်ခွဲခြားထားသည်။ ညောင်ကွဲမြောက်၊ ညောင်ကွဲအလယ်၊ ညောင်ကွဲတောင်ရပ်ကွက်များနှင့် ဖိုးပေကုန်းတောင်၊ ဖိုးပေကုန်းမြောက်ရပ်ကွက်များ၊ အောင်ပြည်သာရပ်၊ အောင်သပြေရပ်ကွက်များပါဝင်သည်။ ရှင်အရဟံနေဝင်သိမ်၏ အရှေ့ဘက်ကမ်းမှာ ၉ လမ်းဖြစ်ပြီး ၈၆လမ်းသို့ လိုင်းကားများဖြင့် ပြေးဆွဲသွားလာလျက်ရှိ၏။ ညောင်ကွဲတွင် အောင်သပြေ ရပ်၌ ထင်ရှားသော ကျောင်းတိုက်များမှာ မန္တလာရာမတိုက်နှင့် မဟာသန္တာရုံ ပရိယတ္တိစာသင်တိုက်ကြီးများဖြစ်၏။ မန္တလေးမြို့၏ အနောက်မြောက် အစွန်ဆုံးရပ်ကွက်များအဖြစ် ညောင်ကွဲသည် ရပ်ကွက်အိမ်ခြေများဖြင့် တိုးတက်စည်ကားလျက်ရှိ၏။

### ပြည်ကြီးရန်လုံရပ်

အောင်မြေသာစံမြို့နယ် ၈၆လမ်း အနောက်ဘက် ၁၇ လမ်းမှ ၉လမ်း၊ ကြံခင်းရပ်ကွက်ထိ ကျယ်ဝန်းသော ရပ်ကွက်ကြီး ဖြစ်သည်။ နှင်းဆီခြံ စိုက်ပျိုးလုပ်ကိုင်သူများသဖြင့် ရှေးက ပြည်ကြီးရန်လုံရပ်ကွက်ကို နှင်းဆီခြံဟု အသိများကြသည်။ ထင်ရှားသော ရပ်ကွက်အမည်များ များများမရှိချေ။ အကွက် ၆၂ တွင် အမြောက်တန်းရပ်ကွက်၊ အမြောက်သေနတ် အစုအမှုထမ်းများနေထိုင်ခဲ့ရာဖြစ်၍ အမြောက်တန်းဟုတွင်သည်။ ပြည်ကြီးရန်လုံရပ်ကွက်တွင် ဆက်စပ်လျက်ရှိသည်။ ၁၄ လမ်း ပြည်သာယာရပ် ပါရမီရိပ်သာရပ်ကွက်သည် နောက်တိုးရပ်ကွက်များအဖြစ် စည်ကားလာသည်။ အထူးသဖြင့် ရွှေတချောင်း အနောက်ဘက်ရပ်ကွက်များဖြစ်ကြ၍ ဘုန်းတော်ကြီးကျောင်းတိုက်များဖြင့် ထင်ရှားသော ရပ်ကွက်များဖြစ်သည်။ နိဿရည်းတိုက်၊ ပင်လယ်တိုက်၊ ငါးကျမ်းတိုက်၊ ဂူကြီးတိုက်၊ လုံးတော်တိုက်၊ မဟာစိတြာရာမတိုက်၊ နေထွက်ဂူတိုက်တို့ရှိကြသည်။

ပြည်ကြီးရန်လုံရပ်သည် မန္တလေးရွှေမြို့တော် လေးပြင်လေးရပ် ၅၄ ဌာနရပ်ကွက်များတွင်ပါဝင်ပြီး မြို့အနောက်မြောက်ပိုင်းကျသော ရပ်ကွက်ဖြစ်၍ ရှေးအခါက ဝင်းအိမ်နည်းပါးသော အရပ်ဖြစ်သည်။ ပြည်ကြီးရန်လုံဟု အမည်ခေါ်ရာတွင် ပြည်ကြီးမွန်၊ ပြည်လုံးအုံ့၊ ပြည်လုံးကျော်၊ ပြည်လုံးရ လှော်ကားလှေအမည်များ၊ ပြည်လုံးလှေအမည်များနှင့် ဆက်စပ်လျက် မှည့်ခေါ်ထားခြင်းဖြစ်သည်။ မြစ်ကြောင်း ဆိပ်ကမ်းနှင့်လည်းနီးကပ်သည်။ တစ်နည်းအားဖြင့်လည်း ဘေးရန်အပေါင်း လုံခြုံရာနိမိတ်ဖြစ်သည်။ ပန်းမန်ဉယျာဉ်စိုက်ပျိုးဖြစ်ထွန်းရာအရပ်လည်း ဖြစ်သည်။

ပြည်ကြီးရန်လုံ နှင်းဆီခြံရပ်တွင် ကျောင်းတိုက်များအပြင် ရပ်ကွက်လိုက် ဓမ္မာရုံများလည်းရှိကြသည်။ နှင်းဆီပန်း၊ သပြေပန်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် ပန်းများကို ရပ်ကွက်အတွင်း ဆွမ်းခံသကဲ့သို့ ပန်းအလှူခံပြီး မန္တလေးတောင်ပေါ် ဘုရားများသို့ ကျော် ၁ရက်၊ ဆန်း ၁ ရက်တိုင်း ပန်းလှူသည့် 'ပန်းကပ်' အသင်းလည်း ထူးထူးခြားခြားတွေ့ရသည်။ မည်သည့်ဒေသမှမရှိသော ဘာသာရေးအသင်းမျိုး ဖြစ်လိမ့်မည်။ ၁၇လမ်းတွင် တည်ရှိသည်။ လစဉ် လပြည့်ကျော် ၁ရက်နေ့နှင့် လဆန်း ၁ရက်နေ့ တိုင်း ထိုအဖွဲ့က ရပ်ကွက်အတွင်း ဆိုင်းထမ်းဖြင့် ပန်းများ အလှူခံကာ မန္တလေးတောင် ပေါ်တက်၍ ဘုရားများတွင် ပန်းကပ်လှူဒါန်းကြခြင်းဖြစ်သည်။ ထိုအဖွဲ့ကို ၁၂၆၅ ခုနှစ်က စတင်တည်ထောင်ခဲ့ရာ ယနေ့ထိ ရှင်သန်လျက်ရှိသေးသည်။ အသက်ကြီးပုဂ္ဂိုလ်များဖြစ်သော ဦးဘအေး၊ ဦးလှမောင်၊ ဦးဆွဲတို့၏ အမွေကို ရပ်ကွက်အတွင်းရှိ အသက် ၄၀ ကျော်အရွယ်များဖြစ်ကြသော ဦးမောင်မောင်တို့ဆက်လက်ထိန်းသိမ်းထားသည်။

ယခင်က ပန်းကပ်အဖွဲ့သည် လပြည့်၊ လကွယ်နေ့တိုင်း ပန်းကပ်ခဲ့ကြသော်လည်း ရသေ့ကြီး ဦးခန္တီလက်ထက်တွင် မန္တလေးတောင်ပေါ်ရှိ လပြည့်၊ လကွယ် အလှူခံပုံးများ သိမ်းဆည်းသည့်နေ့နှင့် ဆုံသဖြင့် တစ်ရက်တိုးရန် ဦးခန္တီက ရက်ပြောင်းပေးသဖြင့် ကျော် ၁ ရက်၊ ဆန်း ၁ ရက် ပန်းကပ်အဖွဲ့ဖြစ်သွားခဲ့သည်။ ရပ်ကွက်အတွင်းမှ လူကြီး၊ လူငယ်၊ အမျိုးသား ၊အမျိုးသမီး များသည် ပန်းများကို ထမ်းရွက်၍ ထိုရက်များတွင် တောင်ပေါ်တက်ကြပြီး ပန်းအိုးများဖြင့် ရေလဲလှယ် ပန်းကပ်ကြခြင်းဖြစ်ရာ မန္တလေးမြို့၏ ရိုးရာယဉ်ကျေးမှု ဘာသာရေးအတုခိုးစရာ အဖွဲ့ကလေးဖြစ်သည်။ မန္တလေးတောင် ပန်းကပ်အဖွဲ့၏ အလှူဒါနများကိုလည်း တောင်ပေါ်တွင် ကမ္ပည်းစာတန်း တွေ့နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

# ရွှေဥရာစုသစ်

စိန်၊ ရွှေ ရတနာဆိုင် ၏ မြောက်ဥက္ကလာပဆိုင်ခွဲ ဖွင့်ခြင်းအထူးအစီအစဉ်

၁၀ – ၂ – ၂၀၁၆ မှ ၁၀ – ၄ – ၂၀၁၆ အထိ

- ဝယ်ယူအားပေးသော ရွှေချစ်သူများအား မေတ္တာ တုံ့ပြန်သောအားဖြင့် စိန်ဘယက်၊ စိန်ဆွဲသီးများအား ကံစမ်းမဲချီးမြှင့်ပါမည်။
- လူတန်းစားမရွေး ရတနာဆင်မြန်းနိုင်ရန် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေထည်၊ လက်ဝတ်ရတနာများအား အလျှော့တွက် အထူးလျှော့ ရောင်းပေးသွားပါမည်။

ဗုဒ္ဓဂယာအပါအဝင်သကြၤန်ဘုရားဖူးခရီးစဉ် ကံစမ်းမဲ ကူပွန်လက်မှတ်ပြုပေးပါသည်။

ရတနာသည်သင့်အတွက်ထာဝရ ရတနာစုလိုက




အစဉ်အမြဲမိဘပြည်သူတို့အားလေးစားလျက် ရွှေဥရာစုသစ် သို့ကြွခဲ့ပါ

အမှတ် – ၈၂/၇၀၇၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်။
အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃ – လမ်းနှင့် ဗိုလ်ရွှေလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၄၉၃၄၀၁၅၈၊ ၀၉၄၂၁၀၂၉၉၉၉









» ရန်ကုန် (အောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့်။ ဖုန်း – 09 730 84 840 , 09 730 84 841
» (ပဲခူး) တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်။ ဖုန်း – 09 79 700 70 75 , 09 79 700 70 85
» ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ။ ဖုန်း – 09 79 700 70 88,09 79 700 70 99
» (မော်လမြိုင်) မြေနီကုန်း အဝေးပြေးကားဝင်းအနီး။ ဖုန်း – 09 79 58 999 80 , 09 79 58 999 81
» ရန်ကုန် (လေးထောင့်ကန်) သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း – 09 79 700 70 73 , 09 79 700 70 83
» (မုံရွာ) ဗိုလ်ချုပ်လမ်းမ။ ဖုန်း –09 79 700 70 87 , 09 79 700 70 97
» (မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား ) ဖုန်း – 09 3311 6626 , 09 3311 6636
» (နေပြည်တော်) ငုက်ရိုလမ်း ၊ ပုပ္ပသီရိ ။ ဖုန်း– 09 730 84 844 , 09 795900 146



** ချောင်းရေ ၊ မြောင်းရေ ၊ မိုးရေများလျှံ၍အိမ်အတွင်းသို့ မဝင်စေရန် Plinth Level (အုတ်ခုံ)မြှင့်ပေးခြင်း
** တစ်ထပ်အိမ်မှ နှစ်ထပ်အိမ်ဖြစ်အောင် ပြုလုပ်ပေးခြင်း
** တစ်ထပ်တိုက်မှ နှစ်ထပ်တိုက်ဖြစ်အောင် ပြုလုပ်ပေးခြင်း
** သစ်သားအိမ်မှ အုတ်တိုက်ဖြစ်အောင်ပြုလုပ်ပေးခြင်း တို့ကို ဆောင်ရွက်ပေးပါသည်။
09 264381912 : 09 8630518 , 09 33419046



## ဂိုထောင်ငှားရန်ရှိသည်
30'x 50'
စမ်းချောင်းမြို့၊ ဝေဠုဝန်အိမ်ရာ
09-09425334456



## ငှားမည်
ပေ(၆၀×၁၄၀)ရှိ တက္ကသိုလ်ရိပ်သာလမ်း သစ်နှင့် ဆရာစံလမ်းထောင့်အနီးရှိ အိမ်နှင့်ဆိုင် အဆောက်အအုံပါသော မြေကို ငှားရမ်းလိုပါသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၂၇၇၇၄



## တိုက်ခန်းရောင်းမည်
တိုက်(၁)၊ ဒုတိယထပ်(၃လွှာ)၊ ကျန်စစ်သားအိမ်ရာ ထိပ်ဆုံးတိုက်၊ လှိုင်သာယာ၊ အိပ်ခန်း(၂)ခန်း၊ ရေ+မီး၊ 650sqft၊ ပိုင်ရှင်အမည်ပေါက်။
ဖုန်း-၀၉-၇၉၂၆၀၈၁၀၀ သိန်း ၃၀၀(ညှိနှိုင်း)






HTOO CONSTRUCTION
DEVELOPMENT GROUP CO., LTD.

Hot Line
09 - 42100 8291
09 - 3124 7022

Office: 01-2302151, 2302100
01-2302146, 2302055

www.htooconstruction.com




HONDA | NCX
၅ မျိုးသော အရည်အသွေးတွေနဲ့ မှန်ကန်တဲ့ ရွေးချယ်မှု
WAVE 100
MAKE THE RIGHT CHOICE
ကြာရှည်ခိုင်ခံ့မှုနဲ့ တစ်သက်တာပိုင်ဆိုင်မှု
စိတ်ပူပန်စရာမလိုတဲ့ ဝယ်ယူပြီးဝန်ဆောင်မှု
ပေးချေရတဲ့တန်ဖိုးထက်ပိုတဲ့ စိတ်ကျေနပ်မှု
အမြတ်အစွန်းများတဲ့ ပြန်ရောင်းဈေးနှုန်း
ယုံကြည်စိတ်ချရတဲ့ ဘေးကင်းလုံခြုံမှု
FREE
Honda Wave 100 (သို့) Honda Wave 100S ကို ဝယ်ယူပြီး စတိုင်ကျလှတဲ့ ဆိုင်ကယ်ဦးထုပ် လက်ဆောင် ရယူလိုက်ပါ။
၁,၀၉၀,၀၀၀ ကျပ်မှ စတင်၍
(၀၁) ၂၁၈၅၂၁
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ Honda NCX အရောင်းပြခန်းတွေမှာ ယခုပဲမှန်မှန်ကန်ကန် ရွေးချယ်လိုက်ကြပါစို့။
NCX MYANMAR CO., LTD.
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
(၀၁) ၂၁၈၅၂၁
NCX MYANMAR ဆိုင်ခွဲ • ရန်ကုန် ဖုန်း - (၀၁) ၅၀၈၄၇၈၊ (၀၁) ၂၁၈၅၂၁
• မန္တလေး ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - (၀၄၂) ၂၄၂၃၄
MOBILE SERVICE
HONDA | NCX
SERVICE
NCX MYANMAR CO.,LTD.
လက်ခံမှု! သင့်ထံအရောက် လာရောက်ပြင်ဆင်ကြည့်ရှုပေးမည့် ဝန်ဆောင်မှုကား။

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးလှတင်**

**အသက် (၁၀၄) နှစ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ဖခင်ဖြစ်သူ ဦးလှတင် အသက် (၁၀၄) နှစ်သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၀)ကျောင်းဆင်းသူငယ်ချင်း၊ အရာရှိ၊ ဇနီးနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးလှတင်**

**အသက်(၁၀၄)နှစ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ ဖခင်ဖြစ်သူ ဦးလှတင် အသက်(၁၀၄)နှစ်သည် ၂-၂-၂၀၁၆(အင်္ဂါနေ့) နံနက် ၅း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဦးစိုးမင်း (GM, Ray Shipping Enterprise Co., Ltd)-**
**ဒေါ်ဆုမြတ်နိုင်(ပေါက်ပေါက်)**
**သားကြီး-သတိုးမင်းနိုင်**
**သားငယ်-ဗညားမင်းနိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးလှတင်**

**အသက်(၁၀၄)နှစ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ဖခင်ဖြစ်သူ ဦးလှတင် အသက်(၁၀၄)နှစ်သည် ၂-၂-၂၀၁၆(အင်္ဂါနေ့) နံနက် (၅း၁၅)နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မောင်ဝင်း(ကိုပါ)-ဒေါ်ပန်းနှင်းခက်(ပုရှည်)**
**သမီးကြီး-ကျော့သရီဝင်း**
**သားငယ်-မင်းဟိန်းခန့်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးကျော်သိန်း(ငြိမ်း)**

**အသက်(၈၂)နှစ်**

**မော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**တောင်ငူအသင်း(ရန်ကုန်) ရာသက်ပန် နာယကကြီး**

တောင်ငူအသင်း(ရန်ကုန်) (တောင်ငူ-အုတ်တွင်း-ထန်းတစ်ပင်)၏ရာသက်ပန်နာယကကြီး ဗိုလ်မှူးကြီးကျော်သိန်း(ငြိမ်း)သည် ၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့) ည၁၀နာရီတွင် ရန်ကုန်မြို့၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **တောင်ငူအသင်း အမှုဆောင်အဖွဲ့နှင့် အသင်းသူ/အသင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့်(ခ)ကေ့ပိုးကြူ-(ဒိုက်ဦး) အသက်(၉၀)**

**(၃၅၁)ဘီရုံ-သိမ်ကြီးဈေး၊ သရဖူမွေ့ယာဆိုင်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၈၄-၁၉၉၁) B.Com ဘွဲ့ရကျောင်းသူ မမို့မို့ဝင်း၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ခင်မြင့်(ခ)ကေ့ပိုးကြူသည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital၌ ၂၈-၁-၂၀၁၆(ကြာသပတေးနေ့) မြန်မာစံတော်ချိန် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်ရာ သုဂတိဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသူ/ ကျောင်းသားဟောင်းများ**
**(၈၃-၈၄-၈၅-၈၆) Intake အသင်း**

## ကျေးဇူးတင်ရှိခြင်း

၃-၁-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ပုသိမ်မြို့နေအိမ်၌ ကွယ်လွန်သွားသော ဦးကျော်ကျော်နိုင်၏ကျန်းမာရေးနှင့် နာရေးကိစ္စတို့တွင် ကူညီပေးကြပါသော ပုသိမ်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်ကျောင်းသား၊ ကျောင်းသူဟောင်းများ-ဦးဇော်မြင့်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပုသိမ်မြို့) နှင့် Mascots Co., Ltd. Pathein Branch မှ မန်နေဂျာ ဒေါ်မေသွယ်စိုးမြင့်နှင့် ကုမ္ပဏီဝန်ထမ်းများအားလုံးနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံး တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**(ဇနီး) ဒေါ်မော်မော်စန်း၊**
**(သမီး) မခင်စန္ဒီကျော်နိုင်၊ ခင်ရတနာကျော်နိုင်၊ ရန်ကုန်မြို့**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးကျော်ကျော်နိုင် (ပုသိမ်)**

**အသက် (၄၇)**

ကျေးဇူးရှင်ဖေဖေကွယ်လွန်ခဲ့သည်မှာ ၃-၁-၂၀၁၆ မှ ၃-၂-၂၀၁၆ ရက်တွင် (၁) လပြည့် ပြီဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရနေဆဲပါ။

ဖေဖေ့ကိုရည်စူးပြီး ပြုလုပ်ပေးနေသော ကုသိုလ်ကောင်းမှုများအား ဖေဖေဦးကျော်ကျော်နိုင် မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**(ဇနီး) ဒေါ်မော်မော်စန်း၊**
**(သမီး) မခင်စန္ဒီကျော်နိုင်၊ ခင်ရတနာကျော်နိုင်၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်စိုး(ခ)မရဲ**

**ကော့သောင်းမြို့**

**အသက်(၄၃)နှစ်**

သူငယ်ချင်း ခင်ခင်စိုး(ခ)မရဲသည် ၁-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ သူငယ်ချင်းများမှ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စီးပွားရေးတက္ကသိုလ်**
**၂၀၀၂ ခုနှစ် ဘွဲ့ရ**
**(၁၉၉၄ ခုနှစ် ဆယ်တန်းအောင်)**
**ကျောင်းသား/ကျောင်းသူများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်မောင်ဦးလွင် (ရေ-၁၂၂၀)**

**အသက် (၆၀)**

**ဌာနချုပ်မှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်**

ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ရေ-၁၂၂၀ ဗိုလ်မှူးချုပ် မောင်ဦးလွင် အသက် (၆၀)သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**
**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်မောင်ဦးလွင် (ရေ/၁၂၂၀)**

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)**

**အသက်(၆၀)**

ရန်ကုန်မြို့နေ(ဦးကြည်မောင်)-ဒေါ်ခင်စိုးကြည်တို့၏သား၊ (ဦးနေဝင်း)-ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဒေါ်မာလာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်နိုင်လွင်-ဒေါက်တာအောင်ဆည်းဆာ (Chief Architect-MKT Construction Co., Ltd)တို့၏ ချစ်လှစွာသောဖခင်၊ မသက်တန့်ဆည်းဆာလွင်၏ အဘိုးသည် ၁-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးမြင့် (Chairman, M.K.T Construction Co., Ltd)**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်မောင်ဦးလွင်**

**(ရေ/၁၂၂၀)**

**ဌာနချုပ်မှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်**

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)**

**အသက်(၆၀)**

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်မောင်ဦးလွင် အသက်(၆၀)သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MAWLAMYINE CENTURY LOGISTICS COMPANY LIMITED**

## စန္ဒရား ဦးတင်မောင်ကြည်

**ဗဟိုအလုပ်အမှုဆောင်-မြန်မာနိုင်ငံဂီတအစည်းရုံး**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၄၂)နေ (ရဲမှူးကြီး ဦးအုန်းဖေ-ဒေါ်မြစိန်)တို့၏သား၊ ဦးကြည်တိုး (အငြိမ်း စားရဲအုပ်)၏ အစ်ကို၊ တေးသံရှင် ဒေါ်ဝင်းပပ (လယ်စိုက်ရှင်း-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဘန်ကောက်မြို့နေဦးတင်မောင်ဝင်း၊ မသီရိသဲဖြူဝင်း(ခ)ထက်ထက်၊ စန္ဒရား ကိုပဇော်ဟိန်းတို့၏ဖခင် ဦးတင်မောင်ကြည်သည် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၀နာရီတွင် ရန်ကုန် အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၆(အင်္ဂါနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ရဟန်း၊ သိမ်၊ကျောင်းဒါယကာကြီး**

**ဆရာကြီးဦးတင်ရွှေ**

**အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)**

**အသက်(၈၁)နှစ်**

**ဇီးကုန်းမြို့**

၂၉-၁-၂၀၁၆ (သောကြာနေ့) ညနေ ၆း၂၅ နာရီတွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ရွှေအား နာမကျန်းစဉ် ဆေးကုသပေးခဲ့ကြသော ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီး ဦးဝင်းနိုင်၊ ဇီးကုန်းမြို့နယ်၊ မြို့နယ်ဆရာဝန်ကြီး ဦးဇော်နိုင်ဦး၊ ကြို့ပင်ကောက်မြို့နယ်၊ အောင်မြင်မြင့်မိုရ် ဆေးရုံမှ အထူးကုဆရာဝန်ကြီး ဦးလင်းအောင်ထက်၊ ဒေါက်တာလွင်မိုးနှင့် ဆရာဝန်-ဆရာမများ၊ ဝန်ထမ်းများအားလုံး အားလည်းကောင်း၊ ဖခင်ကြီး၏ နောက်ဆုံးရက်များတွင် ငြိမ်းချမ်းစွာ နှလုံးသွင်းနိုင်စေရန် နေ့စဉ်လာရောက်၍ တရားဟောကြားပေးပါသော ဇီးကုန်းမြို့ မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးတေဇောဘာသအားလည်းကောင်း၊ ဖခင်ကြီး၏ နောက်ဆုံးခရီးတွင် အစစအရာရာအကူအညီပေးခဲ့ကြပါသော ဇီးကုန်းမြို့နယ်(မေတ္တာရှင်) နာရေးကူညီမှုအသင်း၊ ဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ ကမ္ဘောဇဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့၊ အရာထမ်းကြီးများနှင့် ဘဏ်ခွဲ တာဝန်ခံများ၊ ပြည်၊ ကြို့ပင်ကောက်နှင့် ဇီးကုန်း ဘဏ်ခွဲများမှ အရာထမ်း/ဝန်ထမ်းများ အားလုံးအားလည်းကောင်း၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ Message ဖြင့်ဖြစ်စေ သတင်းမေးနှစ်သိမ့်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများ၊ တပည့်များအားလည်းကောင်း၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြပါသော ဆွေမျိုးမိတ်ဆွေများအားလုံးအားလည်းကောင်း၊ ကျေးဇူးရှင်ဖခင်ကြီး၏ နောက်ဆုံးခရီးကို ရပ်ဝေး၊ ရပ်နီးမှ လိုက်ပါပို့ဆောင် ပေးကြသူများအားလုံးအားလည်းကောင်း၊ မေတ္တာဖြင့် ရပ်ဝေးမှ ရောက်အောင် လာ၍ နှုတ်ဆက်-ဂါရဝပြုခဲ့ကြသော ဆွေမျိုး၊ မိတ်ဆွေ၊ တပည့်များအားလုံးအား လည်းကောင်း၊ ကွယ်လွန်ချိန်မှစ၍ ရက်လည်သည်အထိ အစစအရာရာ ကိုယ်ရောစိတ်ပါ ကူညီဆောင်ရွက်ပေးခဲ့ကြသူများ အားလုံး အားလည်းကောင်း တစ်ဦးချင်းစီတိုင်းကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဆရာတော် ဘဒ္ဒန္တ ကုန္တဝံသမဟာထေရ်**

**သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်**

**သာသနဓဇ၊ ဓမ္မာစရိယ**

**မြို့နယ်သြဝါဒါစရိယ**

**ရွှေကျင်နိကာယ ရဋ္ဌညမဟာနာယက**

**သံတွဲခရိုင်၊ ကျောင်းထိုင်ဆရာတော်များ နာရေးကူညီမှုအသင်း**

**သြဝါဒါစရိယဆရာတော်**

ရန်ကုန်မြို့၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီတိုက်၊ ဓမ္မမဏ္ဍိုင်ကျောင်းဦးစီးပဓာနနာယက ဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ရက်) ၃-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက်) ၇-၂-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဓမ္မမဏ္ဍိုင်ကျောင်းမှ ကားများထွက်ခွာ၍ ရေဝေးသုသာန်၌ အန္တိမစျာပနသဘင် ကျင်းပမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆရာတော်၏တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် စျာပနကျင်းပရေးကော်မတီ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ဂန္ဓသာရ**

**ဝေဠုဝန်နိကာယဂိုဏ်း ဗဟိုတွဲဖက်အကျိုးတော်ဆောင်ချုပ်**

**မယ်လမုဘုရားကြီး ဂေါပကအဖွဲ့သြဝါဒါစရိယ**

**မြောက်ဥက္ကလာပမြို့နယ်၊ သံဃာ့ဆေးရုံသြဝါဒါစရိယ**

**သိက္ခာတော် (၆၂)ဝါ၊ သက်တော်(၈၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖော်တော်ဦးဘုရားလမ်း၊ ဂန္ဓာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ရက်) ၂-၂-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ပြာသိုလကွယ်) ၈-၂-၂၀၁၆(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေးဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန သာစုကီဠနသဘင် ကျင်းပပြုလုပ်မည်ဖြစ် ပါကြောင်း ရပ်ဝေးရပ်နီးမှ သံဃာတော်အရှင်သူမြတ်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကား များ ညနေ ၃နာရီတွင် ထွက်ပါမည်။) စျာပနကျင်းပရေးကော်မတီ

တပည့်ဒါယကာ/ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးပိုက် (၇၇)နှစ်**

**ခရိုင်ပညာရေးမှူး(ငြိမ်း)**

**(ကျောက်ပန်းတောင်း/သန်လျင်)**

ကျောက်ပန်းတောင်းမြို့နယ်၊ စိတ္တိန်းကျေးရွာနေ (ဦးဘအုန်း-ဒေါ်လှကြည်)တို့၏သား၊ (ဦးသာအေး-ဒေါ်တင်မေ)တို့၏သားသမက်၊ သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ အောင်သုခ၊ နွယ်နီလမ်း၊ အမှတ်(၂၉)နေ ဒေါ်လှညွန့်၏ခင်ပွန်း၊ ဦးဝင်းခန့်၊ ဦးလှိုင်အေး (အမှုဆောင်အင်ဂျင်နီယာ၊ မြစ်ကြီးနားစည်ပင်)-ဒေါ်မို့မို့ခိုင်၊ ဦးကျော်စံလင်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဈာန်ရဲထက် (ဒသမတန်း-က၊ အထက-၁၊ သန်လျင်)၏အဘိုး ဦးပိုက်သည် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)

**ဦးခင်ဟွပ်(မြိတ်) (၈၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ တိုက်အမှတ် (၆၀/၇၀)၊ အခန်းအမှတ်(၁)နေ ဒေါ်ဟုန်ကြည်၏ခင်ပွန်းသည် ၃-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဆွမ်းပဒေသာပင် ဒါယိကာမကြီး

**ဒေါ်ခင်ရီ(အထပြ-ငြိမ်း)(၇၁)နှစ်**

**သဲကုန်းမြို့(အထက)**

**ကျောင်းသား/ကျောင်းသူဟောင်းများ၏ ကန်တော့ခံဆရာမကြီး**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့၊ ရပ်ကွက်(၂)၊ ရုပ်ရှင်ရုံလမ်းနေ ဦးအေးငြိမ်း (သမဦးစီးဌာန-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းဝင်းအောင် (ရုံးအုပ်ကြီး၊ ပဲခူးတိုင်းအနောက်ပိုင်း တိုင်းပညာရေးမှူးရုံး၊ ပြည်မြို့)-ဒေါ်အေးအေးနိုင်(အထကပြ၊ အထက-၁၊ ပြည်မြို့)၊ ဦးအောင်အောင်-ဒေါ်ခိုင်သဇင်ငြိမ်း (အလပြ၊ တည်သီးပြင်-အမက)တို့၏ မွေးသမိခင်၊ မောင်အောင်ထက်ပိုင်၊ မအိဒါလီအောင်တို့၏အဘွားသည် ၃၀- ၁-၂၀၁၆ (စနေနေ့) ညနေ ၄း၄၀ နာရီတွင် သဲကုန်းမြို့၊ ရပ်ကွက်(၂)၊ ရုပ်ရှင်ရုံလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၂- ၂၀၁၆(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် သဲကုန်းမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးစိုးသူ (၆၆)နှစ်

**ဦးစီးအရာရှိ(ငြိမ်း)**

**5th batch သမဝါယမဦးစီးဌာန**

**(ဟင်္သာတ/ကျိုက်လတ်)**

ဟင်္သာတမြို့နေ (ဦးချစ်လှ-ဒေါ်စောကြည်)တို့၏သား၊ ကျိုက်လတ်မြို့နေ (ဦးသိန်းမောင်-ဒေါ်သိန်းရှင်)တို့၏ သားသမက်၊ ဒေါ်တင်အေး၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ကိုကိုလွင်၏ဖခင် ဦးစိုးသူသည် ၃-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၉-၂-၂၀၁၆(အင်္ဂါနေ့)တွင် အမှတ် (၃၀/ ၁၄၆)၊ မြသီတာလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး

**ဦးခင်မောင်အေး(မိုးကုတ်)**

**အသက်(၇၁)နှစ်**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးခင်-ဒေါ်ကျော့မေ)တို့၏သားထွေး၊ မြို့မရပ်နေ (ဦးကျော်ကျော်-ဒေါ်ခင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးဗိုလ်သောင်း-(ဒေါ်မြကြည်)၊ မိုးကုတ်မြို့၊ မြို့မရပ်နေ (ဦးကိုကြီး)-ဒေါ်မြင့်မြင့်၊ ဒေါက်တာဦးကိုကို-ဒေါ်မော်လီ (UK) ဦးတင်မောင်အေး၊ ဒေါက်တာရဲထွဋ်စိုး-ဒေါက်တာရီရီဝင်း (Australia)၊ (ဦးစိန်ဝင်း)တို့၏ အစ်ကို၊ တူ/တူမများ၏ ချစ်လှစွာသော ဦးလေးသည် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးငွေဝင်း (၅၆)နှစ်

**Managing Director**
**(Glaxy power Group)**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ ခြံအမှတ်(၇၅)နေ (ဦးနာဂလိန်)-ဒေါ်တင်ကြည်တို့၏သား၊ ဦးစံဝင်း-ဒေါ်ကြည်ခင်တို့၏သားသမက်၊ ဦးခင်မောင်ဝင်း-ဒေါ်သင်းသင်းဆွေ၊ ဦးခင်မောင်အေး-ဒေါ်သီရိတို့၏ အစ်ကို၊ ဦးသက်ဖြိုးအောင်-ဒေါ်သဥ္ဇာဦး၊ ဦးအောင်မိုးဟိန်း - ဒေါ်သဒ္ဒါဖြူ ဦးအောင်မျိုးဟိန်း-ဒေါ်မိုးဂျူလိုင်၊ မောင်သူရိန်ဖြိုးဟိန်းတို့၏ဖခင်၊ မောင်ရန်နောင်ဝင်း၊ မနှင်းအိစံဝင်း၊ မဇေကရီစံဝင်း၊ မခိုင်သဥ္ဇာစံဝင်း၊ မောင်ထက်ဝေယံ၊ မောင်မင်းသန့်၊ မနှင်းကေသရီစံဝင်းတို့၏ဦးလေး၊ မောင်ဘုန်းမြတ်စံ၊ မသွန်းရတီမိုး၊ မောင်သော်စစ်အောင်တို့၏အဘိုး၊ ဒေါ်ခင်ညိုဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၂-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် အထက်ပါဒေါ်ခင်ညိုဝင်း၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု


ရွှေတိဂုံဘုရားတွင် ဆီမီးပူဇော်နေသည့် အလှမယ် အန်နီရာဂါစီယာကို မြင်တွေ့ရစဉ်။

# ပရဟိတလုပ်ငန်းများဆောင်ရွက်ရန် ဒိုမီနီကန်ရီပတ်ဘလစ်အလှမယ် အန်နီရာဂါစီယာ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

Miss Grand International 2015 ဆုရှင် Anea Garcia (အန်နီရာဂါစီယာ)သည် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပရဟိတဂေဟာများသို့ သွားရောက်လေ့လာရန် ချစ်ကြည်ရေးခရီးအဖြစ် ဖေဖော်ဝါရီ ၃ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း Miss Grand Myanmar အဖွဲ့အစည်းမှ သိရသည်။

"အဓိကက သူတို့က မြန်မာအလှမယ်လေးတွေကို ပိုပြီး လူတွေသိသွားဖို့အတွက် မြှင့်တင်ပေးဖို့ လာတာပါ။ ပြီးတော့ ကျွန်မတို့ အလှူလုပ်မယ့်နေရာတွေကို သူတို့ လိုက်လေ့လာမယ်။ သူနဲ့အတူ Miss Grand Myanmar အလှမယ် စံထိပ်ထားလင်းလိုက်ပါပြီး ပရဟိတလုပ်ငန်းတွေကို အတူဆောင်ရွက်သွားမှာပါ" ဟု Miss Grand Myanmar အဖွဲ့အစည်းမှ တာဝန်ခံ မလှနုထွန်းက ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ✿



# ရေနည်းကာလရောက်ပြီဖြစ်၍ ချင်းတွင်းတံတား (မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

**မုံရွာ ဖေဖော်ဝါရီ ၄**

ရေနည်းကာလရောက်လာပြီဖြစ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(အထက်မြန်မာပြည်)ရုံးခွဲက ဖေဖော်ဝါရီ ၁ ရက်မှစ၍ ချင်းတွင်းတံတား(မုံရွာ)အောက်မှ ဖြတ်သန်းမောင်းနှင်ကြသည့် ရေယာဉ်များ ဘေးကင်းစွာခုတ်မောင်းနိုင်ရန် ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ယင်းဌာန၏ မန္တလေးရုံးမှ သိရသည်။

"ချင်းတွင်းမြစ်အတွင်း ချင်းတွင်းတံတား(မုံရွာ)အောက်ကနေ ဖြတ်သန်းမောင်းနှင်ကြတဲ့ ရေယာဉ်တွေအတွက် ဘေးကင်းအောင် နှစ်တိုင်း သတင်းထုတ်ပြန်ပေးပါတယ်။ ဇန်နဝါရီလလောက်ကနေစပြီး မြစ်ရေနည်းချိန်ရောက်လာပြီဖြစ်တဲ့အတွက် အရင်ရေလမ်းကြောင်း အစုန်၊ အဆန်လမ်းတွေအတိုင်းမဟုတ်တော့ဘူး"ဟု အထက်မြန်မာပြည်ရုံးခွဲ (ရေလမ်းညွှန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်က ပြောသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

ယနေ့ မာတိကာ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ
အချုပ်ပို - ၁

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများကို ဖေဖော်ဝါရီလကုန်အထိ အစုရှယ်ယာရောင်းချပေးမည်
စာမျက်နှာ - ၁၀

ပြည်ပခရီးသွားများအနေဖြင့် သမိုင်းဝင်ရှေးဟောင်းလက်ရာ အဆောက်အအုံများအပြင် မြို့ပေါ်ဈေးများအတွင်း လေ့လာမှု အလေးပေးလာ
စာမျက်နှာ - ၁၁



# ဂျပန်နိုင်ငံ Sapporo Maruyama Zoo မှ ပေးပို့ခဲ့သည့် ဖလန်မင်ဂိုငှက်များ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ယနေ့နံနက်ပိုင်း၌ နေပြည်တော် ရေဆင်းတိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ သွားရောက်၍ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Sapporo Maruyama Zoo တို့၏ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် တိရစ္ဆာန်များ လဲလှယ်မည့်အစီအစဉ်အရ ပထမအသုတ်အဖြစ် ရောက်ရှိလာသည့် ဖလန်မင်ဂိုငှက်အကောင် ၂၀ ရောက်ရှိမှုအခြေအနေနှင့် ငှက်များထားရှိရန် ပြကွက်နေရာ ပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဖလန်မင်ဂိုငှက်ပြကွက်နေရာအား ယင်းငှက်၏မူရင်းဒေသဂေဟစနစ်နှင့် အနီးစပ်ဆုံးတူညီသည့် အခြေအနေများ ဖန်တီးပြင်ဆင်ဆောင်ရွက်ရန်၊ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)အတွင်း တိရစ္ဆာန်များ၏ ပြကွက်နေရာများကို အဆင့်မီပြသနိုင်ရေး မွမ်းမံပြင်ဆင်ဆောင်ရွက်ရန်၊ တိရစ္ဆာန်များအား အစားအစာကျွေးမွေးရာ၌ စိတ်ချလုံခြုံမှုရှိစေရေး စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✱




themirror.npt@gmail.com
www.facebook.com/themirrordaily

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသား စိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်၊ သက္ကရာဇ်တိုင်း သိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်း ထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတယ်။ အဲဒီကာလနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်အစိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီး တစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်းအရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံ မတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်၊ ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်နှစ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်းသိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလ အတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅)ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံ သဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်း အပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲ အုပ်ချုပ်ရေး ဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေးပေါ်လာတယ်။ ဒီ ၉၁ ဌာန အုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေး အတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေး ပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေး ကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှနိုင်ငံ ပေါ်ပေါက်လာခြင်း ဖြစ်တယ်။ ဆိုရှယ်လစ်ရုရှနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှု အပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်းစစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရဂ်ျခေါ် ကိုယ်ပိုင် အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၀ နောက်ပိုင်းဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီး လေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့အခြေအနေကို တွေ့ရတယ်။ ဒါကြောင့်နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံး ဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံ အကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန် ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်း လေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

**စာမျက်နှာ ၂ သို့ »»**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၉,၁၉၈.၂၅၀ | | | | | | | | | ၄၉,၁၉၈.၂၅၀ |
| | ပေါင်း | | | | ၄၉,၁၉၈.၂၅၀ | | | | | | | | | ၄၉,၁၉၈.၂၅၀ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၂,၁၁၇.၃၂၃ | | | ၂,၃၃၅.၀၀၀ | | | | | ၁၄,၄၅၂.၃၂၃ |
| | ပေါင်း | | ၁၂,၁၁၇.၃၂၃ | | | ၂,၃၃၅.၀၀၀ | | | | | ၁၄,၄၅၂.၃၂၃ |

စာမျက်နှာ ၃ သို့

»» စာမျက်နှာ ၁ မှ

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့လိုအပ်တယ်။ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအားစုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေးခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား'** သို့မဟုတ် **'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး **'မှား'** သို့မဟုတ် **'မှန်'** ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က)၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု**ကို အဖြေစာအုပ်တွင်ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃)ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ)မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ)မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ်ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်
၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်းပို့ချချက်ကိုရပ်နားလိုက်ပါတယ်။

**ဒေါက်တာမာဂရက်ဝေါင်း**
**ပါမောက္ခ(ဌာနမှူး)**
**သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်**

စာမျက်နှာ ၃ မှ

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၁၃,၈၉၃,၂၅၅ | | | ၁၂၂,၀၂၈,၉၀၀ | | ၇,၀၁၀,၃၀၀ | | | ၃၄၂,၉၃၂,၄၅၅ |
| ၂ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၅၃၁,၀၉၉,၄၄၁ | | | ၃၄,၅၉၆,၇၉၀ | | | | | ၅၆၅,၆၉၆,၂၃၁ |
| ၃ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၁၉,၆၆၇,၀၅၂ | | | ၂၀,၆၃၈,၇၂၀ | | | | | ၂၄၀,၃၀၅,၇၇၂ |
| | ပေါင်း | | ၉၆၄,၆၅၉,၇၄၈ | | | ၁၇၇,၂၆၄,၄၁၀ | | ၇,၀၁၀,၃၀၀ | | | ၁,၁၄၈,၉၃၄,၄၅၈ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅,၇၈၁ | | ၁,၁၁၈,၈၇၇ | | | | | | | | | ၁,၁၂၄,၆၅၈ |
| | ပေါင်း | | ၅,၇၈၁ | | ၁,၁၁၈,၈၇၇ | | | | | | | | | ၁,၁၂၄,၆၅၈ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၁၁၂,၀၀၀ | | | ၄၁,၅၀၀ | | | | | ၁,၁၅၃,၅၀၀ |
| | ပေါင်း | | ၁,၁၁၂,၀၀၀ | | | ၄၁,၅၀၀ | | | | | ၁,၁၅၃,၅၀၀ |

နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၈,၅၀၅ | | | | | | | | | ၈,၅၀၅ |
| | ပေါင်း | | | | ၈,၅၀၅ | | | | | | | | | ၈,၅၀၅ |

နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၉၆,၇၄၀ | | ၈၀၀,၀၀၀ | ၈,၇၆၃,၇၂၀ | | | | | ၁၀,၃၆၀,၄၆၀ |
| | ပေါင်း | | ၇၉၆,၇၄၀ | | ၈၀၀,၀၀၀ | ၈,၇၆၃,၇၂၀ | | | | | ၁၀,၃၆၀,၄၆၀ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၄၉၂,၄၁၀ | | ၂၈,၀၃၉,၁၆၀ | | ၁၀,၆၆၆,၂၀၄ | ၂၃၃,၆၅၀ | | | | | | ၃၉,၄၃၁,၄၂၄ |
| | ပေါင်း | | ၄၉၂,၄၁၀ | | ၂၈,၀၃၉,၁၆၀ | | ၁၀,၆၆၆,၂၀၄ | ၂၃၃,၆၅၀ | | | | | | ၃၉,၄၃၁,၄၂၄ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၅,၃၅၀,၄၃၉ | | ၁၀,၆၆၆,၂၀၄ | ၃,၄၀၇,၀၀၀ | | | | | ၃၉,၄၂၃,၆၄၃ |
| | ပေါင်း | | ၂၅,၃၅၀,၄၃၉ | | ၁၀,၆၆၆,၂၀၄ | ၃,၄၀၇,၀၀၀ | | | | | ၃၉,၄၂၃,၆၄၃ |

စာမျက်နှာ ၅ သို့

## Dachin Architecture Development Construction Co.,Ltd

**အမှတ်(၄၇)၊ ဗိုလ်ဉာဏလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၁-၆၆၅၉၃၄၊ ၀၉-၇၉၆၂၅၇၆၃၃၊ Email-dachinhr@gmail.com**

| | |
|---|---|
| 1.Senior Site Engineer(Civil) | Male(1)Post |
| 2.Junior Site Engineer(Civil) | Male(1)Post |
| 3.Site Survey Helper(Any Graduate) | Male(1)Post |
| 4.Office Staff(Any Graduate) | Male/Female(1)Post |

အမှတ်စဉ်(၁)အတွက် B.E Civil ဘွဲ့ရဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး လုပ်သက်(၅)နှစ်အထက် ရှိရမည်။ အသက်၃၅နှစ်မှ ၅၀နှစ်အတွင်း ဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက် B.E Civil or AGTI Civil ဘွဲ့ရဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး လုပ်သက်(၂)နှစ်အထက်ရှိရမည်။ အသက်၂၅နှစ်မှ ၃၀နှစ်အတွင်း ဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် Any Graduate ဘွဲ့ရဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး လုပ်သက်(၃)နှစ်အထက်ရှိရမည်။ အသက် ၃၅ နှစ်မှ ၅၀ နှစ်အတွင်း ဖြစ်ရမည်။

အမှတ်စဉ်(၁)(၂)(၃)အတွက် Siteထဲတွင် နေနိုင်ရမည်။ လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။

အမှတ်စဉ်(၄)အတွက် Any Graduate ဘွဲ့ရဖြစ်ရမည်။ စာစီစာရိုက်ကျွမ်းကျင်ရမည်။ ရုံးလုပ်ငန်းပိုင်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ ရိုးသားကြိုးစား၍ အလုပ်ပေါ် စိတ်ရှည်သည်းခံနိုင်ရမည်။

စိတ်ဝင်စားသူများအနေနှင့် စာရွက်စာတမ်းအပြည့်အစုံနှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ Emailမှဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ (၁)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

## N-Car Company မှ

## အောက်ပါဝန်ထမ်းများအလိုရှိသည်

1. Sales and Marketing (ကျား/မ) (၅)ဦး

2.ကားစက်ပြင်ကျွမ်းကျင်(ကိုရီးယားကား) ကျား (၅)ဦး

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**ဖုန်း-၀၉-၄၂၂၅၁၇၅၆၂၊ ၀၉-၉၇၇၉၀၅၂၁၅**

## ဝန်ထမ်းအလိုရှိသည်

## Top Food Manufacturing Co.,Ltd

| | | |
|---|---|---|
| Position | : | Accountant |
| Department | : | Finance Department |
| Jop Specification | : | လုပ်သက် အနည်းဆုံး(၂)နှစ်ရှိရမည်။ Microsoft Office, Excelကျွမ်းကျင်ရမည်။ Accounting နှင့်ပတ်သက်သော Diploma ရရှိပါက ပိုကောင်းသည်။ |
| Job Qualification | : | B.Com/B.Econ(Eco)/B.Econ(Stats) (သို့) B.A(Eco) ဘွဲ့ရရှိပြီး၊ LCCI LEVEL(II, III) ဖြေဆိုအောင်မြင်ပြီးသူ ဖြစ်ရမည်။ |

**လိပ်စာ-၂၇(ခ)၊ ဒီပဲရင်းဝန်ထောက်ဦးမြလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။**
**Ph:685259, 685680, 09-73057468**

## ဆပ်ပြာရည်ဖြန့်ဖြူးရန် ဝန်ထမ်း(အမြန်)အလိုရှိသည်

**Marketing (၃)ဦး**
လုပ်သက်(၁၀)နှစ်ဝန်းကျင်ရှိရမည်။
လစာ(၃သိန်းမှ ၅သိန်းကြား)+%
**ရောင်း/မောင်း (၃)ဦး**
လုပ်သက်(၅နှစ်)ဝန်းကျင်ရှိရမည်။
လစာ(၁.၅ သိန်းမှ ၂ သိန်းကြား)+%
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၃၀၀၀၁ ၀၉-၄၂၀၃၀၀၀၃၊ ၀၉-၄၂၀၃၀၀၀၅**

## ဆေးအရောင်းဝန်ထမ်းအမြန်အလိုရှိသည်

၁။ ဆေးအရောင်း (၄)ဦး
လုပ်သက်(၂)နှစ်အထက်(Computer) အဆောင်နေနိုင်သူဦးစားပေးမည်။

**ရွှေပုပ္ပါးအထူးကုဆေးခန်း၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ဆရာစံလမ်း၊ ရန်ကင်းဈေးအနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-5133236**

## ဝန်ထမ်းအလိုရှိသည်

ကြော်ငြာကမ်း - ကျား(၅)ဦး
* အသက်(၁၈)နှစ်အောက်၊
* နယ်လူဦးစားပေးမည်၊

**ဒဏ္ဍာရီ**
အထူးဆံပင်ဖြောင့်ဆိုင်

Ph-09-261111550

ရွှေဂုံတိုင်ဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး) ဒဂုံပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂(စက်မှု)၊ မြေကွက်အမှတ်(၁၂၄/က)၊ မြေကွက်တည်နေရာအမှတ်-၁၂၄(က)၊ စက်မှု(၈)လမ်း၊ စက်မှုဒေသ၊ ရွှေပြည်သာမြို့နယ်၊ ဦးစိုးအောင်[၁၂/အလန(နိုင်)၀၃၅၇၈၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးအောင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဝေါင်ချောင်တင်(ခ) ဒေါ်တင်တင်မြင့်[၁၂/အလန(နိုင်)၀၃၅၇၈၁]မှ ခင်ပွန်းသည် သေစာရင်းမိတ္တူ၊ ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မောင်းအမြန်အလိုရှိသည် (စမိုင်)

- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဖြစ်ရမည်။

**ဆက်သွယ်ရန် ဖုန်းနံပါတ်**
**09-420315664**

## အမည်ပြောင်း

ဗဟန်းမြို့နယ်နေ ဦးအောင်ဇော်မန်းမောင်၏သမီး မထက်မှူးကြယ်စင်မောင်အား ယနေ့မှစ၍ မထူးမြတ်နိုးမန်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မထူးမြတ်နိုးမန်းမောင်**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

မောင်ကောင်ဆာရ်း[၁/ပတအ(နိုင်)၀၅၉၂၁၁]၏ဖခင် ဦးအစဉ်မှိထိန်နှင့် ဦးဂျိမ်ရာမ်[၁/ပတအ(နိုင်)၀၃၃၉၈၇]သည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

မမြတ်နှင်းငယ်[၅/ကလတ(နိုင်)၀၉၀၁၉၈]၏ ဖခင် ဦးမြင့်ဆွေနှင့် ဦးတင်ထူး[၅/ကလတ(နိုင်)၀၁၈၂၉၀]သည် တစ်ဦးတည်းဖြစ်ပါသည်။

## စာအုပ်စာပေလူ့မိတ်ဆွေ






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## “(၅၉)ကြိမ်မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄)(ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း) (၁)နှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း”

ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံများ(မြောက်ဥက္ကလာပ၊ မန္တလေး၊ မုံရွာ၊ တောင်ကြီး၊ မကွေး၊ ပုသိမ်၊ လှိုင်ကော်၊ ပြည်၊ မော်လမြိုင်၊ မြိတ်၊ မြစ်ကြီးနား)တွင် ၂၀၁၅-၂၀၁၆ခုနှစ်၊ ပညာသင်နှစ်အတွက် ၂-၅-၂၀၁၆ ရက်တွင် ဖွင့်လှစ်မည့် (၅၉)ကြိမ်မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄)/ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း(Grade-II) (၁)နှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ [ဓာတုဗေဒဘာသာရပ်၊ သင်္ချာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်တစ်ခုစီတွင် အနည်းဆုံး(၅၀)မှတ်ဖြင့် အောင်မြင်သူများသာ]

(၃) လျှောက်လွှာပိတ်သည့် ၂၉-၂-၂၀၁၆ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်အောက် ဖြစ်ရမည်။

(၄) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၅) အိမ်ထောင်မရှိသူ(အပျို/လူပျို) ဖြစ်ရမည်။

(၆) ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိရ၊ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်။

(၇) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ မိမိအစီအစဉ်ဖြင့် မိမိတက်ရောက်နိုင်သူဖြစ်ရမည်။

(၈) သင်တန်းအောင်မြင်ပြီးဆုံးပါက ဓာတ်ခွဲကျွမ်းကျင်-၄ (လစာနှုန်း၊ ၁၅၀၀၀၀ိ-၂၀၀ိ-၁၆၀၀၀၀ိ)နေရာများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ခံရပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၉) သင်တန်းတက်ရောက်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီး ဝန်ထမ်းအဖြစ်ခန့်အပ်ပါက အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှ အခါအားလျော်စွာသတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ ၅၀၀၀၀ိ/-(ကျပ်ငါးသောင်းတိတိ)ပေးလျော်မည်ဖြစ်ကြောင်း ကတိဝန်ခံချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၂။ **လျှောက်လွှာပေးပို့ရန်။**

(၁) လျှောက်လွှာများကို (မည်သည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးတွင်မဆို)ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး မိမိ၏အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၉-၂-၂၀၁၆ ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

**(နေပြည်တော်၊ ကုသရေးဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ)**

(၂) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ် **(မိတ္တူ) (၁)စောင်**

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း **(မူရင်း)(၁)စောင်**

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ) (၁)စောင်**

၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ **(မူရင်း) (၁)စောင်**

၅။ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်(သို့)ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး) ထောက်ခံစာ **(မူရင်း) (၁)စောင်**

၆။ ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ **(မူရင်း) (၁)စောင်**

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက)ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ **(မူရင်း) (၁)စောင်**

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီး ဓာတ်ပုံနှစ်ပုံကို ပူးတွဲပေးပို့ရမည်။ (၆လအတွင်းရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်၊ အမည်၊ နေရပ်များ ရေးရမည်။)

**(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏ အမည်၊ လက်မှတ်ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်း ပါရှိရမည်။)**

၃။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင်တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့်သင်တန်းတည်ရာ ပြည်နယ်/ တိုင်းဒေသကြီး၊ ဆေးရုံကြီးသို့ပေးအပ်နိုင်ရမည်။ **(သင်တန်းတက်စဉ်ကာလအတွင်း မည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)**

၄။ အောက်ပါအချက်များနှင့်ငြိစွန်းသည့် လျှောက်လွှာကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၁) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ

(၂) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ

(၃) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးသို့လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့လိပ်မူ၍ တိုက်ရိုက်ပို့သည့်လျှောက်လွှာများ

(၄) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပို့သည့် လျှောက်လွှာများ

၅။ သင်တန်းတက်ခွင့်ရ အမည်စာရင်းနှင့် သင်တန်းနေရာထုတ်ပြန်သတ်မှတ်ကြေညာခြင်း

၂၀၁၆ခုနှစ်၊ ဧပြီလ ၄ ရက်တွင် အောက်ပါဌာနများ၌ ကြော်ငြာထားပါသည်။

(၁) ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။

(၂) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးများ။

(၃) တက်ခွင့်ရသည့် သက်ဆိုင်ရာ သင်တန်းများတည်ရာ၊ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံကြီးများ။

**[မှတ်ချက်။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး(၂)ပတ်ထက်နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။]**

၆။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံးများ၊

(၂) ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဖုန်း-၀၁-၃၇၁၉၅၇၊ ၀၁-၃၇၁၉၂၅)

**ကုသရေးဦးစီးဌာန**

## အထူးလှိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၆)ဖြင့် **သုခမ္မသိင်္ဂီ ဒေါ်အေးအေးမာ**(ဒါရိုက်တာ) သူရိယစန္ဒာဝင်း ကုမ္ပဏီလီမိတက်အား **“သီဟသုဓမ္မသိင်္ဂီဘွဲ့”** တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် ဘာသာသာသနာအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်**
**ပဓာန နာယက ဆရာတော်နှင့် တပည့်**
**ဒါယကာ အကျိုးဆောင်များ**

HEALTHY LIFE
ကျန်းမာလှပလူမှုဘဝဂျာနယ်
ထွက်ပြီ
☎ ၀၉ ၇၈ ၅၁၈၅၆၇၆၊ ၀၉ ၅၀၈၀၀၆၅၊ ၀၉ ၅၁၃၀၉၆၆
♦ သားရှင်နှင့် သမီးရှင်တို့အတွက် ♦ အရွယ်အလိုက် မျိုးဆက်ပွား ကျန်းမာရေး ပညာပေးခြင်း ♦ အအေးမိခြင်းနှင့် တုပ်ကွေး ♦ တိဘက်ဘုန်းတော်ကြီးကို ကမ္ဘာ့အပျော်ဆုံးလူသားဟု သတ်မှတ် ♦ ပါမောက္ခဦးအေးမွန် (ကြီးထွားမြန် ရင်သားအကျိတ်) ♦ အမြှာ၆ခုကျော်ရှိသည့်ရွာ ♦ သားမွေးမှာလား/သမီးမွေးမှာလား ♦ မြန်မာအများစု၏ သွားဘက်ဆိုင်ရာအယူအဆများ ♦ ဇီကာဗိုင်းရပ်စ်သတိပြု ♦ ဒေါက်တာဦးဇော်စိန်လွင်(စိတ်ကစဉ့်ကလျားရောဂါ) ♦ အသည်းအဆီဖုံးခြင်း ♦ ညအိပ်မပျော်လျှင် ♦ ဦးခေါင်းထက်က မွေးရာပါအမှတ်လုံးပါ ချင်းမလေး ♦ အလုပ်အောင်မြင်စေရန် ♦ နဖူးပြင် အရေးကြောင်းကင်းအောင် ♦ မီးဖွားထားတို့အတွက် လေ့ကျင့်ခန်း ♦ ခန္ဓာကိုယ်ပုံစံအလိုက် စားသင့်သည့်အစာ ♦ HIVထိုးဆေး ပေါ်တော့မည် ♦ နိုင်သဇင်ယုဝါ၏ ကျန်းမာလှပလူမှုဘဝ ♦ ပွင့်နုဒီမောင် ဇနီးမောင်နှံ ကျန်းမာရေးစသည့် ဆောင်းပါးကောင်းများဖြင့်
Healthy Life ဂျာနယ် အမှတ်(၁၈)ကို ၅-၂-၂၀၁၆ ရက်နေ့(သောကြာနေ့)၌ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
Healthy Life ဂျာနယ်တွင်တာဝန်ထမ်းဆောင်ရန် Marketing ဝန်ထမ်းအလိုရှိသည်။ လစာနှင့် ခံစားခွင့်ပေးမည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L-၁၈-၆၁၊ မြေကွက်အမှတ် (၁၇၄၉+၁၇၅၀)၊ မြေကွက်တည်နေရာအမှတ် (၁၇၄၉+၁၇၅၀)၊ L-၁၈-၆၁ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ [ဒေါ်စမ်းစမ်းအေး(ခ)ဒေါ်စန်းစန်းအေး(ခ)ခတီဂျာဘီဘီ] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် [ဒေါ်စမ်းစမ်းအေး(ခ) ဒေါ်စန်းစန်းအေး(ခ)ခတီဂျာဘီဘီ] [၁၂/ပဘတ(နိုင်)၀၂၄၃၁၉]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၄၁၄/၉-၅-၁၃)ရသူ ဒေါ်ခင်ခင်မြင့်[၁/မညန(နိုင်)၀၇၆၄၉၅]မှ ၂၀၁၃ခုနှစ်၊ အရောင်းမြေပုံကူးမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါသဖြင့် ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်ဟု ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သစ္စာမေတ္တာ တိုင်းရင်းဆေးကုခန်း
လိပ်ခေါင်းဝေဒနာရှင်များအတွက် သတင်းကောင်း
သစ္စာမေတ္တာ ဆေးကုခန်းမှ နှစ်ရှည်လများခံစားနေရတဲ့လိပ်ခေါင်းရောဂါကို ဆရာကြီးဦးတင်ရွှေကိုယ်တိုင်ကုသပေးနေပါပြီ။ဆေးထည့်ရာတွင် -
✦ ပူခြင်း၊စပ်ခြင်း၊ဆေးဖြင့်စားဆေးတင်ခြင်း၊လှီးဖြတ်ခြင်း၊အနာဖြစ်ခြင်းလုံးဝမရှိ။
✦ ခရီးသွားမပျက်၊ အလုပ်အကိုင်မပျက် နေရာ၊ ဒေသမရွေး ဆေးလိမ်း၊ ဆေးသောက်ရုံဖြင့် သင့်လိပ်ခေါင်းရောဂါပိန်ချုပ်ပြီး(ကြွေကျခြင်း၊ပုံထွက်ခြင်း လုံးဝမရှိ)မူလအင်္ဂါအတိုင်း ပြန်ဖြစ်စေရမည်။
(ဝရင်ဂျီနာ၊ နှာခေါင်းထိပ်ခတ်နာ၊ ရင်သားအကျိတ်၊ အဖုအကျိတ်၊ ဆီးရောဂါ၊ အနာပေါက်၊ အမျိုးသမီး မီးယပ်ကွက်ရောဂါ၊ သားအိမ်ရောဂါ၊ အစာအိမ်ရောဂါ)
အမှတ်(၃၄)၊ ရန်ပြေ (၁၈)လမ်းထိပ်၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်။
၀၉-၈၆၂၂၇၅၀၊၀၉-၂၅၃၀၈၃၅၇၀၊၀၉-၇၃၁၅၀၂၀၉၊၀၁-၉၁၉၀၁၀၈

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်-၅၀၃၊ တိုက်(C)၊ တတိယထပ်၊ အလျား(၄၈)ပေ၊ အနံ(၁၄) ပေ ခြေရင်းခန်းပိုင်ဆိုင်သူ ဒေါ်မိမိနွယ် [ ၁၂/အစန(နိုင်)၀၁၁၃၇၃] အမှတ်-၈၄/B၊ ကာယသုခ(၃)လမ်း၊ ပေါက်တော၊ အင်းစိန်းမြို့နယ်ထံမှ ဦးဌေးခိုင် [၁၂/အစန(နိုင်)၁၃၄၀၉၁] အမှတ်-၃၈၉၊ အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်နေသူမှ ဝယ်ယူမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ စာရွက်စာတမ်းအပြည့်အစုံနှင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်- ဦးဌေးခိုင် [၁၂/အစန(နိုင်)၁၃၄၀၉၁]
ဖုန်း-၀၉ ၃၃၈၈၇၀၅၅

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂Z⁴၊ မြေကွက်အမှတ် V Class ၂၆၁၊ မြေကွက်တည်နေရာအမှတ်-၇၆၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ဦးတေဇာထွန်း(ခ)မောင်မောင်၊ ဦးသက်လင်းထွန်း(ခ)ညီညီ (အရွယ်မရောက်သေးသူများ)အတွက် အုပ်ထိန်းသူ မတင်မျိုးနွယ် အမည်ပေါက် နှစ်(၃၀)ဂရန် (သက်ကုန်)မြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဦးတေဇာထွန်း(ခ)မောင်မောင် ကွယ်လွန်သဖြင့် ၎င်းအစုကို ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၅၄၉၂/၂၀၁၅)အရ အမွေဆက်ခံခွင့်ရှိသော ၎င်း၏ဇနီး ဒေါ်ခင်သူဇာမင်း [၁၂/ကတတ(နိုင်)၀၀၂၈၃၉]မှ ကျန်အမည်ပေါက် ဦးသက်လင်းထွန်း [၁၂/လမတ(နိုင်)၀၀၆၀၄၀]နှင့်အတူ ယင်းမြေ၏ နှစ်(၃၀)ဂရန်မိတ္တူမှန်တင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အထူးလှိုက်လှဲစွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

အိန္ဒိယနိုင်ငံ **TRINITY WORLD UNIVERSITY** မှ ဘာသာ သာသနာအတွက် ထူးချွန်အောင်မြင်စွာ သာသနာပြုနိုင်ခဲ့ခြင်းအား ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံရသည့် **ရွှေကျွန်းကုန်းဆရာတော် P.h D ဒေါက်တာ အရှင်ပညိန္ဒာဓိဝံသ** အား အထူးလှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

ရွှေကျွန်းကုန်းဆရာတော်ကြီးသည် ဘာသာ သာသနာအကျိုး ဆတက်တိုး၍ ထူးချွန်အောင်မြင်စွာ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

တပည့်ဒကာရင်းများ
ဦးခင်မောင်ကြည်+ဇနီး သုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြင်မြင့်နှင့် သားများ
ကိုပြည့်ဖြိုးမောင် (B-PA)+မသိမ့်သိမ့်အောင် (B.sc Physics)
ကိုအောင်ဖြိုးမောင် (B.A History)၊ ကိုကောင်းဖြိုးမောင် (B-Act)၊ မြေး ရှိုင်းခန့်ထည်(ခ)သားချစ်။
ခြံအမှတ် (SH 3A/B)၊ မြကန်သာအိမ်ရာ၊ ယုဇနလမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
"ရွှေဆိုင်နှင့်ပွဲရုံလုပ်ငန်း" တရုတ်တန်းလမ်း၊ စံရွှေးတန်းရပ်ကွက်၊ သုံးဆယ်မြို့။

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) ဖြင့် **လူမှုထူးချွန် (ဒုတိယဆင့်) ဂီတစာဆို ဟသ်ာတမြင့်ဌေ** အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် **"အလင်္ကာကျော်စွာ"** ဘွဲ့ကို ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက်၊ အစ်ကို-ဟသ်ာတအသင်း၊ ဥက္ကဋ္ဌ **အလင်္ကာကျော်စွာ ဂီတစာဆို ဟသ်ာတမြင့်ဌေ** မိသားစုနှင့်အတူ လှိုက်လှဲ ဝမ်းမြောက် ဂုဏ်ယူလျက် ရှိပါသည်။

ဦးထွန်းလှိုင်+ဒေါ်လှိုင်တင် (ရွှေယမင်းမိသားစု)
ဦးစိုးမြင့်အောင်+ဒေါ်သန်းသန်းစောမိသားစု


CREATION STRENGTH Co., Ltd. မှ ကြီးမှူးကျင်းပသော
သင့်မိသားစုနောင်ရေးလုံခြုံစိတ်ချနိုင်စေရန်အတွက် အံ့ဩဖွယ်ရာကောင်းသောအရစ်ကျငွေချေစနစ်ဖြင့်
အဆင့်မြင့် ကွန်ဒို တိုက်ခန်းများ၊ ကားများ ပိုင်ဆိုင်နိုင်ရန်အတွက်လက်လွတ်မခံသင့်သည့်ပြပွဲကြီး
THE MOST AMAZING HOUSING, LIFESTYLE & CAR SHOW
နေ့ရက်- ၄.၂.၂၀၁၆ မှ ၇.၂.၂၀၁၆ အထိ အချိန်- နံနက် (၉း၀၀) နာရီမှ ည (၆း၀၀) နာရီထိ နေရာ- တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
၇-၄-၂၀၁၆ ရက်နေ့မှ ၁၀-၄-၂၀၁၆ ရက်နေ့အထိ တပ်မတော်ခန်းမတွင်ကျင်းပမည့် THE BEST OF MYANMAR HOUSING, LIFESTYLE & CAR SHOW
၌ပါဝင်ပြသလိုသော ကုမ္ပဏီကြီးများဆက်သွယ်ရန် - ဖုန်း - ၀၉-၄၅၀၀၄၅၀၀၃၊ ၀၉-၄၅၀၀၅၅၈၈၈၊ ၀၉-၄၂၁၁၁၆၁၁၁


## အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးအေးမြင့်ဦး (ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်- IT Square Group)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းကျောင်းဘုန်းတော်ကြီးကျောင်းဝင်းတွင် ဖွင့်လှစ်ထားသော IT Square Group ၏ မင်းကျောင်းပညာဒါနသင်တန်းကျောင်းနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် IT Square Group ပညာဒါနသင်တန်းကျောင်း၏ အုပ်ချုပ်မှုအဖွဲ့အား ဂုဏ်သိက္ခာညှိုးနွမ်းစေရန်နှင့် အဆိုပါကျောင်းအပေါ်တွင် အခြားသူများ အထင်အမြင်လွဲမှားစေရန် Facebook စာမျက်နှာပေါ်တွင် ရေးသားဖော်ပြဖြန့်ဝေခြင်း မိမိနှင့်မသက်ဆိုင်သော IT Square Group သင်တန်းကျောင်း၏ မှတ်တမ်းဓာတ်ပုံများအား ခွင့်ပြုချက်တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ ထည့်သွင်းအသုံးချဖော်ပြခြင်းများ ပြုလုပ်ထားရှိပါသဖြင့် နောက်နောင်တွင် ထိုကဲ့သို့ လူမှုကွန်ရက်များတွင် အသုံးချခြင်း၊ ကျူးလွန်ခြင်းများမပြုလုပ်ရန် အသိပေးကြေညာပါသည်။

ဆက်လက်၍ ဖော်ပြကြေညာလုပ်ဆောင်ပါက ယင်းတို့အပေါ်တွင် တည်ဆဲပြစ်မှုတရားမမှု ဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မြင့်**
**BA., H.G.P.,R.L.,B.J.S**
**ပြည်နယ်တိုင်းတရားသူကြီး(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၀၄)**
**အမှတ်-၈၉၂ (တလွှာ၊ ညာဘက်)**
**ခ-၈လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၃၁၅၇၂၉၇**

## အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးအေးမြင့်ဦး (ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်- IT Square Group)၏ ညွှန်ကြားချက်အရ အများသိစေရန်ကြေညာပါသည်။

၂၀၀၀ ခုနှစ် စက်တင်ဘာလမှစတင်၍ ဖွင့်လှစ်ထားခဲ့သော IT Square Group ပညာဒါနကျောင်းသည် ယနေ့တိုင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ မူလဥယျာဉ်တိုက်ရှိ မင်းကျောင်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ပညာရေးလိုလားသူများအတွက် ပညာဒါနသင်တန်းများကို အစဉ်မပျက် ဖွင့်လှစ်လျက်ရှိပါသည်။ မည်သည့်နေရာတွင်မှ ကျောင်းခွဲဖွင့်လှစ်သင်ကြားခြင်း မရှိပါ။

ထို့ကြောင့် IT Square Group ၏ ပညာဒါနသင်တန်းကျောင်းနှင့်ပတ်သက်၍ ဆက်သွယ်လိုပါက ကျောင်းတည်ရှိရာ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ မင်းကျောင်းနှင့် ကျောင်းတာဝန်ခံ ဖုန်းအမှတ်(၀၉- ၄၃၀၇၁၃၁၄) သို့ ဆက်သွယ်နိုင်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မြင့် (BA., H.G.P.,R.L.,B.J.S)**
**ပြည်နယ်တိုင်းတရားသူကြီး(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၀၄)**
**အမှတ်-၈၉၂ (တလွှာ၊ ညာဘက်)**
**ခ-၈လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၃၁၅၇၂၉၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်ထွေး[၁၂/သဃက(နိုင်)၁၀၃၄၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်(၃-A-ခ)၊ မြေဧရိယာအကျယ်အဝန်း (၀. ၄၆၀)ဧက၊ စည်ပင်အခေါ်အဝေါ်အားဖြင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အိမ်အမှတ်(၂၀၄)ဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ယခုကြေညာသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်ထွေး မသိရှိဘဲ ကျွန်ုပ်၏မိတ်ဆွေအမည်ကို အသုံးပြု၍ မည်သည့်ဌာနတွင်မဆို စာတင်ထားခြင်း၊ အသနားခံစာတင်သွင်းထားခြင်း၊ ကိုယ်စားဆောင်ရွက်ထားခြင်းတို့ ပြုလုပ်ထားသည်ကို တွေ့ရှိရပါက ပြုလုပ်သူနှင့်ပတ်သက်သူများအား ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမျိုးနိုင်**
**B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၀၃)**
**အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၀၃၃၁၉၂**